
ဗုဒ္ဓဘာသာသနာပြုပုဂ္ဂိုလ်ကျော်

# အနာဂါရိက ဓမ္မပါလ



ရွှေဘိုမိမိကြီး

http://www.cherrythitsar.org

**သီဟရတနာစာပေ**

အမှတ်၁၀၀ (D)၊ အင်းယားလမ်း

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သီဟရတနာစာအုပ် - (၅၆)

- ဘာသာရေးစာစဉ် -

# ဗုဒ္ဓဘာသာသနာပြု ပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ

## ရွှေဘိုမိမိကြီး


၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၂၄၈/၂၀၀၂ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၁၅/၂၀၀၃ (၇)

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်)၊ |
| | | ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ |
| | | **သီဟရတနာစာပေ** |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးသိမ်းစိုး (ယာယီ-၇၅၇) |
| | | (သီဟရတနာစာပေ) |
| | | အမှတ် (၁၀၀ဒီ၊ အင်းလျားလမ်း။ |
| | | ကမာရွတ်မြို့နယ်။ |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်) |
| | | ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| | | ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ■ | THIHA GROUP |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၁၀၀၀ ကျပ် |


http://www.cherrythitsar.org



http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| | လူထုဒေါ်အမာ၏ အမှာ- | |
| | စကားဦး - | |
| ၁။ | အနာဂါရိကဓမ္မပါလ၏ ဇာတိဌာနေ မွေးရပ်မြေ | ၁၉ |
| ၂။ | ဓမ္မပါလ ငယ်စဉ်ကာလ ကျောင်းနေစ | ၂၄ |
| ၃။ | တောက်မည့်မီးခဲ တရဲရဲ | ၃၁ |
| ၄။ | ဒေးဗစ်မှ ဓမ္မပါလသို့ | ၄၃ |
| ၅။ | မဟာဗောဓိ အသင်းတည်ထောင်ခြင်းနှင့် ပွဲဦးထွက်ခြေလှမ်း | ၄၆ |
| ၆။ | စာရေးသူ၏ ကိုယ်တွေ့မျက်မြင်ဗုဒ္ဓဂယာ | ၅၇ |
| ၇။ | မဟာဗောဓိဂျာနယ် | ၆၁ |
| ၈။ | ဓမ္မပါလ အမေရိကန်နိုင်ငံစုံညီလာခံသို့ တက်ရောက်ခြင်း | ၇၀ |
| ၉။ | ကောင်းကျိုးများသာ ၁၈၉၃ ခုနှစ် | ၇၇ |
| ၁၀။ | မဟာဗောဓိ တန်ဆောင်းတော်အမှုကြီး | ၈၁ |
| ၁၁။ | ဓမ္မပါလသူတော်စင်နှင့် သီပေါမင်း | ၉၂ |
| ၁၂။ | ဓမ္မပါလဘက်မှ ဟိန္ဒူလူကြီးများ | ၁၀၈ |
| ၁၃။ | မိဂဒါဝုန် မူလဂန္ဓကုဋီ ဝိဟာရ | ၁၁၂ |
| ၁၄။ | ကျောင်းတော်ကြီးဖွင့်ပွဲ | ၁၁၇ |
| ၁၅။ | ဗြဟ္မစာရီ ဓမ္မပါလနှင့် ဗြဟ္မစာရီရသေကြီးဦးခန္တီ | ၁၂၈ |
| ၁၆။ | ဓမ္မပါလအရှင်၏ နေဝင်ချိန် | ၁၃၂ |
| ၁၇။ | ဓမ္မပါလအရှင်သို့ ဂုဏ်ပြုကြခြင်း | ၁၃၈ |


http://www.cherrythitsar.org

## လူထုဒေါ်အမာရဲ့ အမှာ

ရွှေဘိုဒေါ်မိမိကြီးက ကျွန်မကို သူ့စာအုပ် "အနာဂါရိက ဓမ္မပါလ" မှာ ကျွန်မက အမှာရေးပေးပါလို့ ပြောလာပါတယ်။ သူနဲ့ ကျွန်မနဲ့က ကျွန်မတို့ အိမ်ထောင်ကျစကတည်းက သိကျွမ်းခင်မင်လာကြတာပါ။ ညီအစ်မတစ်မျှ ပါပဲ။ ဦးလှနဲ့ သူ့ခင်ပွန်း ဦးဖေတင်နဲ့က ငယ်ကတည်းက ခင်လာသူတွေကိုး။ ဒါပေမယ့် သူစာရေးလာတဲ့အခါ သူ့စာအုပ်တွေက ၁၉၈၁ ခုနှစ်မှာ စာပဒေသာ ဆု၊ ၁၉၉၁ ခုနှစ်မှာ မြန်မာ့ယဉ်ကျေးမှုနဲ့ အနုပညာစာပေဆု၊ ၁၉၉၃ ခုနှစ်က မြန်မာ့ယဉ်ကျေးမှုနဲ့ အနုပညာဆိုင်ရာ အမျိုးသားစာပေဆုတွေ၊ ၁၉၉၄ ခုနှစ် မှာ စာပေဗိမာန် ပထမဆုနဲ့ ပခုက္ကူ ဦးအုန်းဖေဆုတွေ ရရှိခဲ့ဖူးပေမယ့် ကျွန်မ ကို ခုလို တစ်ခါမှ အမှာစာရေးပေးပါလို့ ဘယ်စာအုပ်မှာမှ မခိုင်းလာဖူးပါ ဘူး။ ဒီစာအုပ်ကျမှ ထူးထူးခြားခြား။

ပြီးတော့ သူရေးတဲ့စာအုပ်က "အနာဂါရိက ဓမ္မပါလ"တဲ့။ ကျွန်မက ဒီနာမည်ကို ကလေးကတည်းက ကြားဖူးနေတာပါ။ ကျွန်မအဖေက သက်သတ် လွတ် ဦးကျော်လှနဲ့ ဗျစ်စက်ရုံက ဦးဘနဲ့ စာအုပ်လဲဖတ်နေကျ။ ကျွန်မကို အဖေက စာအုပ်အပို့အယူခိုင်းတိုင်း ဒီ ၂နှစ်အိမ်ကို သွားနေကျ။ သက်သတ်လွတ်



http://www.cherrythitsar.org

ဦးကျော်လှအိမ်ရောက်ရင် အနာဂါရိက ဓမ္မပါလဆိုတဲ့ ဒီနာမည် အမြဲတွေ့နေကျ။ နိုင်ငံခြားက ဗုဒ္ဓဘာသာတစ်ယောက်ပဲလို့လည်း သိနေတယ်။ ဒီထက်တော့ ဘာမှပိုမသိပါဘူး။ ကျွန်မတို့က ငယ်ငယ်က သက်သတ်လွတ် ဦးကျော်လှကို ဗုဒ္ဓဘာသာကို အင်္ဂလိပ်လို ကိုးကွယ်တဲ့လူကြီးလို့ပဲ အောက်မေ့ထားတာလေ။ ဒေါ်မိမိကြီးက သူ့စာအုပ်က ဒီပုဂ္ဂိုလ်အကြောင်းတဲ့ ဆိုတော့ ကျွန်မက "ရှင် ဒီအကြောင်းကို ဘာ့ကြောင့်ရေးတာလဲ" လို့ မေးမိတယ်။ ဒေါ်မိမိကြီး အိန္ဒိယကို ဘုရားဖူးသွားဖူးတာကိုး။ အဲဒီမှာ အနာဂါရိက ဓမ္မပါလရဲ့ သာသနာပြုလုပ်ငန်းတွေနဲ့ ထိတွေ့လာခဲ့ရလို့ သူက ဒီပုဂ္ဂိုလ်ကို စိတ်ဝင်စားပြီး စာအုပ်တစ်အုပ်ဖြစ်အောင် ရေးတာပါ။

သူအရင်က ရေးခဲ့တဲ့စာအုပ်တွေက (၁) မင်းလက်ဝါး (၂) လေ့သင်းအတွင်းဝန် ဦးရွှေမောင်၊ (၃) ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၊ (၄) ကုန်းဘောင်ဖြူဝန်းမိုး (အလောင်းမင်းတရားကြီးအကြောင်း) ဆိုတဲ့ စာအုပ်တွေက ကျွန်မတို့တစ်ဝက်တစ်ပျက် သိထားတာတွေကို စုံစုံလင်လင် ခိုင်ခိုင်လုံလုံ ရေရေရာရာ သိလာအောင် ရေးပြသွားခဲ့ါတယ်လေ။

ဒေါ်မိမိကြီးက စာအုပ်ရေးရင် သူ့စာအုပ်ထဲပါတဲ့ အချက်အလက်တွေကို ထုထုထည်ထည် ခိုင်ခိုင်မာမာတွေဖြစ်အောင် ရှာဖွေဖော်ပြတတ်တယ်။ ခု ဒီစာအုပ်မှာတော့ ကျွန်မသူ့ကို ချီးမွမ်းမိတာတစ်ခုရှိသေးတယ်။ သူတော်စင် အနာဂါရိက ဓမ္မပါလကို ကျွန်မတို့ ရသေ့ကိုယ်တော်ကြီး ဦးခန္တီနဲ့ နှိုင်းယှဉ်ပြထားပုံကိုလေ။ ဟုတ်တာပေါ့။ ဒီပုဂ္ဂိုလ်နှစ်ဦးမှာ တူညီချက်တွေ အများကြီးရှိတာပဲဟာ။ သာသနာတွေကို ကြည်ညိုတာ၊ တစ်သက်ပန်လုံး သာသနာ့အလုပ်ကိုပဲ လုပ်ဆောင်သွားတော့တာ၊ ရွက်ဆောင်ချက်တွေ ထုထုထည်ထည် ခိုင်ခိုင်မာမာ ကျန်ရစ်တာ၊ လူတွေကို အကျိုးပြုပုံ ကြီးမာတာတွေမှာ တော်တော်တူတာပဲ။

ဒေါ်မိမိကြီး အခုလို အနာဂါရိက ဓမ္မပါလအကြောင်းကို လေးလေးစားစားနဲ့ အပင်ပန်းခံပြီး ရှာဖွေရေးသားတဲ့အတွက် သူ့ကလောင်ကို ကျေးဇူးတင်ရပါတယ်။

ကျွန်မအဖေရဲ့ မိတ်ဆွေကြီး သက်သတ်လွတ် ဦးကျော်လှကိုလည်း



http://www.cherrythitsar.org

ထူးထူးလည်လည် သတိရမိပါတယ်။ ဦးကျော်လှသာရှိရင် ဒေါ်မိမိကြီးကို သူက စာနဲ့ပေနဲ့ ရေးပြီး ချီးကျူးရင်း ဝမ်းမြောက်ကျေးဇူးတင်တဲ့အကြောင်း ပြောနေမှာပါ။ ပြီးတော့ ဒေါ်မိမိကြီး ရလိုတဲ့အချက်အလက်တွေ သူ့ဆီမှာ သွားတောင်းရင် သူစုဆောင်းထားတဲ့ စာအုပ်စာတမ်းတွေထဲက အများကြီးပေးမှာပါ။

ဒေါ်မိမိကြီးရဲ့ ကြိုးစားမှုကို သာဓုခေါ်ပါတယ်။ နောက်လည်း စာတွေ ရေးနိုင်ပါစေဦး။

*လှထုဒေါ်အမာ*

♦ ♦ ♦



http://www.cherrythitsar.org

**ကျေးဇူးစကား**

လိုအပ်သည့် စာအုပ်များ ချီးမြှင့်ကြသော၊ အိန္ဒိယနိုင်ငံ၊ နယူးဒေလီ မြို့မှ ဆရာတော် ဦးသုန္ဒရနှင့် မန္တလေးမြို့ မြင်းဝန်ကျောင်းတိုက် ရှေ့ကျောင်းဆရာ တော် ဦးသုတာလင်္ကာရအရှင်တို့အား ကျေး ဇူးတင်စကား လျှောက်ကြားအပ်ပါသည်။

**ရွှေဘိုမိမိကြီး**

# စကားဦး

နိုင်ငံတကာရှိ လူမျိုးအသီးသီးတွင် ယုံကြည်ကိုးကွယ်ရာ ဘာသာအယူဝါဒ အများအပြားရှိသော်လည်း၊ ပဓာနဘာသာရပ်ကြီး (၄)မျိုးသာ ရှိပါသည်။ ပေါ်ထွန်းရာ သက္ကရာဇ်အစဉ်အတိုင်း ဆိုရသော် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာများ ဖြစ်လေသည်။

အာရှတွင် ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံအတော်များများရှိသော်ငြား၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရဟန်းများဝတ်ရုံသော သင်္ကန်းအရောင်မှစ၍ ကိုးကွယ်ဆည်းကပ်ပုံနည်းစနစ်၊ စောင့်ထိမ်းအပ်သော သိက္ခာပုဒ်၊ သတ်မှတ်သော ကျင့်စဉ်များကား၊ အားလုံးတစ်ပြေးညီမဟုတ်။ သို့ခြားနားရခြင်းမှာ နိုင်ငံ၏ ဘာသာဝရာသီဥတုအရလည်းကောင်း၊ လူမျိုး၏ ရိုးရာဓလေ့ထုံးစံများအရလည်းကောင်း ဖြစ်ဖွယ်ရှိပါသည်။ ဗုဒ္ဓသာသနာတွင် ထေရဝါဒ ဂိုဏ်းဝင်သံဃာတော်များသည် အထူးချွန်အထက်မြက်ဆုံး ဖြစ်သည်ဟု နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြု လက်ခံထားကြကြောင်း သိရပါသည်။

သာသနာတော် သုံးရပ်ရှိရာတွင် အရင်းခံဖြစ်သော ပရိယတ္တိသာသနာအရာတွင် မြန်မာနိုင်ငံမှ ထေရ်ရဝါဒ ဂိုဏ်းဝင် သံဃာတော်များမှ

ပိဋကတ်သုံးပုံကို နှုတ်လွတ်အာဂုံဆောင်နိုင်သော တိပိဋကဓရ ရဟန်းများ၊ မြန်မာနိုင်ငံ၌ အဆက်မပြတ်ဆိုလောက်အောင် ပေါ်ထွန်းလျက်ရှိကြောင်း သည်လည်း အခြားသော ဗုဒ္ဓဘာသာဝင်နိုင်ငံများ အလယ်တွင် သတင်းပြန့်လှ ပါသည်။

သာသနာတော် စည်ပင်ထွန်းကားစေသည့် အကြောင်းအမျိုးမျိုး ရှိသည့်အနက် ဘုရားရှင်နှင့်လည်းကောင်း၊ တရားတော်နှင့်လည်းကောင်း၊ လူသားတို့အား ဆက်သွယ်ပေါင်းကူးပေးပေသော သာသနာ့ဝန်ထမ်း ရဟန်း တော်များ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူအများက ကိုးကွယ်ပူဇော်မှုဟူသော အကြောင်းနှစ်ချက်မျှဖြင့် မပြီးသေးပါ၊ မအောင်မြင်နိုင်သေးပါ။ နိုင်ငံဦးဆျောင် ဖြစ်သော မင်းအစိုးရကိုယ်တိုင်ကပါ အားပေးချီးမြှောက်ခြင်း ခံယူရပါမှသာ စည်ပင်ထွန်းတောက်နိုင်ခြင်းဖြစ်ပါသည်။

မင်း၏ အာဏာစက် မည်မျှထက်မြက်သည်ဆိုပါမူ လွန်ခဲ့သော နှစ်ပေါင်း (၂၃၀၀)ခန့်က၊ မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံမှ အာသောကမင်းကြီး သည် သူ၏ အာဏာစက်ဖြင့် ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ဆောင်ရွက် တော်မူသောကြောင့် အိန္ဒိယ၊ သီဟိုဠ်နိုင်ငံမှအစ အရှေ့တိုင်းနိုင်ငံအချို့မှာပါ ထွန်းကားလာရခြင်း အကြောင်းရင်းမှာ မင်းအစိုးရတို့ ဘယ်လောက် အကျိုး ပြုနိုင်ကြောင်း သိသာပါ၏။ သို့စွမ်းဆောင်နိုင်သောကြောင့် သာသနာ့ဒါယကာ ဘုရင်မင်းမြတ်ဟူ၍ အမွှမ်းတင် သုံးနှုန်းခြင်းများကို မဟာရာဇဝင်အစောင် စောင်တွင် တွေ့မြင်ရစမြဲဖြစ်လေသည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစ၍ ကုန်း ဘောင်ခေတ်နောက်ပိုင်း ရောင်ချိန်အထိ၊ မင်းကောင်းအချို့က သာသနာတော် ပြန့်ပွားအောင် လုပ်ဆောင်ကြရာတွင် အိန္ဒိယနိုင်ငံ မဟာဗောဓိတော်ကြီး သို့ပင် ရောက်အောင် စေတီယင်္ဂဏ ဝတ်ကို ပြုဆောင်ခဲ့ကြပေသည်။ မြန်မာ နိုင်ငံသည် ဗြိတိသျှတို့လက်သို့ ရောက်ပြီး မြန်မာမင်းမရှိတော့သည့် အခါတွင်မူ သာသနာတော်သည် ဆုတ်ယုတ်အားနည်း သွားရလေသည်။

သို့ပြည်တွင်းတွင် သာသနာ ညှိုးနွမ်းနေစေကာမူ အနောက်ဥရောပ တစ်ခွင်တွင် ထေရ်ဝါဒ ဗုဒ္ဓဘာသာ၏ အခြေခံ အဓိပ္ပာယ်များကို ရိပ်စား နားလည်စေနိုင်သော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်အချို့

စတင်ဝင်ရောက်စ ပြုနေလေပြီ။ မစ္စတာ ဟာဒီ **(Mr. Hardy)** ရေးသော **"Manual of Buddhism"** စာအုပ်သည်၊ (၁၈၆၀) ခုနှစ်တွင် ထုတ်ဝေသဖြင့် အစောဆုံးလောက်ဖြစ်နိုင်မည်ဟု ယူဆရပါသည်။ (၁၈၇၇) ခုနှစ်တွင် ဆာအက်ဒဝင်အားနိုးရေး "အာရှ၏ အလင်းရောင်" **(Light of Asia)** စာအုပ်ကြီး ပေါ်ထွက်လာရာ ယင်းစာအုပ်သည် လူသိအများဆုံး၊ ပြန့်နှံ့မှုအတွင်ကျယ်ဆုံး စာအုပ်ဖြစ်လာလေ၏။

ဤစာအုပ်အချို့ကြောင့် အနောက်ဥရောပတွင်-

"ဗုဒ္ဓဘာသာဟူသည် ကောင်းသော အယူဝါဒတရပ်ဖြစ်ကြောင်း" စတင်အသိအမှတ်ပြုလာသော အချိန်ဟု ယူဆရပါသည်။ ထိုကာလပိုင်းကား မြန်မာနိုင်ငံ ရတနာပုံ မန္တလေးနေပြည်တော်၌ မင်းတုန်းမင်းကြီး နန်းစံနေသော အချိန်ဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့အား (၁၈၅၂) ခုနှစ်က အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး ပေးအပ်လိုက်ရပြီးဖြစ်သောကြောင့် အင်္ဂလိပ်ပိုင်နယ်ဖြစ်လျက်ရှိနေပေပြီ။ သို့ရှိရာတွင် အင်္ဂလိပ်အစိုးရနှင့်အတူ ထက်ကြပ်ပါလာသော သာသနာပြုအဖွဲ့များက ယင်းတို့ ခရစ်ယာန်သာသနာကို စနစ်တကျ ပျိုးထောင်ပြုစုခဲ့ကြသဖြင့် တနင်္သာရီတိုင်းတွင် အတော်ပင် အခြေချနိုင်နေချေပြီ။

ထို့နောက် (၁၈၅၅)ခုနှစ် သီပေါမင်းလက်ထက်တွင်မူ မြန်မာနိုင်ငံ အထက်ပိုင်းပါ အင်္ဂလိပ်လက်အောက်ကျရောက်သွားလေသည်။ ယင်းကာလနှင့် မရှေးမနှောင်းဟု ဆိုရမည့်နှစ်ပိုင်းတွင် လူမျိုးခြားထဲမှ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်၍ အနောက်ဥရောပနိုင်ငံများသို့ သွားရောက်ပြီး ဗုဒ္ဓသာသနာပြုအလုပ်ကိုဆောင်ရွက်သော ပုဂ္ဂိုလ်အချို့ ရှိလာခြင်းကိုလည်း မှတ်မိသမျှ ဖော်ပြပါဦးမည်။ (၁၉၀၂)ခုနှစ်၌ မြန်မာပြည်ရောက် အင်္ဂလိပ်လူမျိုး **Allan Bennett** "အလင်းဘဲနက်" သည် ဗုဒ္ဓသာသနာတွင် သက်ဝင်ယုံကြည်မှုဖြင့် ရဟန်းပြုပြီး အာနန္ဒာ မတ္တေးယျာဘွဲ့ခံယူသည်။ ထို့နောက် ဗုဒ္ဓစာပေကျမ်းဂန်များကို (၆)နှစ်တာမျှ လေ့လာသင်ကြားပြီးလျှင် (၁၉၀၈) ခုနှစ်၌ ဗုဒ္ဓသာသနာပြုရန် အင်္ဂလန်သို့ ကြွရောက်သွားသည်။ ထိုအရှင်သည် လန်ဒန်မြို့



http://www.cherrythitsar.org

တွင် သီတင်းသုံးနေထိုင်ပြီး ဗုဒ္ဓတရားတော်နှင့်အညီ နေထိုင်ခြင်း၊ ဗုဒ္ဓတရားတော်တွင် သူတစ်ပါးတို့နှင့် ဆက်ဆံရာ၌ နေထိုင်ကျင့်ကြံပြုမူပုံများကို နည်းပြ၍ တရားဟောကြားသည်။ သို့လျှင် ယင်း၏ ဟောကြားသည့်အပြောနှင့် အလုပ်ကို တစ်ထပ်တည်း ညီညွတ်အောင် ဆောင်နိုင်သဖြင့် များမကြာမီအချိန်တွင်း၌ပင် ဗုဒ္ဓ အဆုံးအမ တရားတော်ကို ယုံကြည်သက်ဝင်သော လူဦးရေ အတန်အသင့်မျှ ရရှိလာလေ၏။

ထို့နောက် သီဟိုဠ်နိုင်ငံသား အနာဂါရိကဓမ္မပါလ သူတော်စင်၏ သာသနာပြုဆောင်ရွက်ခြင်းဖြင့် (၁၉၂၆)ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ အိမ်တစ်ဆောင်ဝယ်ကာ မဟာဗောဓိအသင်းခွဲတစ်ခုကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။

ထို့နောက် ကျွန်မတို့ မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရလက်မှ လွတ်လပ်ရေးရသော (၁၉၄၈)ခုနှစ်၊ မေလတွင် မြန်မာဘုန်းကြီး အရှင်သေဋ္ဌိလာဘိဝံသ ကိုယ်တော်သည် လန်ဒန်မြို့သို့ကြွရောက်ကာ မြန်မာ ဗုဒ္ဓဘာသာဝင်များအား စုစည်းပြီး အဆောက်အအုံတစ်ခုတွင် “သာသနာ့ကာရီ” ဝိဟာရ အမည်ဖြင့် ဘုန်းကြီးကျောင်းဖွင့်ပြီး သာသနာပြုလုပ်ငန်း လုပ်ဆောင်ရာ အတော်ပင် အောင်မြင်လေသည်။

ယခုအခါတွင်ကား ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဌာနမှ ဦးစီးပြီးလျှင် သာသနာပြု တက္ကသိုလ်ကြီးများ တည်ထောင်ခြင်းနှင့်အတူ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နေပေပြီ။ ဘုန်းတော်ကြီးများ နိုင်ငံရပ်ခြားသွားရောက်၍ သာသနာပြုခရီး လှည့်လည်ကြရာတွင် တောင်ပုလုဆရာတော် မဟာစည်ဆရာတော် ချမ်းမြေ့ဆရာတော် တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် ဦးကုဏ္ဍလာဘိဝံသ၊ စစ်ကိုင်းတောင်ရိုးမှ သီတဂူဆရာတော် ဦးဉာဏိဿရ အစရှိသော ထေရ်အရှင်ကြီးများ အပါအဝင် ပြည်ပသာသနာပြုလုပ်ငန်းတွင် အားကြိုးမာန်တက် ဆောင်ရွက်တော်မူလျက်ရှိကြလေပြီ။

ဆိုခဲ့သော ဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်ကြီးများအနက် ကျွန်မ တတ်အား

သမ္မု လေ့လာဖတ်မှတ် စုဆောင်းပြီး ရှိနှင့်သော သီဟိုဠ်နိုင်ငံသား (ယခု သီရိလင်္ကာ) အနာဂါရိက ဓမ္မပါလ သူတော်စင်အကြောင်း ရေးသားတင်ပြလိုပါသည်။ သို့ ရေးသားရာတွင် ထို သူတော်စင်အကြောင်း အထုပတ္တိသည် ပြည့်စုံလုံလောက်ပြီဟုကား မဆိုနိုင်ပါ။ သူ၏ တစ်သက်တာအတွင်း လုပ်ဆောင်ခဲ့သမ္မု သာသနာပြု တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်မှုတို့အနက် တစ်စိပ်တစ်ဒေသမျှသာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။

ယင်းပုဂ္ဂိုလ်ကြီးနှင့် ပတ်သက်၍ ဖတ်ကြားမှတ်သားထားသည့် စာတွေ့အချက်များ ထို့ပြင် အိန္ဒိယနိုင်ငံရှိ မဟာဗောဓိစေတီဗတ်ကြီးနှင့် မိဂဒါဝုန်တောရှိ မူလဂန္ဓကုဋီဘုရားကျောင်းတော်သို့ ကျွန်မတို့ ဘုရားဖူးရောက်ခဲ့စဉ်က တွေ့ခဲ့ရသော ကိုယ်တွေ့မျက်မြင်အချက်များကိုပါ ဆက်စပ်ရေးသားရန် အားထုတ်ပါမည်။

ကျွန်မသည် စာဖတ်သူများ အထူးသဖြင့် မိမိတို့ ကိုးကွယ်ရာ ဗုဒ္ဓသာသနာတော်အကြောင်း ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသူများ အကြောင်းကို အလေးအနက် စိတ်ဝင်တစား မေးမြန်းစူးစမ်းကြသော လူငယ်ကျောင်းသားသုတေသီများအတွက် သိမြင်သမ္မု ရေးသားဖော်ထုတ်ရန် ကျွန်မတို့ လူကြီးများတွင် တာဝန်ရှိပေသည်ဟူသော ခံယူချက်အရ ဤ ဓမ္မပါလ သူတော်စင်အကြောင်း ရှာဖွေပြုစုခြင်းဖြစ်ပါ၏။

ဗုဒ္ဓသာသနာ ကမ္ဘာချဉ်းအောင် ဆောင်ရွက်ရာ၌ သီဟိုဠ်နိုင်ငံသား ဗြဟ္မစာရီ သူတော်စင် အနာဂါရိက ဓမ္မပါလသည် ဗုဒ္ဓသာသနာဝင်အားလုံးက အစဉ်သတိရကျေးဇူးတင်နေသင့်သူ ဖြစ်ကြောင်း လူငယ်လူရွယ်အပေါင်းအား သိစေချင်သော စေတနာဖြင့် ဖော်ထုတ်တင်ပြအပ်ပါသည်။

*ရွှေဘိုမိမိကြီး*

♦ ♦ ♦

# အနာဂါရိက ဓမ္မပါလ၏ မွေးရပ်မြေ

အနာဂါရိက ဓမ္မပါလ သူတော်စင်သည် ဗုဒ္ဓဘာသာဝင် လူမျိုးအားလုံးက ဂုဏ်ပြုထိုက်သော သာသနာ့ သူရဲကောင်းဖြစ်သည်ဟု ဆိုပါရစေ။ ဤစကားမှာ သူ့ဘဝတစ်လျှောက်လုံး ဆောင်ရွက်ခဲ့သော လုပ်ရပ်များအား ဆင်ခြင်သုံးသပ်ပြီး ယုံကြည်စွာဆိုအပ်သော စကားဖြစ်ပါ၏။

သူ၏အကြောင်းကိုဆိုလျှင် သူ၏ဇာတိဌာနေ မွေးရပ်မြေမှပင်လျှင် စတင်ရပါလိမ့်မည်။ ယနေ့ခေတ်တွင် သီရိလင်္ကာနိုင်ငံဟု ပြဋ္ဌာန်းသုံးစွဲနေကြသော ကျွန်းနိုင်ငံသည် ကျွန်မတို့ ငယ်စဉ်ကမူ ပုလဲကျွန်း၊ သီဟိုဠ်ကျွန်းဟုလည်းကောင်း၊ ထိုခေတ်ထက်ရှေးကျသော ပုဂံခေတ်ကမူကား၊ လင်္ကာဒီပသီဟိုဠ်ပြည်ဟုလည်းကောင်း မြန်မာရာဇဝင်ကျမ်းများတွင် ရေးသားခဲ့ကြပါသည်။ ဤစာအုပ်တွင်ကား ဓမ္မပါလ သူတော်စင် ပေါ်ထွန်းသည့်ခေတ်က သုံးနှုန်းခဲ့သော အခေါ်အတိုင်း သီဟိုဠ်ဟုပင် ရေးသားပါမည်။

သီဟိုဠ်နိုင်ငံသည် လွန်ခဲ့သော နှစ် (၂၂၀၀)ကျော် ကာလကတည်းကပင် မြတ်ဗုဒ္ဓ သာသနာပြုဆောင်ရာတွင် ကြီးကျယ်ထင်ရှားလှသော အာသောက မင်းကြီး **(Asoka)** ကျွန်မတို့နိုင်ငံတွင် သီရိဓမ္မာသောက မင်းကြီး

ဟု အများသိကြသော သာသနာ့ဒါယကာမင်း၏ အားထုတ်လုပ်ဆောင်မှုကြောင့် ဗုဒ္ဓသာသနာ ထွန်းကားစည်ပင်ခဲ့သော နိုင်ငံဖြစ်ပါသည်။ အာသောက မင်းကြီး သည် ရေ၊ မြေ၊ ဒေသ နီးစပ်ရာနိုင်ငံ အရပ်ရပ်သို့ သာသနာပြုအဖွဲ့များ စေလွှတ်သည်။ ယင်းအဖွဲ့များအတက် မင်းကြီး၏ သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာ **(Singamettah)** တို့အား ဘီစီ (၂၄၇) ခုနှစ်တွင် သီဟိုဠ်နိုင်ငံသို့ သွားရောက်စေသည်။ ယင်းအဖွဲ့နှင့်အတူ ဘုရားရှင် သဗ္ဗညုတဉာဏ်တော် ရရှိတော်မူရာ ဗောဓိညောင်ပင်ကြီးမှ အပင်ပွားတစ်ဆူနှင့် ဗုဒ္ဓဘာသာ အခြေခံ ကျင့်စဉ်တရားစာပေများပါ တပါတည်းယူဆောင်သွားစေသည်။ သီဟိုဠ်တွင် ယင်းမောင်တော် နှမတော်တို့သည် ကိုလန်ဘိုမြို့မှ (၁၂၈)မိုင်ဝေးသော အနုရာဓပူရ **(Anuradhapura)** မြို့ကို အခြေခံစခန်းပြုပါသည်။ ယင်း အနုရာဓပူရမြို့အမည်ကို ကြားသည်နှင့် တချက်တည်းသတိရလာသော ပူရ(မြို့) အက္ခရာပါသည့် အခြားမြို့ကြီးအချို့အကြောင်းကိုပါ ဆိုပါရစေဦး။

မှတ်သားထားသမျှ ရှေးအကျဆုံးမြို့မှာ အိန္ဒိယနိုင်ငံတွင် အဇာတသတ် မင်းလက်ထက်၌ ပါဋလိပူရမြို့ရှိရာတွင် နောက်အခါ **(Patna)** ပါဋလိပုဒ်ဟု အလွယ်တကူ ခေါ်တွင်လာသည်။ အာသောကမင်းကြီး လက်ထက်တော်တွင် ကား ဆိုသည့် "ပူရ" အက္ခရာသည် မြို့ကြီးသားဟူသော အဓိပ္ပာယ် ဆောင်လာသည်ဟု ကြားသိရပါ၏။ အိန္ဒိယနိုင်ငံမှ စတင်၍ မြတ်ဗုဒ္ဓ သာသနာ တော် ဆက်နွယ်ပြန့်ပွားလာသော မြန်မာနိုင်ငံတွင်လည်း အရိမဒ္ဒနပူရ-ပုဂံ ပြည်၊ ရတနာပူရအင်းဝ၊ အမရပူရ-တောင်မြို့၊ အယုဇ္ဈပူရ-ကုန်းဘောင်မြို့၊ ဇေယျာပူရ-စစ်ကိုင်းမြို့၊ ရတနာပုံ မန္တလေးမြို့ဟူသော "ပူရ" စကားလုံး တွင်တွင် သုံးစွဲခဲ့ကြလေသည်။

ထို့ပြင် ယခင်က "သီဟပူရ" ခေါ်တွင်သော "စင်္ကာပူမြို့" လည်း ကျန်ရှိပါသေးသည်။ ယနေ့ခေတ်၌ စင်္ကာပူမြို့ကို ဘာသာရေးနှင့် ဆက်စပ် တွေးခေါ်ခြင်း မပြုမိကြစေကာမူ ရှေးပဝေသဏီအခါကဆိုလျှင် ပင်လယ်ကမ်း ရိုးတန်းတစ်လျှောက်တည်နေသောကြောင့် သီဟိုဠ်နိုင်ငံနှင့် အကြောင်းမကင်း ဘဲ သာသနာရေးအရ ဆက်နွယ်နေခြင်းကြောင့် သီဟပူရမြို့ဟူ၍ ဗုဒ္ဓသာသနာ အရိပ်အငွေ့ရှိခဲ့ခြင်း ဖြစ်တန်ရာသည်။ ယခု ယိုးဒယားနိုင်ငံသည်လည်း

အယုဒ္ဓယပူရမှ ဆင်းသက်ရွှေ့လျောလာခြင်း ဖြစ်ပါ၏။

ရေးက ရေးလက်စပြန်ကောက်ပါမည်။

မဟိန္ဒနှင့် သဃမိတ္တာတို့သည် အနုရာဓပူရမြို့တွင် အခြေချပြီး ပင့်ဆောင်လာခဲ့သော ဗောဓိပင်ပွားကို ကောင်းစွာ စိုက်ထူပူဇော်ကြသည်။ ရှင်သန်လာသော ဗောဓိပင်ပျိုအနီးတွင် ဓါတုဂဟစေတီကြီး တည်ထားကြသည်။ ပင့်ဆောင်ခဲ့သော "ဓါတ်တော်များအိမ်"ဟု ဘွဲ့တော်သမုတ်ခြင်း ဖြစ်သည်။ (ဓါတု=ဓါတ်တော်။ ပဟ=အိမ်) ထိုဓါတုဂဟ စေတီကြီးနှင့် ဗောဓိပင်တို့ကိုလည်းကောင်း၊ ယင်းပရဝုဏ်အတွင်း၌ ထားရှိသော မဟိန္ဒနှင့် သဃမိတ္တာ ထေရီမတို့ ရုပ်တုများကို ယနေ့တိုင် တွေ့နိုင်ပါသေးသည်။ ထို့အတူ သီဟိုဠ်ရှိ ထူပါစေတီများသည်လည်း ပမာဏကြီးမားကြသည်။

ကိုလန်ဘိုမြို့ဝန်းကျင်ရှိ မဟာထူပါစေတီကြီး၏ အချင်းမှာ (၂၉၅) ပေရှိသည်။ အဘယစေတီကြီးကား၊ အမြင့် (၃၉၃)ပေ၊ အချင်း (၃၇၇)ပေရှိသောကြောင့် သီဟိုဠ်ရှိစေတီများတွင် အကြီးမားဆုံးဖြစ်ကြောင်းများကို အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်မှ ကထိက ဆရာတောဒေါက်တာ ဦးဇာဂရ ကိုယ်တော်က ကျွန်မတို့ကို အမိန့်ရှိဖူးပါသည်။

ထိုအခါမှစပြီး သီဟိုဠ်နိုင်ငံသည် အာသောကမင်းကြီး၏ အာဏာစက်ဖြင့် ဓမ္မစက်လည်ပတ်စေခြင်းကြောင့် ဗုဒ္ဓဘာသာ ကိုးကွယ်သော နိုင်ငံဖြစ်လာလေသည်။ သီဟိုဠ်မှတဆင့် ဗုဒ္ဓသာသနာပြန့်ပွားရာနိုင်ငံများတွင် ပထမ မြန်မာနိုင်ငံအောက်ပိုင်း သုဝဏ္ဏဘုမ္မိမှတဆင့် ဒုတိယ အရိမဒ္ဒနပူရ ပုဂံပြည်သို့ အနော်ရထာမင်းကြီး လက်ထက်တော်တွင် အထက်ပိုင်းနိုင်ငံတဝန်းလုံး ဗုဒ္ဓသာသနာ ပြန့်ပွားလာလေသည်။

အရှေ့တိုင်းမှ ဗုဒ္ဓဘာသာနိုင်ငံများသည် သီဟိုဠ်နိုင်ငံမှတဆင့် ကူးစက်ထွန်းကားလာသည်ဟု ယူဆရပါသည်။ လူမျိုးမတူသော်ငြား ကိုးကွယ်ရာဘာသာ အတူတူပင်ဖြစ်ချေသည်။ ထို့နောက် အနောက်တိုင်းမှ ဗြိတိသျှနယ်ချဲ့ယန္တရားဘီးကြီးသည် အရှေ့တိုင်းနိုင်ငံအချို့သို့ အရှိန်အဟုန်ဖြင့် လိမ့်လာသောအခါ (၁၈၁၅)ခုနှစ်တွင် သီဟိုဠ်နိုင်ငံသည် ဗြိတိသျှလက်အောက်သို့ ကျရောက်သွားရလေ၏။ ကျွန်မတို့ မြန်မာနိုင်ငံသည်လည်း အင်္ဂလိပ်-မြန်မာ

ပထမစစ်ပွဲအပြီး (၁၈၂၅)ခုနှစ်တွင် ရခိုင်ပြည်နယ် တနင်္သာရီတိုင်းတို့မှာ အင်္ဂလိပ်လက်သို့ ပေးအပ်လိုက်ရသဖြင့် သီဟိုဠ်နိုင်ငံနှင့် (၁၀)နှစ်သာခြားပြီး အင်္ဂလိပ်လက်အောက်ခံဖြစ်ကြရလေသည်။

သို့ ဗြိတိသျှတို့ လက်အောက်ခံဖြစ်ရသည်နှင့် မရှေးမနှောင်းပင် ယင်းတို့၏ ခရစ်ယာန် သာသနာပြုအဖွဲ့များသည် ဖဝါးခြေထပ် ထက်ကြပ်မကွာလိုက်ပါလာကြလေသည်။ သူတို့သည် သူတို့၏ လုပ်ငန်းလုပ်ဟန်အတိုင်း အချိန်မဆိုင်းဘဲ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို စနစ်တကျ လုပ်ဆောင်ကြလေ၏။ သီဟိုဠ်တွင် လူဦးရေအများစုဖြစ်သော ဆင်ဟားလိစ်လူမျိုးများသည် ဗုဒ္ဓဘာသာကို မိရိုးဖလာအဖြစ် အဆက်ဆက်ကပင် အစဉ်တစိုက်ကိုးကွယ်လာကြသူများဖြစ်ပါသည်။ သူတပါးလက်အောက်ခံဘဝသို့ ရောက်ကြလေသော အခါ ဘာသာရေး သာသနာရေးမှစ၍ ယဉ်ကျေးမှုများပါ အခြေပျက်ကြရလေသည်။

ရှေ့ကဆိုခဲ့သည့်အတိုင်း မည်သည့်ဘာသာဖြစ်စေ မင်းအစိုးရတို့၏ အားပေးချီးမြှောက်မှုသည် အရေးပါလှသည့်အတိုင်း ယင်းတို့ ခရစ်ယာန်ဘာသာကို ယင်းတို့လက်အောက်ခံနိုင်ငံများတွင် အခြေချနိုင်ရန်မှာ ခက်သည့်အလုပ်မဟုတ်ချေ။ သို့လျှင် ယင်းတို့သာသနာပြုအဖွဲ့များက ဘက်ပေါင်းစုံမှ အားထုတ်လုပ်ကိုင်နိုင်ကြသည်နှင့်အမျှ ဗြိတိသျှအစိုးရကလည်း လိုလေသေးမရှိ ကူညီထောက်ပံ့ပေးသည်။ ထိုအခြေအနေအတွင် နှစ်ပေါင်းများစွာ ခေတ်ပေါင်းများစွာ သိက္ခာကြီးခဲ့လေသော ဗုဒ္ဓဘာသာဝင်ဆင်ဟာလိစ်များသည် အရာရာတွင် မျက်နှာငယ်လာကြတော့လေသည်။ ရှိရင်းစွဲ ဗုဒ္ဓသာသနာ တဖြည်းဖြည်း ညှိုးမှိန်လာသလို ခရစ်ယာန်သာနာမှာ တစ်နှစ်ထက်တစ်နှစ် ရှင်သန်ကြီးထွားလာလေ၏။

အထူးသဖြင့် ကလေးများ ပညာသင်ရာကျောင်းများမှာ အခြေခံယိမ်းယိုင်လာသည်။ ချစ်များမကြာမီအတွင်းတွင် အစိုးရစာသင်ကျောင်း ဟူသမျှသည် အင်္ဂလိပ်စာသင်သော သာသနာပြုကျောင်းချည်း ဖြစ်ကုန်တော့သည်။ ဆင်ဟာလိစ်ဘာသာစာသင်ကျောင်းဟူ၍ တစ်ကျောင်းမျှ မရှိတော့ချေ။ ကျေးလက်တောရွာများတွင်မူ တစ်ကျောင်းတလေရှိသေးသည်ဆို၏။ မြို့များတွင်

မူ ဘုန်းကြီးကျောင်းများမှာသာ ဗုဒ္ဓဘာသာ ဆင်ဟာလိစ်ကျောင်းရှိတော့သည်။

သို့ဖြစ်လေရာ ဗုဒ္ဓဘာသာ သာသနာတော်ကို ထေရ်ကြီး ဝါကြီးများ အမျုးပြုလျက် ဒါယိကာ ဒါယိကာများဖြစ်သော လူကုံထံ ဆွေစု မျိုးစု အသိုင်းအဝန်းများကသာလျှင် မိဘရိုးရာ ဗုဒ္ဓသာသနာတော်အား တတ်အားသမျှ စောင့်ရှောက်ဖက်တွယ်ကာ မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းနေကြရလေတော့သည်။

♦ ♦ ♦

# ဓမ္မပါလ ငယ်စဉ်ကာလ ကျောင်းနေစ

ကိုလန်ဘိုမြို့တွင် ဆင်ဟာလိစ်လူမျိုး **(Sinhalese)** လူကုံထံတစ်ဦး ဖြစ်သော ဓမ္မဂုနဝါဒမုဟာဒီရမ် **(Dharmagunawardana)** သည် ရှေးရိုးစွဲ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ သာသနာ့အဆောက်အဦးများကို ဆောက်လုပ် လှူဒါန်း လေ့ရှိသော စီးပွားရေးသမားကြီးဖြစ်လေသည်။ သူ၏သမီးငယ်မလ္လိကာကို သူတို့အသိုက်အဝန်းထဲမှပင် မူဒီယာဟေဝဝိတနေး **(Mudiyar Hewawithana)** နှင့် လက်ထပ်ထိမ်းမြားပေးသည်။ ယင်းတို့သမီးခင်ပွန်းတို့သည်လည်း ကိုလန်ဘို မြို့မှာပင် နေထိုင်ကြသည်။

(၁၈၆၄)ခုနှစ် စက်တင်ဘာလ (၁၇)ရက်၊ စနေနေ့တွင် ပထမ သားဦး ရတနာမွေးဖွားသည် ထိုသားယောကျ်ားကလေးကား ဤစာအုပ်၏ ပဓာနပုဂ္ဂိုလ် အနာဂါရိက ဓမ္မပါလ ဖြစ်လာမည့်သူပေတည်း သူ၏နောက်ညီငယ် (၃)ယောက် ထွန်းကားသေးသည်။ (၂)ယောက်မှာ ဖခင်အလုပ်ကို ဆက်ခံ၍ အငယ်ဆုံးသား ကား ဆရာဝန်ဖြစ်လာပြီးနောက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ဆေးပညာ ဆက်လက်သင်ကြားရင်း (၁၀)နှစ်ခန့် နေထိုင်ခဲ့သည်။

သားဦးကလေးသည် မွေးကင်းစအရွယ်မှစပြီး မိခင်၏ သိမ်မွေ့နူးညံ့



http://www.cherrythitsar.org

သော စရိုက်ဖြင့် ကြင်နာစွာစောင့်ရှောက်ခြင်းကို အနီးတွင်းမှပင် စတင်ခံစား လာရသည်။ စကားပြောတတ်ကာစ အရွယ်မှာပင် မိခင်က တတွတ်တွတ် သင်ကြားပေးခြင်းကြောင့် "ဗုဒ္ဓ၊ ဓမ္မ၊ သံဃ" ဟူသော စကားသုံးလုံးကို အဦး ဆုံး ရွတ်ဆိုတတ်နေလေပြီ။ ထို့နောက် လမ်းလျှောက်နိုင်သောအခါ မိဘများ နှင့်အတူ ဘုရားကျောင်းများသို့ လိုက်ပါရခြင်း ညစဉ်ဘုရားဝတ်ပြုရခြင်းတို့ ကြောင့် ဘာသာတရား ရှိသေကိုင်းရှိုင်းမှုကို စတင်ထိတွေ့လာရလေသည်။ မိဘများက ငယ်စဉ်ကလေးဘဝမှာပင် ယင်းတို့ဖြစ်စေချင်သလို ပုံလောင်းပေး မှုမှာ အကျိုးရှိလေသည်။

ထို့ကြောင့် အနာဂါရိက ဓမ္မပါလ ဖြစ်လာမည့်ကလေးငယ်သည် ကိုလန်ဘိုမြို့ရှိ ဒါဂါးဘားစေတီကြီးများ၏ ဆည်းလည်းသံကို နှစ်သက်စွာ နာခံရင်း ကြီးပြင်းလာရလေသည်။

မိဘနှစ်ပါးသည် သားကလေးအား ဆင်ဟာလိစ် ဗုဒ္ဓဘာသာ ယဉ် ကျေးမှုနှင့် အကျွမ်းတဝင်ဖြစ်အောင် သိမ်းသွင်းမွေးမြူခဲ့ကြသည်။ အချိန်တန် သော် "မောဝဗိတနေး" ဟူ၍ အမည်ပေးကင်ပွန်းတပ်ကြသည်။ ဖခင်၏အမည် နောက်ဆုံးစကားလုံးသာဖြစ်၍ ရှေ့ကအမည်စာလုံးပါရှိဦးမည်ဖြစ်သော်ငြား ထိုစာလုံးကို ကျွန်မရှာမတွေ့သောကြောင့် အပြည့်အစုံမဖော်ပြလိုက်ရပါ။ ထို့ ကြောင့် သူ၏ငယ်နာမည် မောဝဗိတနေးဟုသာ ရေးသားပါမည်။

မောဝဗိတနေး အသက် (၅)နှစ်ရှိသော် ပထမဆုံးမိန်းကလေးကျောင်း တွင် စတင်နေရသည်။ နောက်တစ်နှစ်တွင် ပက်တာသာသနာပြုကျောင်း **(Pattah Cathelie Scheool)** သို့ ပြောင်းရွှေ့ နေသည်။ ကျောင်းစည်းကမ်း အရ ခရစ်ယာန် အမည်ခံယူပြီးမှ ကျောင်းသားမှတ်ပုံတင်ရသောကြောင့် အမည်သစ် ဒေးဗစ် ဖြစ်လာသည်။ သူ့ဖခင် မူဒီလီယာ ဟေဝဗိတနေးသည်လည်း အကြောင်းကြောင်းကြောင့် ဒွန်ကာရိုးလစ် **(Don Carolis)** အမည်ပြောင်းရ သည်။

ထိုနည်းအတိုင်း ကိုလန်ဘိုမြို့နှင့် အခြားမြို့ကြီးသားများသည် ရိုးရာ အမည်မှ ခရစ်ယာန်အမည် ခံယူကြ၍ အနောက်တိုင်းဝတ်စုံနှင့် ဓလေ့စရိုက် များကိုပါ လက်ခံကျင့်သုံးလာကြသည်။ ဒွန်ကာရိုးလစ်သည် အင်္ဂလိပ်အမည်

ခံယူထားရစေကာမူ အင်္ဂလိပ်စာတတ်သူမဟုတ်ပါ။ ငယ်စဉ်က သူ့အစ်ကို သီတင်းသုံးသော ဆင်ဟာလိစ်ဘုန်းကြီးကျောင်းမှ ဗုဒ္ဓစာပေကိုသာ တတ်မြောက်ခဲ့သူဖြစ်သည်။ အင်္ဂလိပ်စာမတတ်သော်လည်း သီဟိုဠ်နိုင်ငံရှိ ထင်ရှားသော လုပ်ငန်းရှင်ကြီးများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ဝိဒေါဒယကောလိပ်ကျောင်း တည်ထောင်သူများအသင်းတွင်လည်း တစနေရာပါဝင်ခဲ့သည်။

သို့လျှင် ကြီးသောလုပ်ငန်း၊ မြတ်သောလုပ်ရပ်များကို ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်သူဖြစ်သောကြောင့် ပင်ကိုယ်အသိဉာဏ်နှင့် အရည်အချင်းထက်မြက်သူဖြစ်ကြောင်း အထူးဆိုရန်မလိုပါ။ ထို့ပြင် သားကလေးများကိုလည်း ပညာရေး၊ လူမှုရေး စသည်များတွင် မျက်ခြေမပြတ် အကဲခတ်ရန်လည်း မမေ့လျော့သော ဖခင်ဖြစ်ပေသည်။

အနောက်တိုင်းဝတ်စုံကိုဝတ်ပြီး အင်္ဂလိပ်ကျောင်းသားဖြစ်လာသော ဒေးဗစ်သည် ကျောင်းစည်းကမ်းအတိုင်း နံနက်ချိန် ညအိပ်ရာဝင်ချိန်များတွင် ခရစ်တော်သို့ ကျေးဇူးတင်ပါကြောင်း ဆုတောင်းစကားကို အများနှင့်အတူ ရွတ်ဆိုရလေသည်။ ဒေးဗစ်သည် ဤသို့သော အပြုအမူများကို ကောင်းသည်ဟုပင် သူထင်သည်။ ကျောင်းအုပ်ချုပ်သူ အကြီးအကဲများအနေဖြင့်လည်း သည်ကလေးဉာဏ်ကောင်းသည်၊ တော်သည်ဟု ထင်မြင်ကာ ယင်းတို့ဘာသာဝင်ဖြစ်စေပြီး သာသနာပြုလုပ်ငန်းတွင် အသုံးချရန် လက်သပ်မွေးကြမည်ဟု ကြံရွယ်ထားကြလေသည်။

ကျောင်းနေဘက် (၂)နှစ်ကျော်လာသောအခါ သားတော်မောင် ဒေးဗစ်၏ ခရစ်ယာန်ဆန်လာသော အနေအထိုင်အပြုအမူများအား သိမြင်လာသော မိဘတို့က စိုးရိမ်မကင်းရှိကြပြီး "သည်အတိုင်းဖြင့် ခက်ချေပြီ ဆင်ဟာလိစ်စရိုက်များခေါင်းပါးနေပကော" ဟု သဘောပေါက်လာကြသည်။ ထို့ကြောင့် ဒေးဗစ်အား ပက်တာကျောင်းနေဆဲတွင်ပင် တပတ်လျှင် (၂)ရက်ကျ ဗုဒ္ဓဘာသာဝင် ဆင်ဟာလိစ် ဘုန်းကြီးကျောင်းသို့ သွားရောက်သင်ကြားရန် ဖခင်က စီစဉ်ပေးသည်။

အသက် (၈)နှစ်ကျော်ခဲ့ပြီဖြစ်သော ဒေးဗစ်သည် စဉ်းစားဆင်ခြင်ဉာဏ် ဖွံ့ဖြိုးစပြုလာလေပြီ။ ဘုန်းတော်ကြီးကျောင်းတွင် လအနည်းငယ်မျှ

အတွင်းတွင်ပင် ဗုဒ္ဓဘာသာ၏ အခြေခံအဆုံးအမတရားတော်နှင့် ဘာသာရေး ယဉ်ကျေးမှုများကို သူ့အရွယ်နှင့်မမျှအောင်ပင် တီးမိခေါက်မိ ရှိလာသည်။ ဖခင်ကြီးကလည်း စားခြင်းအိပ်ခြင်းများ၌ ရောင့်ရဲလွယ်သော သည်းခံတတ်သော အကျင့်ကို မျိုးစေ့ချပေးသေးသည်။

တစ်နေ့တွင် ပက်တာကျောင်းသို့ သာသနာပိုင်ဘုန်းကြီး ကြွရောက်လာသည်။ ထိုဘုန်းကြီး၏လက်ကို ဒူးထောက်နမ်းရန် ဆရာများခိုင်းသည့်အတိုင်း နမ်းရလေသည်။ ဘာကြောင့်သည်လိုလုပ်ရသည်ကို သဘောမပေါက်သောကြောင့် အိမ်ပြန်လာသောအခါ မိဘများအား မေးကြည့်သည်။ ထို့နောက် မိဘများ ဆန္ဒအတိုင်း စိန့်ဘင်နီဒစ်ကျောင်းသို့ ရွှေ့ပြောင်းနေရသည်။

ထိုစိန့်ဘင်နီဒစ် ကျောင်းတွင်လည်း ကြာရှည်နေခွင့်မရပါ။ (၁၈၇၆) ခုနှစ်တွင် ကျောင်းအာဏာပိုင်များက ခရစ်ယာန်ဘာသာသို့ မဝင်လိုသော ကျောင်းသားများအား ကျောင်းထုတ်ပစ်သည့် စာရင်းတွင် ဒေးဗစ်အမည် ပါလာသောကြောင့်ဖြစ်သည်။

ထို့နောက် ကိုလန်ဘိုမြို့နှင့် (၅)မိုင်ဝေးသော ကွတ်တီမြို့ရှိ အင်္ဂလိကန်ခရစ်ယာန်ကျောင်းသို့ ဘော်ဒါကျောင်းသားအဖြစ် ရောက်ခဲ့ပြန်လေ၏။ ခရစ်ယာန်သာသနာပြုကျောင်းများမှလွဲ၍ အခြားကျောင်းတစ်ကျောင်းမှ မရှိချေ။

သူရောက်လာခဲ့သော ကွတ်တီမြို့ရှိကျောင်းသည် စင်စစ်သာသနာပြုရာတွင် ပိုမိုပြင်းထန်ပါသည်။ နံနက်မျက်စေ့နှစ်လုံးဖွင့်သည်မှစပြီး ညအိပ်ရာဝင်ချိန်အထိ အကြိမ်ပေါင်းများစွာ သမ္မာကျမ်းစာများ ရွတ်ဆိုရခြင်း ဆုတောင်းကျေးဇူးတင်ရခြင်း၊ အချို့ကို နှုတ်တက်အာဂုံဆောင်စေခြင်းများ လိုက်နာရသည်။ စေခိုင်းသမျှ ကောင်းကောင်းလိုက်နာသော ကျောင်းသားများအား အရာရာတွင် အခွင့်အရေးပိုပေးခြင်းအားဖြင့် ဆွဲဆောင်သည်။ ထို့ကြောင့် မူလက ဗုဒ္ဓဘာသာဝင် ကျောင်းသားအချို့သည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းဝင်ကြလေ၏။

အသက် (၁၀) နှစ်ကျော်လာပြီဖြစ်သော ဒေးဗစ်သည် ဘာသာရေး အမြင်တစ်ခြားစီ ဆန့်ကျင်လျက်ရှိသော၊ ဆရာများဘက်နှင့် မိဘဆွေမျိုးများ



http://www.cherrythitsar.org

ဘက် နှစ်ဘက်ရှိရာတွင် မည်သည့်ဘက်သားအဖြစ် ရပ်တည်ရမည်ကို ဆုံးဖြတ်ရတော့မည့် လမ်းဆုံတွင် ရောက်နေသည်။ အသက်အရွယ်ငယ်သော်ငြား ခြားနားသော ဘာသာအယူဝါဒနှစ်မျိုး၏ အယူအဆကျင့်စဉ်များကို နားလည်ထားသလောက် ဉာဏ်မီသမျှ တွေးဆ ဆင်ခြင်တတ်သည်။ ငယ်စဉ်မှစ၍ မိဘဆွေမျိုးတို့၏ သွန်သင်ဆုံးမချက်များကိုလည်း နားစွဲလျက်ပင်။ သူ၏ မွေးရာပါ အသိဉာဏ်ထက်မြက်မှုကြောင့် ယထာဘူတကျကျ တွေးခေါ်ဘို့ မခဲယဉ်းပါ။

ဤသို့သော အခြေအနေရှိရာမှာ တစ်နေ့တွင် ဗုဒ္ဓဘာသာစာပေ သင်ပေးသော ဆင်ဟာလိစ်ဘုန်းကြီးက ဒေးဗစ်လေ့လာရန် မြတ်ဗုဒ္ဓ၏ သစ္စာတရားလေးပါးကို ရှင်းလင်းမိန့်ကြားပြီး အချက်အလက်များအား မှတ်မိစေရန် စာဖြင့်ရေးပေးလိုက်သည်။ ဒေးဗစ်သည် အလေးအနက် စဉ်းစားသည်။ စဉ်းစားရင်း တစ်နေ့ထက်တစ်နေ့ အင်္ဂလိကန် ကျောင်းဆရာအား သင်ကြားပို့ချသော ခရစ်ယာန်ဘာသာရေးအယူအဆများကို လက်ခံရန် သံသယဖြစ်လာသည်။

သူ၏ အဆောင်မှူးဖြစ်သူမှာလည်း ငှက်ကလေးများအား သေနတ်ဖြင့် ပစ်ခတ်ရန် ဝါသနာကြီးသူဖြစ်ချေသည်။ တစ်ညတွင် ဒေးဗစ်သည် ဘုန်းကြီးပေးလိုက်သော သစ္စာလေးပါးတရား၏ အဓိပ္ပာယ်ဖွင့်ဆိုချက် စာရွက်ကို ဖတ်နေခိုက် အဆောင်မှူးဝင်လာသည်နှင့် မိသွားလေ၏။ အဆောင်မှူးက ဤကျောင်းတွင် ဗုဒ္ဓစာပေကို လေ့လာခွင့်မရှိကြောင်း စည်းကမ်းကို သိလျက်နှင့် သည်စာမျိုးဖတ်ရမလားဟု ကြိမ်းမောင်းပြီးလျှင် ဖတ်လက်စ စာရွက်ကို ဆွဲယူပြီး ပြတင်းမှ လွှတ်ပစ်လိုက်တော့သည်။

ဒေးဗစ်သည် တစ်စုံတရာစောဒက မတက်နိုင်သော်ငြား စိတ်ထိခိုက်လှသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလိက် ဗုဒ္ဓဘာသာကျောင်းမရှိသောကြောင့် ဤကျောင်းမျိုးတွင် စာသင်ရသည် မိမိနည်းတူ စာသင်သားများ၏ နစ်နာချက် ဆုံးရှုံးချက်များကို လက်တွေ့ခံစားမိလေပြီ။

ထိုသို့ဖြစ်ပြီး မကြာခင်မှာပင် စိတ်ထိခိုက်နေသော ဒေးဗစ်သည် "သူတပါးအား မသတ်ရဟူသော ပြဋ္ဌာန်းချက်ရှိပါလျက် ဘာကြောင့် ခရဆိတ်

စစ်ပွဲဖြစ်ရသလဲ””ဟု ခရစ်ယာန်ကျောင်းသားများအား မေးခွန်းထုတ်လိုက်သည်။ ကျောင်းသားများက၊ ““ဒါဟာ ထာဝရဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်တယ်”” ဟူ၍ ဖြေကြသည်။ ယင်းအဖြေကိုလည်း ဒေးဗစ်မကျေနပ်နိုင်။

မကြာခင် ထိုအကြောင်းသည် ဆရာများနားသို့ ပေါက်ကြားသွားသည်။ ထိုအခါ အဖြေရခက်သော မေးခွန်းများ ထုတ်တတ်သော ဒေးဗစ်သည် ကြိမ်အဆော်ခံရလေ၏။ ထို့အပြင် ဆရာများက ယင်းတို့သာသနာပြုလုပ်ငန်းတွင် အသုံးချရန် မျက်စိကျခဲ့ဖူးသူ ဒေးဗစ်သည် ယင်းတို့ သိမ်းသွင်း၍ ရနိုင်မည့်သူမဟုတ်ဟူ၍ အပြီးအပိုင် ကျောင်းမှ နှင်ထုတ်လိုက်လေ၏။

ဒေးဗစ်၏ မလိမ္မာသော မေးခွန်းထုတ်ချိန်နှင့် ကျောင်းအာဏာပိုင်များက ကျောင်းမထုတ်ရသေးခင် ကြားရက်ပိုင်း၌ဖြစ်ပွားသော ဖြစ်ရပ်တစ်ခုကို ဖော်ပြပါရစေ။ ထိုဖြစ်ရပ်ကား ဤသို့ဒေးဗစ်တို့ အတန်းမှ ကျောင်းသားတစ်ယောက် သေဆုံးလေရာ ယင်းဈာပနကိစ္စတွင် ဒေးဗစ်လည်း အများနှင့်အတူ တက်ရောက်ရသည်။ သေဆုံးသူရုပ်ကလာပ်ဘေး၌ ယင်း၏မိဘများသည်လည်းကောင်း၊ ဆရာများကျောင်းသားများသည်လည်းကောင်း ဆုတောင်းစာများကို ရွတ်ဆိုကြရသည်။ ပရိသတ်များ၏ မသက်သာသော မျက်နှာများကို တွေ့မြင်ရပြီး တစ်ဆက်တည်းပင်လျှင် ပထမဆုံး သေခြင်းဆင်းရဲအား အထိတ်တလန့် ခံစားတွေးတောမိသည်။ မိဘဆွေမျိုးများ၏ ပူပန်ရသော ဆင်းရဲကိုလည်း မျက်မြင်ခံစားရလေသည်။

(ဤနေရာတွင် (၁၉၃၀)ခုနှစ် နိုဝင်ဘာလထုတ် သူရိယ မဂ္ဂဇင်းမှ တောင်ငူမောင်ထွန်းရှိန်ရေးသော ဆောင်းပါးမှ မှုကွဲအကြောင်းတစ်ခုကို ကြားညှပ်တင်ပြလိုပါသည်။) ယင်းဆောင်းပါးမှ သက်ဆိုင်ရာ ထုတ်နုတ်ချက်မှာ-

““ဒေးဗစ်၏ မိသားစုအတွင်း သူ၏နှမငယ်ကလေးသေဆုံးသောအခါ သူ၏မိဘနှစ်ပါးစလုံးပင် ဆောက်တည်ရာမရအောင် အပူမီးလောင်မြိုက်ခြင်းကို မြင်ရလေသည်။ ထိုအခါ ငါ၏အဖေနှင့် အမေတို့သည် ခင်တွယ်မှုကြောင့် အိမ်ထောင်ပြုကြလေသည်။ သားသမီးပွားစည်းကြသည်။ ယခု သမီးကလေး သေဆုံးသောအခါ ခင်တွယ်မှုကြောင့်ပင် ဒုက္ခကြုံကြရသည်။ ငါမူကား ဤသို့

သို့ အဖြစ်မျိုး မတွေ့ကြုံရလေအောင် အိမ်ယာထောင်ခြင်း မပြုလိုတော့ ဗုဒ္ဓ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံပြီး သာသနာပြန့်ပွားအောင် ပြုတော့အံ့။ ဟူ၍ သန္နိဋ္ဌာန်ချလိုက်လေသည်။

အထက်ပါစာသားမှာ ဈာပနကိစ္စတွင် ဒေးဗစ်တွေ့မြင်ပုံနှင့် ကွာခြားလှသည်မဟုတ် သဘောတူသော်ငြား အဆင်လွဲနေသည်။ ဆရာ တောင်ငူမောင်ထွန်းရှိန်နှင့် ကျွန်မ ရေးသားချက် နှစ်မျိုးအနက် တစ်မျိုးသာ မှန်နိုင်ပါသည်။ ဘယ်စာက မှန်သည်ကို ဆုံးဖြတ်ရန် မတတ်နိုင်ပါ။ ဘယ်အဆိုက မှန်မှန် ဒေးဗစ်၏ နှလုံးသားတွင် သံဝေဂရသည်ကား အမှန်ဖြစ်ဖွယ်ရှိပေ၏။

ရေးလက်စကို ပြန်ကောက်ရသော် ထိုဖြစ်ရပ်ဖြစ်သည့်အချိန်တွင် ဒေးဗစ်သည် အရွယ်ရောက်စပြုလေပြီ။ ထို့နောက် ကျောင်းထုတ်ခြင်းခံရသော ဒေးဗဟ် အိမ်သို့ပြန်ရောက်လာသော် မိဘများက အပြစ်တင်ခြင်း မပြုကြပါ။ ပိန်ချုံးလာသော သားကို ကျန်းမာဝဖြိုးလာအောင်သာ ပြုစုကြလေသည်။

♦ ♦ ♦

## တောက်မည့်မီးခဲ တရဲရဲ

အိမ်သို့ ပြန်လာရသောဒေးဗစ်သည် မိမိကိုယ်၌က မယုံကြည်နိုင်သော အကြောင်းတစ်ရပ်ကို ယုံကြည်လေဟန် အာမဘန္တေမခံနိုင်ချေ။ ထို့ကြောင့် ကျောင်းထုတ်ခံရခြင်းများကို ခံနိုင်ရည်ရှိပါသည်။ သည်တစ်ကြိမ် ဤပုံ ကျောင်းထုတ်ခံရခြင်းသည်ကား သူ့အဖို့ ဗုဒ္ဓဘာသာ အရိုးအစဉ်ဘက်သို့ ချိန်ခွင်လျှာထွက်စေသော အကြောင်းဖြစ်နိုင်ပါသည်။ မြတ်ဗုဒ္ဓ၏ တရားတော်သာလျှင် စိတ်အေးချမ်းစေသော တရားစစ်တရားမှန် ဖြစ်သည်ဟု နက်နက်နဲနဲခံစားမိသည်။

သို့လျှင် ဗုဒ္ဓဘာသာအယူအဆကို လက်ခံယုံကြည်စေကာမူ တစ်နိုင်ငံလုံး၌ တစ်မျိုးတည်းသာရှိသော ခရစ်ယာန်ကျောင်းတစ်ကျောင်းကိုသာ ဝင်ရောက်ရပေဦးမည်။ ပညာသင်ကြားရေးကိုကား လက်လွှတ်၍မဖြစ်ချေ။ နောက်တစ်နှစ် ကျောင်းဖွင့်ချိန်တွင် ဒေးဗစ်သည် စိန့်သောမတ်စ်ကျောင်းသို့ ဝင်ရောက်သည်။ ထိုကျောင်းမှာ ကိုလန်ဘိုမြို့ မြောက်ပိုင်းတွင်ရှိသည်။ ကျောင်းသို့သွားရာလမ်းတွင် ဗုဒ္ဓဘာသာ ဘုရားကျောင်း တစ်ကျောင်းကို ဖြတ်သွားရသည်။

မိဘများ၏ ညွှန်ကြားချက်အတိုင်း ကျောင်းပိတ်ရက်ဖြစ်စေ

အားလပ်သည့် အချိန်ဖြစ်စေ ယင်းသို့ဝင်ရောက်ပြီး ကျောင်းထိုင်ဆရာတော်ထံ ဩဝါဒစကား နာယူရသည်။ ယင်းဆရာတော်ကား မိဘများ၏ ဆရာရင်းဖြစ်၍ အရှင် မိဂါတုဝေတီဂုနန္ဒ **(Migettuvete Gunananada)** ဘွဲ့တော်ဖြင့် ထင်ရှားသော ဘုန်းကြီးဖြစ်သည်။ တစ်နေ့ ထိုကျောင်းတွင် ဒေးဗစ်ရောက်နေခိုက် ဆရာတော်က ဖတ်ခွင့်ပြု၍ ဗုဒ္ဓဘာသာနှင့်ဆိုင်သော စာအုပ်တစ်အုပ်ကို ဖတ်ကြည့်ရသည်။ ထိုစာအုပ်ကား အက်ဒွင်အားနိုး **(Edwin Arnold)** ရေးဖွဲ့သော ကဗျာရှည်ကြီးဖြစ်လေသည်။ ဤနေရာတွင် ယင်းကဗျာရှည်ကြီးအား ရေးဖွဲ့သူ အကြောင်း အကျဉ်းမျှ ဖော်ပြရန် လိုအပ်ပါသည်။ အနာဂါရိက ဓမ္မပါလ အကြောင်း ဖြစ်စဉ်ကို ပဓါနထား ရေးသားသော်ငြား သူနှင့်အကြောင်းမကင်း၊ ဆက်စက်ခြင်းရှိသော အရေးပါသည့် ပုဂ္ဂိုလ်များကိုလည်း ချန်လှပ်ထား၍ မသင့်ပါ။

အက်ဒွင်အားနိုးသည် (၁၈၃၂)ခုနှစ်တွင် မွေးဖွားသော အင်္ဂလန်နိုင်ငံသားဖြစ်ပါသည်။ သူသည် အောက်စ်ဖို့ တက္ကသိုလ်မှ (၁၈၅၄)ခုနှစ်တွင် ဂုဏ်ထူးနှင့် ဘွဲ့ရထားသည်။ ငယ်စဉ်ကပင် ရှေးဟောင်းစာပေနှင့် ဘာသာရပ်ခြားစာစကားများကို လေ့လာရန် ဆန္ဒပြင်းပြသူဖြစ်ချေသည်။ ထို့ပြင် ကဗျာလင်္ကာ ရေးဖွဲ့ရန်လည်း ဝါသနာကြီးသူဖြစ်သည်။ သူကျောင်းထွက်ပြီးသော် အင်္ဂလိပ်ကိုလိုနီဖြစ်သော အိန္ဒိယနိုင်ငံရှိ သက္ကတဘာသာစာပေသင် 'ဖူးနား' ကောလိပ်တွင် ဆရာအဖြစ် အလုပ်ဝင်သည်။ များမကြာမီ 'ဖူးနား' ကောလိပ်၏ ကျောင်းအုပ်ကြီးဖြစ်လာလေ၏။ ဤဌာနတွင် အလုပ်လုပ်ခွင့်ရခြင်းသည် သူ့အတွက် "အချိုရှာ သကာတွေ့" ဆိုသကဲ့သို့ သူ့ဝါသနာနှင့် သူ့အလုပ်မှာ အံဝင်ခွင်ကျဖြစ်တော့သည်။ ကမ္ဘာပေါ်တွင် ယုံကြည်ကိုးကွယ်စရာ ဘာသာရပ်ကြီး (၄)ရပ်ရှိသည့်အနက် အိန္ဒိယနိုင်ငံသည် ရှေးဦးကျသော ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ ဘာသာအယူဝါဒကြီး နှစ်ရပ်ပေါ်ထွန်းရာ မူရင်းအစစ် ရေသောက်မြစ်ဖြစ်ပါသည်။

ထိုဘာသာကြီး နှစ်ရပ်အကြောင်းအရင်းဇစ်မြစ်မှ စ၍ ထိုခေတ်က ရေးသားထားသော သက္ကတစာပေမှစ၍ အခြားစာပေများ၊ ကျမ်းကြီးကျမ်းခိုင်များအား ကျောင်းအုပ်ကြီး စိတ်တိုင်းကျ ရှာဖွေလေ့လာ ဆည်းပူးနိုင်လေ၏။



Mudiyar Hewawitharana, father of Anagarika Dharmapala and who helped his son to propagate Buddhism and to establish The Maha Bodhi Society

ဓမ္မပါလ၏ဖခင် မူဒီလီယာဟေဝ ဝိသနေး



[illegible] Mallika Hewawitharana mother of
[illegible] was a force behind him

မွေ့ပါလ၏မိခင် မလ္လိကာ

သူလိုလားနှစ်သက်သော အိန္ဒိယ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုအရပ်ရပ်ကို သူကြိုးစားအားထုတ်သလောက်၊ သဘောပေါက်ခရီးရောက်သည်။ သူနှစ်သက်မြတ်နိုးရာ အိန္ဒိယနိုင်ငံကြီးသည် ယခုအခါတွင် ဗြိတိသျှအစိုးရ၏ လက်အောက်တွင် တိုင်းရင်းသားပြည်သူများ ဘယ်လောက်အထိ ဖိနှိပ်ချုပ်ချယ်ခံနေကြရသည်ကို အတွင်းကျကျ မျက်မြင်ကိုယ်တွေ့ သိမြင်လာသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံမှ ရှေးအတိတေကတည်းက ပေါ်ထွန်းခဲ့လေသော ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့ ညှိုးမှိန်သိမ်ငယ်နေရသည်ကိုလည်း ကိုယ်ချင်းစာ နာဂရုဏာထားတတ်လာသည်။ သူနှစ်အတန်ကြာ လေ့လာရှာဖွေ တူးဖော်ခဲ့သော ဗုဒ္ဓဘာသာ၏ ယထာဘူတကျသော သွန်သင်ဆုံးမမှုမကိုလည်း တချိန်ထက် တချိန် သဘောပေါက်လက်ခံလာသည်။

ဖူးမားကောလိပ်ကျောင်းအုပ်ကြီးအဖြစ် (၁၀)နှစ်ကျော် အမှုထမ်းပြီးသော် အလုပ်မှထွက်ပြီး အင်္ဂလန်သို့ပြန်သွားသည်။ အင်္ဂလန်တွင် ဒေးလီးတယ်လီဂရပ် သတင်းစာတွင် နှစ်ပေါင်း (၂၀)ကျော် လုပ်ကိုင်ခဲ့စဉ်အတွင်း စာပေအမျိုးမျိုးရေးသည်။ ရေးခဲ့သမျှစာပေများအနက် အိန္ဒိယနိုင်ငံ၏ ဘာသာရေး ယဉ်ကျေးမှုနှင့် စပ်ဆိုင်သော စာမျိုးက အများစုဖြစ်သည်။

သို့ရှိရာတွင် (၁၈၇၉) ခုနှစ်အတွင်းက သူရေးခဲ့သော "အာရှ၏ အလင်းရောင်" **(Light of Asia)** ကဗျာရှည်ကြီးကို ရေးသားထုတ်ဝေလိုက်သောအခါ အင်္ဂလိပ်စာဖတ်ပရိသတ်များအတွက် စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ရပ်ကို ပေးအပ်လိုက်သကဲ့သို့ အကျိုးသက်ရောက်သွားလေသည်။ ယင်း အာရှ၏ အလင်းရောင်ကဗျာကြီးကား သူ၏နှလုံးသားမှ ယုံကြည်ချက်နှင့် ခံစားမှုများအား ဉာဏ်စွမ်းရှိသလောက် အိတ်သွန်ဖာမှောက် ရေးချလိုက်ခြင်းပင်ဟု ယူဆရပါသည်။ ယင်းကဗျာရှည်ကြီး၏ တွင်ကျယ်မှုမှာ နိုင်ငံတော်များများတွင် ဘာသာရပ်အမျိုးမျိုးဖြင့် ရိုက်နှိပ်ထုတ်ဝေရသည်။ ယင်းစာအုပ်ကြောင့် အရှေ့တိုင်းမှ ဗုဒ္ဓဘာသာဆိုသည့် ဘာသာရပ်အကြောင်းကို အနောက်နိုင်ငံသားများ နားလည်အကဲခတ်ခွင့် ရကြလေသည်။

ထို့နောက်များမကြာမီတွင် အက်ဒွင်အားနိုးအား စာရေးဆရာ အကျော်အမော်အဖြစ်ဖြင့် အင်္ဂလန်အစိုးရက "ဆာ" ဘွဲ့ချီးမြှင့်ခြင်းခံစားရသည်။

“ဆာအက်ဒွင်အားနိုး” ဖြစ်လာခြင်းမှာ (၁၈၈၀) ခုနှစ်ခန့်က ဖြစ်ပါသည်။ ထို့နောက် ဆရာကြီးသည် သူ့ကိုယ်သူ “ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ ဟူ၍ ပြောဆိုသုံးနှုန်းလေ့ရှိကြောင်းသိရပါသည်။ သူသည် (၁၉၀၄) ခုနှစ်တွင် ကွယ်လွန်သည်။

ဒေးဗစ်အကြောင်းပြန်ကောက်ရသော်-

အာရှ၏အလင်းရောင်စာအုပ်ကို သူဖတ်ရသောအချိန်မှာ (၁၆)နှစ်သားအရွယ်ရှိလေပြီ။ သူသည် မိမိတို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့နိုင်ငံမှာပင် တစ်စတစ်စ အမှောင်ဖုံးလာသော အခြေအနေကို ကောင်းကောင်းသိပါသည်။ ထို့ကြောင့် မခံချိမခံသာဖြစ်နေသော ဒေးဗစ်အဖို့ ယင်းစာအုပ်ကို ဖတ်ခွင့်ရလိုက်ခြင်းသည် သူ့အား နိုးကြားတက်ကြွလာစေသည်။ အမိုက်အမှောင်မှ မီးရှူးတန်ဆောင်ကို လှမ်းမြင်ရသကဲ့သို့ အတွေးအမြင် ပွင့်လင်းလာတော့သည်။ အထပ်ထပ်ဖတ်သည်။

ထို့နောက် မကြာခင် အနောက်နိုင်ငံမှ သီအိုဆိုဖီအသင်း **(Theosophi Society)** မှ လူကြီးများဖြစ်ကြသော မဒမ်ဘလာဗက်စကီး **(Blavastsky)** နှင့် ကာနယ်လ်စတီအော်ကော့ **(Cclonel. H. Steel Olecot)** တို့အဖွဲ့သည် အသင်းကိစ္စဖြင့် အိန္ဒိယနိုင်ငံလာကြမည်ဖြစ်ကြောင်း ဆရာဘုန်းတော်ကြီးက အမိန့်ရှိသည်။ တစ်ဆက်တည်းပင် သီအိုဆိုဖီ အသင်းဆိုသည်မှာ ဘာသာရပ်ပေါင်းစုံ သဘာတရားအားလုံးကို လေ့လာဆန်းစစ် အနှစ်ထုတ်ပြီး အကောင်းဆုံး အမှန်ဆုံး ဖြစ်လောက်သည်ဟူသော ဦးတည်ချက်ဖြင့် ဖွဲ့စည်းထားသော အသင်းဖြစ်ကြောင်း ရှင်းလင်းပြောပြလေသည်။ ဒေးဗစ်သည် အကြောင်းစုံကြားသိရပြီးသော် လာရောက်ကြမည့် ပုဂ္ဂိုလ်ကြီးများအား အိန္ဒိယသို့ရောက်လျှင် မိမိတို့ သီဟိုဠ်နိုင်ငံသို့လည်း အရောက်လာကြပါရန် အသင်းသို့ လိပ်မူ၍ ဖိတ်ကြားစာရေးလိုက်သည်။

သီအိုဆိုဖီအဖွဲ့သည် (၁၈၈၀)ခု မေလ (၁၅)ရက်နေ့တွင် ကိုလန်ဘိုမြို့သို့ ရောက်လာကြရာ ထိုနေ့တွင် ဗုဒ္ဓဘာသာဝင် လူကြီးများက တခမ်းတနားခရီးဦးကြိုဆိုကြလေသည်။ ကာနယ်လ်စတီလ်အော်ကော့ အား၊ ကာနယ်လ်ဟုခေါ်တွင်ခြင်းမှာ (၁၈၆၀-၁၈၆၅) ခုနှစ်အတါင်း အမေရိကန်၌ ပြည်တွင်းစစ်



http://www.cherrythitsar.org



The great Hawaiian lady, Mrs Mary Elizabeth Foster was the 'Foster parent' of Anagarika Dharmapala

မစ္စက်မေရီအယ်လစ်ဇဘတ် ဖော်စတာ

ဖြစ်ပွားစဉ်က ကာနယ်လ်အဆင့်ဖြင့် စစ်ဗိုလ်ဖြစ်ခဲ့ဘူး၍ ဖြစ်ပါသည်။

မဒမ်ဘလာဗက်စကီးမှာ ရုရှားမင်းမျိုးမင်းနွယ်ထဲမှ ဆင်းသက်လာသော ပညာတတ် လူကုံထံ အမျိုးသမီးကြီးဖြစ်ပါသည်။ ယင်းတို့အဖွဲ့က ကိုလန်ဘိုမြို့တွင် သီအိုဆိုဖီအကြောင်း ဟောပြောပွဲလုပ်သောအခါ ဒေးဗစ်သည် သူ့ဖခင်၊ သူ့ဘကြီးတို့နှင့်အတူ တက်ရောက်နားထောင်သည်။ အသင်း၏ ဦးတည်ချက်များကို သဘောကျသော ဒေးဗစ်သည် ကာနယ်လ်တို့နှင့် မိတ်ဖွဲ့သိကျွမ်းခွင့်ရသောအခါ ယင်းတို့အား သူ့ဆရာဘုန်းကြီးကျောင်းသို့ ခေါ်သွားသည်။ ဆရာဘုန်းတော်ကြီး အရှင်မိဂါတုဝေတီ ဂုနန္ဒကိုယ်တော်က လူမျိုးခြားဧည့်သည်များအား ဗုဒ္ဓဘာသာ၏ အခြေခံအယူအဆ သဘောတရားများကို ရှင်းလင်းပြောပြလေသည်။

ကာနယ်လ်တို့အသင်းလူကြီးများက မေးသော ခဲရာခက်ဆစ်မေးခွန်းများကိုလည်း သူတို့ကျေနပ်အောင် အဖြေပေးနိုင်သည်။ ဆရာတော်မှာ စာပေကျမ်းဂန်တတ်သည်နှင့်အမျှ အပြောအဟောကောင်းလှသည်။ ကာနယ်လ်နှင့် မဒမ်ဘလာဗက်စကီးတို့ လူစုကလည်း ဗုဒ္ဓဘာသာ၏ သဘာဝကျစေသော အယူအဆနှင့် စင်ကြယ်သော ကျင့်စဉ်များအား ဘဝင်ကျနှစ်သက်ပါသည်။ ဗုဒ္ဓတရားတော်အရ လူသတ္တဝါဟူသမျှသည် မိမိပြုသော အကြောင်းတရားကြောင့် တူညီသော အကျိုးတရားရရှိစမြဲဖြစ်သည်။ လူတိုင်းလူတိုင်းသည် မိမိ၏ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးရာတွင် မိမိ၏အပြုအမူသည်သာ ပဓါနဖြစ်သည်။ တစ်ဦးတစ်ယောက်က လူအပေါင်းကို ဖန်ဆင်းခြင်း ဖန်တီးခြင်း မပြုနိုင်ဟူသော အဆိုအမိန့်တရားသဘောကို လက်ခံကြလေသည်။

ဗုဒ္ဓဘာသာ အယူဝါဒသည် အဓိပ္ပါယ်ပြည့်ဝ
ခိုင်လုံသော အကြောင်းအကျိုးဆီလျော်သည့်
လမ်းစဉ်ကို ညွှန်ပြသော ဘာသာပေတည်း။

ဟူ၍ သိမှတ်ကြသည်။ ယင်းတို့အဖွဲ့သည် သီဟိုဠ်တွင် ရက်အတန်ကြာလေ့လာကြပြီးနောက် အိန္ဒိယနိုင်ငံသို့ ခရီးဆက်ကြသည်။ ထိုအချိန်မှစပြီး ဒေးဗစ်နှင့် အဆက်အသွယ်မပြတ်ကြပေ။ အပြန်အလှန် စာရေးကြသည်။

ဒေးဗစ်သည် ဖခင်ကြီး၏ အစီအစဉ်အရ ကျောင်းတက်လျက်နှင့်ပင်



http://www.cherrythitsar.org

ဖခင်၏လုပ်ငန်းများတွင် အချိန်ရသလို ကူညီလုပ်ကိုင်ပေးရသည်။ ဖခင်သည် သားအားအနီးကပ် အကဲခပ်ကာ ဗုဒ္ဓယဉ်ကျေးမှုတရားသဘောမှ မလွတ်အောင် သတိပေးနေမြဲဖြစ်လေသည်။ ဒေးဗစ်သည် စာတော်သူဖြစ်သော်လည်း ငယ်စဉ်ကစပြီး တစ်ကျောင်းပြီးတစ်ကျောင်း တစ်ပြောင်းတည်း ပြောင်းရခြင်းကြောင့် အချိန်အလဟဿ ဖြစ်သည့်အခါဖြစ်ရသည်။

(၁၈၈၃)ခုနှစ်တိုင်ရောက်သော် မက်ထရစ် **(Metric)** တန်းရောက်လာပြီ၊ သို့သော် စာမေးပွဲကြီးဖြေရတော့မည့်အချိန်မှာ မဖြေရတော့ချေ။ ဘာ့ကြောင့်ဆိုသော် ဆင်ဟာလိစ်ဘာသာရေးလှည့်လည်ပွဲ အခမ်းအနားတစ်ရပ်တွင် ကက်သလစ်ဘာသာဝင်များက နှောင့်ယှက်ခံရခြင်းကြောင့်ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ ပုလိပ်သားများက ကက်သလစ်များဘက်သို့ ပင်းသည်ဟု ယူဆကြ၍ အုံကြွမှုဖြစ်လေသည်။ ဤတွင် စာသင်ကျောင်းများ ပိတ်လိုက်ရလေ၏။ ယင်းအုံကြွမှုမှာ အသေးအဖွဲ့မျှမဟုတ်။ ထိုဖြစ်ရပ်ကို သတင်းကြားရသော ကာနယ်လ်အော်ကော့နှင့် မဒမ်ဘလာဗက်စကီးသည် စိုးရိမ်မကင်းဖြစ်ပြီး ရောက်လာကြပြန်သည်။ အရေးအခင်းကား အေးချမ်းနေပေပြီ။

ယင်းတို့ရောက်လာကြသောအခါ ဒေးဗစ်သည် သီအိုဆိုဖီအသင်းသို့ မိမိဝင်ရောက်ခွင့်ရပါက ဗုဒ္ဓအယူဝါဒပြန့်ပွားအောင် တစ်နည်းတစ်ဖုံဆောင်နိုင်ပေလိမ့်မည်ဟု ကြံမိသည်။ ထို့ကြောင့် အသင်းဝင်ခွင့်ပြုရန် ပန်ကြားလေသည်။

ကာနယ်တို့ အသင်းလူကြီးများလည်း ဒေးဗစ်၏ စိတ်အားထက်သန်မှုနှင့် အရည်အသွေးထက်မြက်မှုတို့ကို အကဲသိပြီးဖြစ်သောကြောင့် သီအိုဆိုဖီအသင်းသားအဖြစ် ဝင်ခွင့်ပြုလိုက်ကြပါသည်။

ထိုအချိန်တွင် ကာနယ်လ်နှင့် မဒမ်ဘလာဗတ်စကီးတို့ နှစ်ဦးလုံးသည် သရဏဂုံသုံးပါးနှင့် တကွသော ပဥ္စသီလကို ဆောက်တည်ခဲ့ပြီး လူသိရှင်ကြား ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူပြီးခဲ့ကြလေပြီ။

♦ ♦ ♦

## ဒေးဗစ်မှ အနာဂါရိက ဓမ္မပါလသို့

(၁၈၈၄)ခုနှစ်၊ ဒီဇင်ဘာလ၌ သီအိုဆိုဖီ အသင်းသားများသည် အိန္ဒိယနိုင်ငံ အက်ဒယာမြို့ (**Adyar**)သွားရန် စီစဉ်သည်။ ဒေးဗစ်ကိုလည်း အတူလိုက်ခဲ့ရန်ပြောသည်။ ဒေးဗစ်က ဖခင်ကြီးထံ လိုက်ပါခွင့်တောင်းသော်ငြား ဖခင်နှင့်အဘိုးဖြစ်သူက သဘောမတူကြပါ။ ခရီးထွက်ချင်လှသော ဒေးဗစ်မှာ အခက်ကြုံနေသည်။ မဒမ်ဘလာဗက်စကီးသည် သူ့မိဘများထံသွားပြီး သားအတွက်အရာရာစိတ်ချရန် သူတို့နှင့်အတူ လိုက်ပါခွင့်ပြုပါရန် အန္တရာယ် မရှိစေရပါ-ဟု၊ အာမခံ စကားပြောကာမှ လိုက်ခွင့်ရတော့သည်။

အိန္ဒိယနိုင်ငံ အက်ဒယာမြို့သို့ ရောက်ရှိ၍ အတူတကွနေထိုင်ကြကာ အသင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ သို့အတူနေရင်း၊ ကာနယ်လ်တို့နှင့်ပိုမို ရင်းနှီးလာ၍ ဗုဒ္ဓဒေသနာ အယူအဆများကို လေ့လာနှီးနှောဖြစ်ကြသည်။ အားလုံးပင် ဗီဇပါရမီဉာဏ်နှင့် ထက်သန်သော ဝီရိယရှိကြသူချည်း ဖြစ်သောကြောင့် တစ်ဦး၏ ဆိုလိုရင်းကို တစ်ဦးက သဘောပေါက်နားလည်ကြသည်။ အသက် (၂၀)ခန့်ရှိပြီဖြစ်သော ဒေးဗစ်ကလည်း စကားဝိုင်းတွင် အတန်အသင့်မျှ



http://www.cherrythitsar.org

ဦးဆောင် ဆွေးနွေးနိုင်လေသည်။ ကာနယ်လ်တို့ဘက်မှလည်း ဗုဒ္ဓအခြေခံ ဓမ္မသဘောတွင် သိသာစွာ ပေါက်မြောက်လာကြသည်။

တစ်နေ့တွင် မဒမ်ဘလာဗက်စကီးက ဒေးဗစ်အား အပါးသို့လာရန် ခေါ်ပြီးလျှင် ''ရှေ့ကာလတွင် ပါဠိစာပေကို အထူးကြိုးစားသင်ယူရန်နှင့် လူ့လောက ကောင်းကျိုးကို ဆထက်ထံပိုးဆောင်ကြရန်'' အကြံပေးစကားပြော သည်။ ဒေးဗစ်ကလည်း သဘောတူလက်ခံ၍ သူ၏အဆုံးအမတွင် တည်ပါ မည်ဟု ကတိပြုလေသည်။ ယင်းကတိစကားအတိုင်း လိုက်နာကျင့်ဆောင်ရန် လည်း စိတ်ရင်းဖြင့် ပိုင်းဖြတ် သန္နိဋ္ဌာန်ချထားလိုက်လေ၏။

အက်ဒယာတွင် လုပ်ဆောင်ဘွယ်များပြီးစီးသော် ဒေးဗစ်ကို သီဟိုဠ်ရှိ မိဘများထံ လိုက်ပို့ပြီးနောက် အင်္ဂလန်သို့ပြန်သွားကြလေပြီ။ ဒေးဗစ်သည် ကိုလန်ဘိုရှိ အသင်းအဆောက်အဦတွင် အသင်းလုပ်ငန်းများအား စိတ်ပါ လက်ပါ လုပ်သည်။ အလုပ်ပိုမိုလုပ်နိုင်ရန် ဆန္ဒပြင်းပြလာသည်။ ထို့ကြောင့် မိမိနေအိမ် မိသားစုမှ ခွဲထွက်ပြီး သီအိုဆိုဖီအသင်းတိုက်သို့ ပြောင်းရွှေ့နေခွင့်ပြုရန် မိဘ များအား ခွင့်ပန်သည်။ ဖခင်ကြီးက ''အိမ်တွင် သားကြီးမရှိလျှင် ညီငယ်များ ကို ဘယ်သူစောင့်ရှောက်မည်နည်း''ဟုဆိုသည်။ ဒေးဗစ်ကလည်း ''လူတိုင်း လူတိုင်း သူ၏ကံအလျောက် ဖြစ်တည်ကြရကြောင်း၊ မိမိမှာမူကား သာသနာ့ ကောင်းကျိုးကို ဘဝတစ်လျှောက်လုံးနှစ်ပြီး လုပ်ဆောင်သွားတော့မည် ရည်ရွယ် ထားပါကြောင်း''ဖြင့် ဖခင်ကြီးအား ဖျောင်းဖျသည်။

မိခင် မလ္လိကာကမူ အသင်းရုံးသို့ သားမောင် ပြောင်းရွှေ့နေမည်ကို ကန့်ကွက်ခြင်းမပြုပါ။ နောက်တွင် ဒေးဗစ်၏ ဆန္ဒအတိုင်း ခွင့်ပြုလိုက်ကြပေ သည်။ ထိုနှစ်ကား (၁၈၈၅)ခုနှစ် နှိဝင်ဘာလတွင်ဖြစ်သည်။

(၁၈၈၆)ခုနှစ်တွင် ဒေးဗစ်အသက် (၂၂)နှစ်ရှိလေပြီ။ အသင်းတိုက် တွင်နေပြီး အသင်းလုပ်ငန်းများအား လုပ်ကိုင်ရင်း ဗုဒ္ဓသာသနာ ပြန့်ပွားရေး အတွက်လည်း မေ့လျော့ခြင်းမရှိပါ။ ယခုအခါ အသက်အရွယ်လည်း ပြည့် မြောက်လေပြီ။ လူဝတ်ကြောင်မှ ဗြဟ္မစာရီဘိက္ခု **(Barhmachari)** ဘဝသို့ ကူးပြောင်းရန် ဆန္ဒရှိသည်။ ယင်းဆန္ဒနှင့်အတူ ကျောင်းသားတုန်းက ခံယူခဲ့ သော ဒေးဗစ်ဟေဝဗိတနေးအမည်အား အပြီးစွန့်လွှတ်ပြီး ဘိက္ခုအမည်

ခံယူတော့မည်။

ယင်းဆုံးဖြတ်ချက်အရ မိခင်၏ခွင့်ပြုချက်ကို ရယူပြီးသော် "အနာဂါရိက ဓမ္မပါလ" ဘွဲ့ခံယူလျက် ဘိက္ခုဘ၀ရောက်လာတော့သည်။ အနာဂါရိက ဓမ္မပါလ **(Anagrika Dhamapala)** ၏ အဓိပ္ပါယ်မှာ "အိမ်ရာမထောင် တရားဆောင်သူ" ဟုဖြစ်ပါသည်။ သို့လျှင် အိမ်ရာမထောင် တရားဆောင်သူ အနာဂါရိက ဓမ္မပါလ ဘိက္ခုသည် အဓိပ္ပါယ်ပြည့်၀သော ဘွဲ့မည်နှင့် လျော်ညီစွာ တစ်သက်ပန်လုံး အခြားမရှိ နေထိုင် ကျင့်ကြံသွားရန် သံမဏိ သန္နိဋ္ဌာန် ချမှတ်လိုက်လေ၏။

ဤအချိန်တွင် သူ၏ သူငယ်ချင်းများကား ကျောင်းတုန်းကအတိုင်း ခရစ်ယာန်အမည်ကိုသာစွဲမြဲ အသုံးပြုလျက်ရှိကြသည်။

ယင်းသည့်နေ့မှစ၍ ဘိက္ခုဘ၀နှင့် သီဟိုဠ်ရှိ သီအိုဆိုဖီအသင်း ဗုဒ္ဓဘာသာ ကဏ္ဍ၏ အတွင်းရေးမှူးအနေဖြင့် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများနှင့် ပတ်သက်သမျှ ကိစ္စများအား တာ၀န်ယူ ဆောင်ရွက်သည်။

အသင်းလူကြီးများကလည်း သူ့အား စိတ်ထက်သန်ဆန္ဒကြီးသူဟူ၍ ယုံယုံကြည်ကြည် အားပေးကြသည်။ ဤနေရာမှစပြီး ဘွဲ့အသစ် ဓမ္မပါလဟုသာ သုံးနှုန်းဖော်ပြပါရစေ။

ထိုအချိန်မှစ၍ ဓမ္မပါလ သူတော်စင်၏
ကနဦးအခန်းကဏ္ဍ စတင်လေပြီ။

♦ ♦ ♦

## မဟာဗောဓိအသင်းတည်ထောင်ခြင်းနှင့် ပွဲဦးထွက်ခြေလှမ်း

ဓမ္မပါလသည် မိမိလုပ်ငန်းစဉ်စတင်ရန် မည်သည့်အလုပ်ကို ရှေးရှူဦးတည်ရပါမည်နည်းဟူ ကြံစည်သည်။ အသက်မှာ (၂၅)နှစ်ကျော်ဖြစ်၍ အသက်ဓာတ်အား အပြည့်ဝဆုံးအရွယ်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ရောစိတ်ပါ တက်ကြွစွာဖြင့် ရှေ့ဆက်ရမည့် ခြေလှမ်းအတွက် ဇောကပ်လျက်ရှိသည်။

မိမိသည် သီအိုဆိုဖီအသင်းတွင်ပင် လုပ်ကိုင်နေရုံဖြင့်မပြီးသေး ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သီးခြားအသင်းတစ်ခုထူထောင်ရသော် ပိုကောင်းမည်ဟု အကြံပေါက်လာသည်။ ယင်းအကြံကို ကာနယ်လ်အော်လ်ကော့နှင့် ဖွင့်ဟတိုင်ပင်သော် သူကလည်း သဘောတူထောက်ခံလေသည်။ လိုအပ်သလို ကူညီဆောင်ရွက်ပေဦးမည်ဟု ကတိပေးသည်။

ထို့နောက် မိဘ၊ ဆရာ၊ မိတ်ဆွေရင်းချာများ၏ ရိုင်းပင်းမှုဖြင့်စတင်သည်။ အသင်းတစ်သင်း ထူထောင်ရန်မှာ ရန်ပုံငွေရှာဦးမှဖြစ်မည်။ ကာနယ်လ်ထံသို့ စာရေးတိုင်ပင်သည် (၁၉၈၁)ခုမတ်လတွင် ကာနယ်လ်နှင့် အတူ မြန်မာပြည်သို့လာကြသည်။ ရန်ကုန်မြို့ရောက်သောအခါ ဆင်ဟာလိစ် လူမျိုး ပန်းတိမ်ဆရာတစ်ဦး၏အိမ်တွင် တည်းခိုကြသည်။ ယခင်ကပင် သိကျွမ်းဖူး



http://www.cherrythitsar.org

သော မောင်ဖိုးမျှင်ကို ရှာ၍တွေ့သည်။ ယင်းတို့နှင့်အတူ ဗုဒ္ဓဘာသာဝင် လူကြီးများအား အကျိုးအကြောင်းပြောပြကာ ရန်ပုံငွေထည့်ဝင်ကြရန် ဟောပြော ကြသည်။

ရန်ကုန်မြို့တွင် မျှော်သင့်သလောက် ရန်ပုံငွေ မရခဲ့သော်လည်း အားတက်ဖွယ် ကတိစကားများ ကြားသိရပါ၏ တစ်ဆက်တည်း ရခိုင်ဘက်သို့ ခရီးဆက်ကြပြန်သည်။ ရန်ကုန်မြို့မှာထက် ပိုမို အားပေးထောက်ခံမှု ရကြသည်။

မြန်မာပြည်မှ ပြန်လာကြပြီးနောက် (၁၉၈၁)ခု၊ မေလ (၃၁)ရက်နေ့ တွင် ကိုလန်ဘိုမြို့မှ မဟာဗောဓိအသင်းကို တည်ထောင်ကြပါသည်။ အရာရာ စီစဉ်ညွှန်ကြားသူ ဒါရိုက်တာမှာ ကာနယ်လ်အော်ကော့ဖြစ်သည်။ အသင်းသား ဦးရေ (၁၂)ယောက်ဖြစ်ပါသည်။ အသင်းဥက္ကဋ္ဌမှာ အရှင် သုမင်္ဂလမထေရ် **(ven:Sumangala)** ဖြစ်၍ အတွင်းရေးမှူးမှာ ဓမ္မပါလဖြစ်သည်။ အသင်းသား နည်းပါးသော်ငြား လုပ်ဆောင်စရာများကို ထောင့်စေ့အောင် ဆောင်ရွက်နိုင် သည်။

အသင်း၏ အမှတ်တံဆိပ် အလံတော်တစ်ခု လိုအပ်လာသည်။ အလံ တော်ပုံစံနှင့် အရောင်ကို ကာနယ်လ်အော်လ်ကော့ကပင် တီထွင်ရေးဆွဲပေးပါ သည်။ အလံတော်ပုံစံမှာ အလျားလိုက်နှင့် အဖျားပိုင်းတွင် ကန့်လန့်ဖြတ် အရောင် (၆)မျိုး ပါပါသည်။ မြတ်ဗုဒ္ဓ၏ ရောင်ခြည်တော် (၆)သွယ် ထုတ်လွှင့် ခြင်း အဓိပ္ပါယ်ဆောင်သည်။ ကာနယ်လ်သည် အရှေ့နိုင်ငံများ၌ ဗုဒ္ဓသာသနာ ထွန်းကားလာတော့မည့် အထိမ်းအမှတ်ကို ဖော်ဆောင်သည့် ပုံစံနှင့် အရောင် တီထွင်ခြင်းဖြစ်သည်။ ယခုအခါ ကျွန်မတို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ တသမတ်တည်း ကိုင်ဆောင်သော သာသနာ့အလံတော်ပင်ဖြစ်ပေသည်။

မဟာဗောဓိအသင်းတည်ထောင်ခြင်း တစ်လခန့်ရှိသော် အရှင်ဓမ္မပါလ သည် ကနဦးကတည်းက စိတ်ကူးထားသည့် အကြံကို အကောင်အထည်ဖော်ရန် စိုင်းပြင်းသည်။ သူ့ စိတ်ကူးမှာ လာမည့် မြန်မာပြက္ခဒိန်အရ ကျရောက်သော ဝါဆိုလပြည့်နေ့တွင် မြတ်ဗုဒ္ဓတရားဦး ဟောကြားရာ အိန္ဒိယနိုင်ငံ ဗာရာဏသီ မြို့အနီးရှိ မိဒဂါဝုန်တောသို့ အရောက်သွားကြပြီး ဓမ္မစကြာဝတ္တနသုတ်တော်ကို



http://www.cherrythitsar.org

ရှုတ်ဆိုပူဇော်ကြရန် အကြံကောင်းဖြစ်သည်။

အသင်း၏ ပထမဦးဆုံး လုပ်ဆောင်ချက်အဖြစ် မြတ်ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာ ဒေသနာတော်ကို ရွတ်ဆိုဖွင့်လှစ်ရန် စိတ်ကူးမှာ လျော်ကန်လှပါ၏။ သူ၏အစီအစဉ်ကို အသင်းအား ပြောပြတိုင်ပင်သောအခါ ကန့်ကွက်သူမရှိ သော်လည်း အိန္ဒိယနိုင်ငံသို့ သွားရမည့် ခရီးကို လိုက်ပါလိုသူမရှိဘဲ ဖြစ်နေ သည်။ နောက်ဓမ္မပါလက ခရီးစရိတ်ပါ တာဝန်ယူမည့် အကြောင်းနှင့် လိုက် ဖြစ်ကြလေအောင် ဖျောင်းဖျ သိမ်းသွင်းသောအခါမှ နိကာယရဘိက္ခု (၄)ပါးက လိုက်ပါရန် သဘောတူကြလေသည်။

ဤခရီးစဉ်ကို မိဘများအား ရှင်းလင်းပြောပြ ခွင့်တောင်းသည်။ ဤ တွင် မလ္လိကာ မယ်တော်က ခရီးစရိတ်အဖြစ် အိန္ဒိယသုံး ရူပီးငွေ (၆၀၀)ပေး လှူလိုက်လေသည်။ (၁၈၉၁) ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့တွင် ကာလ ကတ္တားမြို့သို့ ရောက်လာကြသည်။ ဓမ္မပါလာနှင့်အတူ လိုက်ပါလာသော ဘိက္ခုများမှာ

ဘိက္ခုချန္ဒဂျိုတီ

ဘိက္ခုသုမင်္ဂလ

ဘိက္ခုအနုဓါရပူရဘိမန္ဒ

ဘိက္ခုသုဒဿန

ကာလကတ္တားမြို့မှ ခရီးဆက်ကြသော် ရှေးရှုရာဒေသ မိဂဒါဝုန်တော သို့ ဇူလိုင်လ (၁၅)ရက်နေ့တွင်မှ ရောက်ကြလေသည်။

ဘိက္ခုငါးပါးတို့အဖွဲ့သည် ဦးတည်ရှေးရှုလာခဲ့သော မိဂဒါဝုန်တော ဣသိပတ္တန ဒေသအခေါ် ဆာနတ်သ် **(Sarnath)** သို့ ရောက်လာကြပြီး ညချမ်း အချိန် မိဂဒါဝုန် သမင်ပေါသည့် တောရဂုံသို့ ဝင်မိကြလေပြီ။

နတ္တလက္ခဏာဟုတ်တော် ဟောကြားရာနေရာ၏ အထိမ်းအမှတ်အဖြစ် တည်ထားသော ဓမ္မေစေတီကြီးအပါးတွင် နားနေကြသည်။ (ထိုရှေးဟောင်း စေတီကြီးအား ကျွန်မတို့ ဖူးမျှော်ခဲ့ရစဉ်က စစ်ကိုင်းမြို့အနီးရှိ ကောင်းမှုတော် စေတီကြီး၏ အရွယ်တော်ခန့်ရှိလောက်သည်ဟု စိတ်မှန်းကြည့်မိပါသည်)။ နှစ်ပေါင်းများစွာက တည်ထားခဲ့သော စေတီတော်ကြီးဖြစ်သောကြောင့် အထက်



http://www.cherrythitsar.org

ပိုင်းမရှိတော့သော်လည်း လုံးဝန်းခန့်ထည် ကြည်ညိုဘွယ်ရှိလှပါသည်။ အောက်ခြေတွင် ကျောက်သားအပေါ်ပိုင်းကို အုတ်ဖြင့် ဆောက်သည်။

ဘိက္ခုုုငါးပါးတို့သည် ယင်းစေတီကြီးနှင့် မလှမ်းမကမ်းနေရာတစ်ခုတွင် စခန်းချကြလျက် ဝါဆိုလပြည့် ညဦးလထွက်ချိန်ကို စောင့်လင့်နေကြလေသည်။ ဗုဒ္ဓသာသနာ့အလံတော်ကို စိုက်ထူပြီး လဝန်းပေါ်ထွက်လာသောအခါ အရှေ့အရပ်ကို မျက်နှာပြုကြပြီးလျှင် ဆောင်ယူလာခဲ့ကြသော ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသော ပစ္စည်းများကို မြတ်ဗုဒ္ဓကို အာရုံပြုဆက်ကပ်ကြသည်။ ထို့နောက် မြတ်ဗုဒ္ဓ၏ တရားဦးဖြစ်သော ဓမ္မစက္က ပဝတ္တနသုတ်တော်ကို ညီညာဖြဖြ သံပြိုင်ရွတ်ဆိုပူဇော်ကြလေသည်။

ဤတောအုပ်၊ ဤနေရာ၊ ဤသို့သော ဝါဆိုလပြည့်ည ရွှမ်းမြသော လရောင်အောက်တွင် မြတ်ဘုရားသည် ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဦးဟောကြားနေဟန်ကို စိတ်မျက်စေ့တွင် ထင်ယောင်မြင်ယောင်ဖြစ်လျှက် အတိုင်းမသိ ညွတ်နူးကြည်ညိုသော ပီတိအဟုန်ဖြင့် အာရုံပြုကြလေ၏။

လပြည့်ဝန်း ထွက်ပြူစအချိန်ဖြစ်သောကြောင့် ကြည်လင်သော ကောင်းကင်တွင် လမင်းသည် ဝင်းလျှံအေးမြသော ရောင်ခြည်ဖြင့် လောကတစ်ခွင်ကို အလှဆင်လျက်ရှိသည်။

မြတ်ဗုဒ္ဓကိုယ်တော်ကိုင် ပထမဦးဆုံး ဟောကြားရာဒေသ၊ ဟောကြားသည့်နေ့၊ ဟောကြားသည့်အချိန်တွင် ပထမဆုံးကြားနာရပေသော ပဉ္စဝဂ္ဂီငါးဦးကဲ့သို့ မိမိတို့ ငါးပါးသည်လည်း ယခုအချိန်တွင် ဤနေရာတော်၌ ရောက်ရှိရွတ်ဖတ်ပူဇော်လျက် ရှိကြသည်။ စိတ်နှလုံးကြည်မွေ့ဆွတ်ပျံ့ဖွယ်ကောင်းပေစွ။ မိမိတို့အဖွဲ့၏ ပထမဆုံးခြေလှမ်းအဖြစ် စတင်လုပ်ဆောင်ခြင်းမှာ အောင်မြင်လေပြီ။ ထိုသည့်ခံစားမှုဖြင့် ဓမ္မပါလအရှင်သည် အတိုင်းမသိ ကျေနပ်အားရလျှက်ရှိသည်။

ဓမ္မပါလအရှင်၏ ပထမဆုံး စိတ်ကူးနှင့် ရေးဆွဲခဲ့သော အစီအစဉ်ကား ဆီလျော်သင့်မြတ်လှပေသည်တကား။

ဓမ္မပါလအရှင်သည် စိတ်အာရုံတွင် လွှမ်းထုံလျှက်ရှိသော ပီတိဖြင့်

"အို...မနိုင်းယှဉ်လောက်အောင် လှတဲ့ညပါကလား၊



http://www.cherrythitsar.org

ထိန်ထိန်သာနေတဲ့ လရောင်အောက်မှာ၊ လေညှင်း
ကလေးကလည်း၊ တသုန်သုန်တိုက်ခတ်လို့၊ အအေး
ဓါတ်ကိုဆောင်ကြဉ်းလာသည်တကား။ အို-မြတ်ဗုဒ္ဓ
အရှင်၊ ကျွန်ုပ်တို့ သာသနာပြုအဖွဲ့ အောင်မြင်မှုရ
ပါစေ။ အိန္ဒိယနှင့် သီဟိုဠ်တို့ရှိ မနိုးကြားသော ပြည်သူ
တို့၏ အမိုက်မှောင်ကို ဗုဒ္ဓသာသနာ၏ မီးတန်ဆောင်ဖြင့်
ထွန်းညှိပေးနိုင်ရပါစေသား"

ဗုဒ္ဓဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံတွင် ရာစုနှစ်ပေါင်းများစွာကင်ပျောက်ကွယ်ခဲ့ရလေသော မြတ်ဗုဒ္ဓနှုတ်ကမ္ပတ်တော် ကျူးရင့်သံသည် ယခုအချိန်တွင် ပြန်လည် အသက်ဝင်ခဲ့လေပြီ။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်၍ ကျွန်မတွေ့ရသော ဗုဒ္ဓဝင်ပန်းချီကားတစ်ချပ်အကြောင်း ကြားညှပ်ပြောပါရစေ။ ယင်းပန်းချီကားမှာ မန္တလေးမြို့ ပန်းချီဆရာ မျိုးမြင့်ဆွေ (အမည်ရင်း ဦးမြသောင်း)ဆွဲသော ဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးအား တရားဦး ဟောကြားဟန်ပုံဖြစ်ပါသည်။ ထိုကား၌ ရေးဆွဲထားသော အသွင်သဏ္ဍာန်များမှာ ကျွန်မမြင်ဖူးသော သမရိုးကျ ပုံကားများနှင့် လားလားမျှမတူပါ။

ဘုရားရှင်ရှေ့မှောက်ရှိ ဘိက္ခုငါးဦး၏ ဝတ်ရုံများသည်လည်းကောင်း၊ အသက်အရွယ်စသည်တို့တွင်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး မတူဘဲ ကွဲပြားခြားနားပါသည်။ ဘုရားရှင်ရှေ့မှောက်တွင် ယင်းတို့က ရိုသေလေးမြတ်ဟန်မှာ ထင်ရှားသော်ငြား လက်အုပ်ချီထားခြင်းမရှိချေ။ အထူးခြားဆုံးအချက်မှာ အရွယ်ကွာခြားကြခြင်း ဖြစ်ပါ၏။ သို့ခြားနားသော အသွင်ရေးဆွဲထားပုံမှာ ကျွန်မတို့ ဖတ်ကြားမှတ်သားဖူးလေသော ဗုဒ္ဓဝင်အဖြစ်တော်နှင့် ညီညွတ်ပါသည်။ ဘုရားလောင်းဖွားတော်မူစက နက္ခတ္တဗေဒအတတ်ဖြင့် နိမိတ်ဖတ် ဟောကြားသော မင်းဆရာပုရောဟိတ်များအနက် အသက်အငယ်ဆုံးဖြစ်သော ကောဏ္ဍည ဗြာဟ္မဏ တစ်ဦးကသာလျှင် လက်ညှိုးတစ်ချောင်းထောင်ပြီး "ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့"ဟု တစ်ခွန်းတည်းသော စကားဖြင့် ယတိပြတ်ဟောခဲ့ကြောင်း

ကျွန်မတို့အားလုံး သိဖူး၊ ကြားဖူးကြသည်ချည်းဖြစ်ပေ၏။ သို့ဖြစ်၍ ကောဏ္ဍည ဗြဟ္မဏသည် ဘုရားရှင်တရားတော်နာကြားရချိန်တွင် သက်တော် (၆၀)ခန့် ရှိလေမည်ဟု တွက်ဆပါ၏။ သို့လျှင် အသက်အရွယ်၊ ဝတ်ရုံ၊ ကိုယ်နေဟန်ထား ခြားနားနေခြင်းသည် သဘာဝယုတ္တိရှိပေ၏။ ပတ်ဝန်းကျင်ရှုခင်းသည်လည်း လရောင်အောက်တွင် သမင်ကလေးများပင် ပါဝင်ပါသေးသည်။ ရေးဆွဲသူ မျိုးမြင့်ဆွေသည် အမှန်တကယ် ဖြစ်လောက်ဖွယ်ရှိသော အချက်အလက် ဟူသမျှ ထောင့်စေ့အောင် ဆင်ခြင်ပြီးကာမှ သူ့အတွေးအမြင်ရေးသားတင်ပြခြင်း ဖြစ်ဟန်ရှိသည်။ ယခုရေးရင်းပင်လျှင် ယင်းပန်းချီကားကို မြင်ယောင်နေမိသေးတော့သည်။ ပန်းချီပညာနှင့် ပတ်သက်လျှင် နလပိန်းတုံးဖြစ်သော ကျွန်မ သည်ပင် ထိုကားကို မြင်သောအခါ သက်ဝင်လေခြင်း၊ သဘာဝ ယုတ္တိရှိလေခြင်းဟူ၍ ခံစားမိပါကြောင်း ပြောခွင့်ရှိသည်ဟု ထင်ပါ၏။

ဤသို့ ဤနှယ် ကျွန်မစိတ်ရောက်ရာကို ကြားညပ်ဖွင့်ဟပြီးနောက်၊ ရေးလက်စကို ပြန်ကောက်သော်-

ဝါဆိုလပြည့်နေ့ ညဦးနက်သည်အထိ မြတ်ဗုဒ္ဓကို အာရုံပြု ရွတ်ဖတ်ကြပြီးနောက် ဤညအဖို့ ဤနေရာတွင်ညအိပ် ကျိန်းစက်ရန် စီစဉ်ကြလေသည်။ ဗာရာဏသီမြို့ **(Banaries)** မှာ (၆) မိုင်ခန့် ဝေးသောကြောင့် သွားရန်မလွယ်ချေ။ နံနက်လင်း၍ ပတ်ဝန်းကျင်မြင်ကွင်းကို မျှော်ကြည့်လိုက်သော် တစ်ခေါ်လောက်၌ ဓမ္မေခ စေတီကြီးအား ထီးထီးမားမား မြင်ရသည်။ ထိုအခါ ဘိက္ခုမျှားသည် မိမိတို့ရှိရာ အရပ်နှင့် စေတီကြီးကို မဏ္ဍိုင်ပြု၍ အကြားတွင် အကွာအဝေးကိုလည်းကောင်း ဦးတည်ရာ အရပ်မျက်နှာကို လည်းကောင်း၊ စနစ်တကျ မြေပုံဆွဲပြီး ယူကြသည်။ နောက်တစ်နေ့သောအခါ အမှတ်တရာ ဘုရားကျောင်းတစ်ဆောင် တည်ထောင်ရန် ရည်ရွယ်ကြလေသည်။

ရှေ့ခပ်လှမ်းလှမ်းတွင် အာသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်တိုင်ကြီး၏ အရင်းအငုတ်ပိုင်းကို အကာအရံမဲ့ တွေ့ကြရပြန်သည်။ (ယင်း ကျောက်တိုင်၏ ထိပ်ပိုင်း အထိတ်ဖြစ်သော ခြင်္သေ့ကြီး လေးစီး ကျောချင်းကပ် တည်နေဟန် ထုလုပ်ထားလေရာ ယခုအခါတွင် မိဂဒါဝုန်ပြတိုက်၏ တခမ်း

တနား ပြထားသည်။) ဤမိဂဒါဝုန်ဒေသမှာ အာသောကမင်းကြီးက ဗုဒ္ဓသာသနာ အစွန့်ရှည်ရှည် တည်တံ့စေရန် အထူးထူးသော ကျောက်စေတီ ကျောက်တိုင် စသည်များကို ကျောက်သားချည်းချည်းနှင်နှင် အသုံးပြုတည်ဆောက်ထားတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်တွင် အထွဋ်အမြတ်ထားရှိအပ်သော ဤနေရာ ဤမိဂဒါဝုန် အာရာမ်အတွင်းရှိ အဆောက်အဦးနှင့် စေတီစသည်များကား ချောက်ကပ်လျက်ရှိသည်။ ဗုဒ္ဓသာသနာတော်ကွယ်ပနေသော ခေတ်ကာလဖြစ်၍ ပူဇော် ဆည်းကပ်သူမရှိချေ။

ဘိက္ခုတို့၏ နောက်ခရီးတစ်ဆင့်ကား ဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိတန်ဆောင်းတော်ကြီး တည်ရှိသော ဂယာမြို့သို့ဖြစ်သည်။ (ယခု မဟာဗောဓိစေတီကြီးဟု ခေါ်ပါသည်။) မဟာဗောဓိတန်ဆောင်းတော်ခြေရင်းသို့ ရောက်လာကြလေပြီ။ သို့သော် ချက်ချင်း ဝင်ရောက်ဖူးမျှော်ရန် မဖြစ်နိုင်သေး။ မဟန့်ခေါ် ဟိန္ဒူရသေ့ထံတွင် ဝင်ရောက်ဖူးမျှော်ခွင့်ရရန် အခွင့်တောင်းခံဦးမည်ဆို၏။ မိမိတို့ကိုးကွယ်ရာဘုရားကို မိမိတို့ ဖူးမျှော်ခွင့်ရရန်မှာ ဘာသာခြား ဟိန္ဒူရသေ့ထံ ခွင့်ပြုမိန့် တောင်းရဦးမည် ဆိုပါကလား။

တန်ဆောင်းတော် ပရဝုဏ်တရပ်လုံးကို အုပ်ချုပ်သူ ဘဏ္ဍာတော်ထိန်း သော့ကိုင် မဟန့်တေပတည်း။

မဟန့်ထံမှာ ပူဇော်သက္ကာပစ္စည်းအချို့ ပေးဆက်ပြီးမှ ဓမ္မပါလတို့အဖွဲ့ ဝင်ရောက်ဖူးမျှော်ကြရလေသည်။ မဟာဗောဓိစေတီကြီးကား မြင့်မားခန့်ညားလှလေသည်။ ကျောက်သားအတိ စေတီတော်ကြီးပေါ်၌ ကျောက်သားထီးတော် အထွဋ်တင်ထားသည်။ ပြာသောကောင်းကင်နောက်ခံ၌ မီးခိုးရောင်ကျောက်စေတီကြီးမှာ အနှိုင်းမရှိ ကြည်ညိုဘွယ်ရှိလိုက်ပါဘိ။

အိန္ဒိယရှေးဟောင်း သုတေသနဌာန ကျောက်စာဝင် ဂျင်နရယ် ကင်နင်ဂဟန် **(General Cunningham)**၏ တိုင်းထွာချက်အရ စေတီကြီး၏ ဘိနပ်တော်မှာ စတုရန်းပုံ လေးထောင့်စပ်စပ်ပုံဖြစ်ပြီး (၂၂)ပေရှိ (၆)ထောင့်ပုံအခန်းပါဆိုလျှင် အလျား (၄၈)ပေ၊ အနံ (၄၇)ပေ (၃)လက်မ ရှိသည်။ အခန်းအောက်ခြေ သမံတလင်းမှသည် အမြင့်ဆုံး အမိုးခေါင်အထိ (၂၂)ပေ

(၁)လက်မရှိသည်။ အတွင်းအောက်ခြေ သမံတလင်းမှာ အလျားပေ (၂၀) (၇)လက်မ၊ အနံ (၁၃)ပေ ကျယ်၏။ အလျားတွင် (၅)ပေ (၉)လက်မ ကျယ်ဝန်းသော ကျောက်ခုံမြင့် (အင်းပျဉ်) ဖြင့် ပိုင်းခြားထားသဖြင့် ကျန်သော အပိုင်းအဖို့မှာ (၁၄)ပေ (၁၀)လက်မရှိသည်။

(အိန္ဒိယ ထုံးစံအားလျော်စွာ ဘုရားတန်ဆောင်းတော်များ၏ ပမာန ကိုယ်ထည်မှာ (၆)ထောင့်ပုံဖြစ်သည်။) အထွဋ်အထိ ပေပေါင်း (၁၇၀) ရှိမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အမြင့်ဆုံးဖြစ်သော ပြသာဒ်ဆောင်အထိ ပေပေါင်း (၁၆၀)ရှိသောကြောင့်တည်း။ ပဓာနတံခါးဝမှာ အရှေ့ဘက်မျက်နှာ ၌ရှိ၍ အနံကျယ် (၆)ပေ၊ (၄)လက်မ။ စမုတ်ဆောင်အမြင့် (၁၃)ပေ (၄)လက်မ ရှိသည်။ တံခါးဘောင်ကို နီကြံ ပြာလဲ့သော ကျောက်သားပကတိဖြင့် ထုလုပ် တပ်ဆင်ထားသည်။

(စေတီကြီး၏ ပမာဏ အတိုင်းအတာမှာ မိဂဒါဝုန် ဦးကိတ္တိမာ ရေးသော မဟာဗောဓိဝံသတ္တိ ကထာကျမ်းမှ ဖော်ပြချက်အား ကူးယူထားခြင်း ဖြစ်သည်။)

ဘိက္ခုငါးပါးသည် အဝင်စအမြင်မှပင် အတိုင်းမသိ ကြည်ညိုသော နှလုံးဖြင့် အတွင်း ဂန္ဓာကုဋီတိုက်သို့ ဝင်ရောက်လာကြသည်။ ရှေ့တည့်တည့် ပလ္လင်မြင့်ပေါ်တွင် ယခုလက်ရှိဖြစ်သော ကျောက်ညို ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြင် ရသည်။ ရှေးအဆက်ဆက်က ရုပ်ပွားတော်မရှိတော့၍ ယခုရုပ်ပွားတော်ကို မဟာန့်က တင်ထားသည်ဆို၏။ ဘိက္ခုများသည် မြတ်ဗုဒ္ဓအား အာရုံပြုကာ သဒ္ဒါကြည်ညိုပူဇော်ကြကုန်၏။ သို့တစေ မြင်ကွင်းတွင် ရွှေရင်စို့စရာ ပစ္စည်းကြီး တစ်ခုက ကာဆီးလျှက်ရှိသည်။ ထိုပစ္စည်းကြီးမှာ ဘုရားရှင်ကိန်းဝပ်တော် မူရာ ပလ္လင်တော်၏ ရှေ့တည့်တည့်၌ရှိသော သျှိဝလိင်အင်္ဂါကြီးပေတည်း။ ယင်းသျှိဝလိင်အင်္ဂါပုံကြီးတွင်မူ ဟိန္ဒူဘာသာဝင်တို့က အမွှေးတိုင်၊ ပန်းစသည် ဖြင့် ပူဇော်ထားသည်များကို ပက်ပင်းမြင်ကြရသော ဓမ္မပါလတို့အဖွဲ့၏ စိတ် မကောင်းခြင်းကြီးစွာဖြစ်ရပုံမှာ အထူးရေးစရာမလိုတော့ချေ။

အမြင်မတော်ဆင်တော်နှင့် ခလောက်ပါတား။

ကျိုင်းနှင့် သဘောက်ပါကလား။


**သီဟရတနာစာပေ**

ကြည်ညိုဝမ်းမြောက်ခြင်းနှင့် ကြေကွဲဝမ်းနည်းခြင်းတို့သည် ဒွန်တွဲလျက်ရှိချေသည်။ ဓမ္မပါလသူတော်စင်ကား ထိုမြင်ကွင်းအား မကြည့်ရက်နိုင်အောင် စိတ်ထိခိုက်လှပါသည်။ ကျောင်းသားအရွယ်တုန်းက ဘုန်းတော်ကြီးရေးပေးလိုက်သော သစ္စာတရားလေးပါး အဓိပ္ပာယ်ဖွင့်ဆိုချက်စာရွက်ကို အဆောင်မှူးဆရာက ဆုတ်ပစ်လိုက်ခြင်းသည် စိတ်ထိခိုက်ခဲ့ရပါ၏။ သို့တစေ ယနေ့ယခု မြင်တွေ့ရသော မြင်ကွင်းကြောင့် စိတ်ထိခိုက်ရခြင်းနှင့် နှိုင်းစာလျှင်ငယ်စဉ်ကဖြစ်ရပ်သည် သေးငယ်လှစွာ၏။

ထို့နောက် စေတီတော်ကြီးနှင့် ကပ်လျက်ရှိနေသော ဗောဓိညောင်ပင်ဘက်သို့ လာရောက်ပြီး ပါလာသော လှူဖွယ်ပစ္စည်းကလေးများ ဆက်ကပ်လှူဒါန်းသည်။ ဓမ္မပါလသည် မြတ်ဗုဒ္ဓကို အာရုံပြုရင်း-

“ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူရာ ဗောဓိညောင်ပင်၏ အရင်း၌ပင်လျှင် စွန့်ပစ်ခြင်းခံရသော ဤနေရာတော်အား စင်ကြယ်စေလျက် ဤဒေသ၏ စည်ပင်ထွန်းကားခြင်းနှင့် ဤစေတီတော်ကြီးအား စောင့်ရှောက်ခွင့် ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ရောက်ရှိစေရေး ကိစ္စတွင် မိမိဘဝကို မြှုပ်နှံစတေးပါတော့အံ့” ဟူ၍ အဓိဋ္ဌာန်ပြုလေ၏။

♦ ♦ ♦



မဟာဗောဓိစေတီတော်ကြီး

## စာရေးသူ၏ ကိုယ်တွေ့မျက်မြင် ဗုဒ္ဓဂါယာ

ဓမ္မပါလဘိက္ခုအဖွဲ့ မဟာဗောဓိစေတီကြီးသို့ (၁၈၉၁) ခုနှစ်တွင် သွားရောက်ခဲ့ပြီးနောက် နှစ်ပေါင်း (၉၀)တိတိပြည့်သော (၁၉၈၁) ခုနှစ်တွင် ကျွန်မကိုယ်တိုင် ယင်းဒေသသို့ ဘုရားဖူးရောက်ခဲ့ရပါ၏။ နှစ် (၉၀)ကြာလာပြီးချိန် မဟာဗောဓိစေတီကြီး၏ အခြေအနေနှင့် မြင်ကွင်းမည်သို့မည်ပုံ ခြားနား နေပုံကို သိသာရန် ကြားညပ်တင်ပြပါရစေ။

မြန်မာနိုင်ငံအစိုးရ သာသနာရေးဦးစီးဌာနမှ ခွင့်ပြုချက်အရ ဗုဒ္ဓဂါယာ ဘုရားဖူးအဖွဲ့ အမှတ်(၆)တွင် ကျွန်မလိုက်ပါခွင့် ရပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဌာန၏ အစီအစဉ်ဖြင့် လူ (၃၆)ဦးပါသော အဖွဲ့သည် (၁၉၈၁) ခုနှစ် မတ်လတွင် အိန္ဒိယနှင့် နီပေါလ် နှစ်နိုင်ငံသို့ ဘုရားဖူးသွားရာ၌ ဂယာ မြို့ရောက်လျှင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဦးဉာဏိန္ဒကျောင်းတွင် တစ်ဖွဲ့လုံး တည်းခိုကြရပါသည်။ ကျောင်းဝိုင်းကျယ်ပြန့်သလောက် တိုက်ကျောင်းကြီးမှာ လည်း ခေတ်မီပရိဘောဂ အပြည့်အစုံတပ်ဆင်ထားသော အဆောင်ဆောင် အခန်းခန်းရှိသောကြောင့် လိုလေသေးမရှိ နေရာကျလှပါသည်။ ဆရာတော် ဦးဉာဏိန္ဒမှာ မူလပထမက ပြည်ပသာသနာပြုရန် အာသံတွင်ရောက်ရှိ သီတင်း

သုံးပြီးနောက် လီဒိုလမ်းမကြီးဘေးရှိ (၇)မိုင်ကွာဝေးသော မာဂရိတာရွာမှာ နှစ်အတန်ကြာသာသနာပြုခဲ့သည်။ ထို့နောက်မှ လက်ရှိဂရာမြို့ ဤကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် ရောက်လာ သီတင်းသုံးနေခြင်းဖြစ်ပါသည်။

ကျွန်မတို့အဖွဲ့သည် နံနက်စောစောတွင် မလှမ်းမကမ်းရှိ မဟာဗောဓိစေတီဗတ်ကြီးသို့ ဆွမ်းတော်ကပ်ဖူးမျှော်ရန် ထွက်လာကြရာ အဝေးကပင် ဝါဆိုဖယောင်းတိုင်ကြီးသဖွယ် ထီးထီးမတ်မတ်ကြီးရှိနေသော စေတီကြီးအားဖူးမြင်ရပါသည်။ အတော်နီးကပ်လာသောအခါ စေတီကြီး၏ ပထမပစ္စယာထောင့် (၄)ထောင့်တွင် ယင်းစေတီကြီးပုံအတိုင်း စေတီရံလေးဆူရှိသည်ကို တွေ့ရသည်။

စေတီတော်ကြီးအဝင် မုခ်ဝတွင် ဘိနပ်များကို အပ်ထားကြပြီး ဝင်ခတစ်ယောက်လျှင် ရူးပီးတစ်ဝက် (ပြား၅၀)ကျ ပေးဆောင်ကြရသည်။ (ဂိတ်ဝတွင် လှေခါးဖြင့် အတန်ဆင်းရသေးသည်။ မလှမ်းမကမ်းရှိ နေရဉ္ဇရာ မြစ်သည် မိုးတွင်းမှာ ရေလျှံပါလျှင် ဘုရားခြေတော်ရင်းသို့ ရေမရောက်နိုင်ရန် တံတိုင်းအပြင်ဘက်မှ အမြင့် (၁၅)ပေခန့် တာရိုးသဖွယ် မြေဖို့ထားခြင်းကြောင့် ထိုသို့ဆင်းရခြင်းဖြစ်သည်ဆို၏။)

ဘုရားဒါယိကာ အာသောကမင်းကြီးသည် စေတီတော်တည်ဆောက်စဉ်က အလွန်မာသော ကျောက်တုံးတို့ဖြင့် ပြီးစေလျှက် လေးဒေါင့်ပုံတွင် အထက်ဘက်သို့ တဖြည်းဖြည်းပြေပြစ်စွာ ရှူး၍တက်ပြီး ထိပ်ဖျားအနီးဖောင်းရစ်သို့ ပွတ်ခံပုံဖော်ထားပြီးမှ ယင်းအပေါ်တွင် အလွန်လက်ရာမြောက်သော ကျောက်သားထီးတော်ကြီး အထွဋ်တင်ထားခြင်းဖြစ်သည်။

ဂန္ဓကုဋိတိုက်အတွင်းတွင် ပလ္လင်ပေါ်၌ ကျောက်ညို ဆင်းတုတော်ရှိရာသို့ ဆွမ်း၊ ပန်း၊ ဆီမီး စသည်များ ကပ်လှူကြသည်။ ဘုရားဆင်းတုတော်စံပါယ်ရာ ပလ္လင်အပေါ်နှင့် အနီးကပ်နေရာများတွင်မူ ဆွမ်းတော်၊ ပန်းတော်တင်ထားသည့် လက္ခဏာ လုံးဝမရှိ။ ဖုန်အလိမ်းလိမ်း တင်နေသည်ကိုသာ တွေ့ရပါသည်။ သို့သော် ကျွန်မတို့အဖွဲ့ ဖူးမြော်ရာနေရာနှင့် ပလ္လင်တော်ကြားကွပ်လပ်တစ်ခုရှိလေရာ၊ ယင်းကွက်လပ်ပေါ်တွင်ကား ပန်း၊ ဖယောင်းတိုင်၊ ဆီမီးများ အစီအရီတင်ထားသည်ကို ဘာမှန်းမသိ တွေ့မြင်ရသည်။ ထိုအရာကို

ဘာမှန်းသိအောင် လမ်းပြလုပ်သူက ပြောပြသောအခါတွင်ကား ကျွန်မတို့ အမျိုးသမီးတစ်စုမှာ အံ့သြခြင်းကြီးစွာဖြင့် ရင်ဖိနေမိတော့သည်။ အဝင်ဝက ဘုရားပရဝုဏ်အတွင်းတွင် ကျောက်နက်စေတီငယ်ကလေးများ ခြံရံလျှက် တည်ထားသည်ကို မြင်ခဲ့ရသည်။ ယင်းစေတီငယ်တစ်ဆူကို နှုတ်ယူပြီး ဟိန္ဒူ တို့ကိုးကွယ်ရာ သျှိဝလိင်အင်္ဂါအဖြစ် ပြုပြင်ထုလုပ်၍ ဤကွက်လပ်တွင် တင်ထားခဲ့သည်။ ဟိန္ဒူတို့ လာရောက်ပူဇော်ကြသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခု၊ လွတ်လပ်ရေးရပြီးသောအခါမှ ယင်း သျှိဝလိင်အင်္ဂါကြီးအား ဘုရားရှေ့မှ ဖယ်ရှားလိုက်ခြင်း ဖြစ်သည်ဆို၏။

ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာဒေသမှ အထွဋ်အမြတ်ဆုံး မဟာဗောဓိ ကျောက်စေတီကြီးကို ကြည်ညိုသဒ္ဓါအားကြီးစွာဖြင့် ဖူးမြော်ရခြင်းအတွက် နှစ်သက်ပီတိရှိလှပါ၏။ သို့သော် မဖွယ်ရာသော မြင်ကွင်းကို မြင်ရသောအခါမူ ကား‥‥ စဉ်းစားသာကြည့်ကြပါတော့။

ဆရာတော်ကျောင်းသို့ ပြန်ရောက်ကြပြီးသော် ကျွန်မသည် မဖွယ်မရာ တွေ့ခဲ့ရသော မြင်ကွင်းကို ယဉ်ကျေးသော အသုံးအနှုန်းစကားလုံးတို့ဖြင့် တန်ဆာဆင်ပြီး မေးမြန်းလျှောက်ကြားပါသည်။
ဆရာတော်အမိန့်ရှိသည်ကား-

"ဟုတ်တယ်၊ ဒကာမကြီးအခုလျှောက်တဲ့ မကြားဝံ့မနာသာ ပစ္စည်း ကြီး ဘုရားရှေ့တော်မှာရှိနေတာ နှစ်ပေါင်းများစွာကြာလှပြီတဲ့၊ ဘုန်းကြီးတို့ဗုဒ္ဓ ဘာသာဝင်တွေ မမြင်ချင်တဲ့ အဲဒါကြီးဖယ်ရှားဖို့ သီဟိုဠ်သားဓမ္မပါလဆိုသူက မဟန့်ကို အတော်တိုက်ခဲ့တာ၊ ဒါပေမဲ့ သူမပျံလွန်ခင်တော့ မအောင်ခဲ့ဖူး၊ အင်္ဂလိပ်အစိုးရလည်းဖြစ်နေတာကိုး၊ နောက်ဘုရားသာသနာ ၂၅၀၀ပြည့်နှစ် ဝန်ကြီးချုပ် နေရူးလက်ထက်ကျမှ ရှင်းပစ်လိုက်တာ။ ဒါတောင် ကနေ့အထိ အငုတ်နေရာမှာ ဟိန္ဒူတွေက ပန်းတင်တုန်း၊ မြင်ခဲ့တယ်မဟုတ်လား။ အခု အလွယ်တကူဖူးခွင့်ရတာလည်း သီဟိုဠ်သား ဓမ္မပါလကပဲ တိုက်ပေးခဲ့တာ၊ မူလက ဘုရားဖူးချင်ရင် မဟန့်ထံမှာ ပူဇော်သက္ကာပေးပြီး လျှောက်လွှာတင်ရ သေးတယ်။ အဲဒီသီဟိုဠ်ဘုန်းကြီးက အများကြီးလုပ်ပေးသွားတာ။ ဒကာမကြီး တို့ ဗာရာဏသီ မိဂဒါဝုန် ခရီးဆက်ကြအုန်းမှာမဟုတ်လား။ အဲဒီမှာ ဓမ္မပါလ

တည်ထားခဲ့တဲ့ မူလဂန္ဓကုဋီ ဘုရားကျောင်းကို ဖူးကြရအုံးမှာပါ။" ဆရာတော် အမိန့်ရှိသော စကားများကြားရပြီးကာမှ၊ ဓမ္မပါလ ကိုယ်တော်အကြောင်း စိတ်ဝင်စားစွာ နားလည်သဘောပေါက်ရသည်။ နောက်တစ်နေ့တွင် မဟာဗောဓိ အသင်းတည်ရှိရာ ကျောင်းသို့ သွားရောက် လေ့လာကြရအခါတွင်လည်း၊ ဓမ္မပါလရုပ်တုကို ခန့်ခန့်ညားညား မြင်ခဲ့ရသေးသည်။

ထိုမှစ၍ ဓမ္မပါလ၏ သာသနာပြုဆောင်ရွက်ချက်များကို သိသည်ထက် ပိုသိရလေအောင် ရှာဖွေစူးစမ်းဦးမည်ဟူ၍ အကြံပေါက်ခဲ့ပါသည်။

♦ ♦ ♦

## မဟာဗောဓိဂျာနယ်

ဓမ္မပါလနှင့် ဘိက္ခုအဖွဲ့သည် မိဂဒါဝုန်တောနှင့် မဟာဗောဓိ စေတီကြီး၊ ဗောဓိညောင်ပင်တို့ကို ဘုရားဖူးလှည့်လည်ကြပြီး ဇူလိုင်လကုန်လောင်တွင် သီဟိုဠ်သို့ ပြန်လာကြလေသည်။

ဓမ္မပါလသည် သာသနာပြုလုပ်ငန်းကို တွင်ကျယ်ပြန့်နှံ့အောင် လုပ်ဆောင်ရန် ဂျာနယ်တစ်စောင် ထုတ်ဝေလိုသည်။ ဤအကြံမှာ ကာနယ်လ်အောလ်ကော့က ပေးခြင်းဖြစ်သည်။ သို့ဆိုလျှင် ငွေကြေးပြည့်စုံအောင် လုပ်ရပေမည်။ ဓမ္မပါလနှင့် ကာနယ်လ်တို့သည် သီဟိုဠ်တွင်မက အိန္ဒိယနိုင်ငံမှာပါ ခရီးလမ်းသင့်ရာ မြို့များ၊ ကျေးလက်ဒေသများပါ ခရီးထွက်ပြီး၊ ဗုဒ္ဓအယူဝါဒအကြောင်း၊ သာသနာပြုလုပ်ငန်းအကြောင်း တရားဟောပြောကြသည်။

ခရီးသွားရာတွင် တစ်ခါတစ်ရံ ကားဖြင့် သွားရသည်လည်း ရှိပါ၏။ အများအားဖြင့် တွန်းဂါးစ် ခေါ်ပေါင်းမိုးတပ် နွားလှည်းဖြင့် သွားရသည်ကများသည်။ ဓမ္မပါလ ဘိက္ခုအဖို့ကား ခရီးစဉ်အမျိုးမျိုး၌ နေမွန်းမတည့်မီဆွမ်းဘုန်းပေးနိုင်ရန်မှာ မလွယ်လှပါ။ သို့သော် ဇွဲကြီးစွာ အပင်ပန်းခံ၍ သွားသည်သာ။ အပင်ပန်းခံသွားလာခြင်း၏ ရလာဒ်မှာ သူ့အဖို့ အိန္ဒိယရှိ ဒေသအချို့သို့



http://www.cherrythitsar.org

ရောက်ပြီး ပြည်သူဆင်းရဲသားများ ဘယ်သို့လုပ်ကိုင်ပြီး၊ ဘယ်သို့ နေထိုင်ကြခြင်းကို မျက်မြင်ကိုယ်တွေ့ သိရလေသည်။ ယင်းတို့တရားဟောကြားရာ ဒေသများရှိ ဒေသခံလူများအဖို့မူ၊ အနည်းဆုံးအားဖြင့် မြတ်ဗုဒ္ဓဘုရား ပွင့်တော်မူသည့်နေရာမှာ မိမိတို့နိုင်ငံ အတွင်းမှာပင်ရှိကြောင်း စတင်ကြားသိ နားလည်ကြရလေသည်။ အိန္ဒိယနိုင်ငံသားအများစုမှာ ထိုသမိုင်းဝင် အချက်ကို မသိကြပါ။

အရှင်ဓမ္မပါလသည် သီဟိုဠ်နိုင်ငံသားဖြစ်သော်ငြား သူ့ကိုယ်နှိုက်တွင် ဒေသစွဲမရှိ သီဟိုဠ်ဖြစ်စေ၊ အိန္ဒိယဖြစ်စေ၊ ဘင်္ဂလားဖြစ်စေ လူအားလုံးကိုပင် လျှင် ဘာသာရေးယုံကြည်မှုအရာ၌ မိမိနည်းတူ ရွေးချယ်တတ်စေလိုသည်။ ထို့အပြင် အိန္ဒိယနိုင်ငံရှိ ဆင်းရဲမွဲတေလှစွာသော လူထု၏ စားဝတ်နေရေး အတွက် အခက်အခဲပေါင်းစုံကို ခါးစည်းခံနေကြရသော ဘဝကိုလည်း ကိုယ်ချင်းစာနာမိသည်။ ထိုမျှမက ဆင်းရဲခြင်းမှ လွတ်မြောက်ရန်လမ်းကိုလည်း ညွှန်ကြားလိုသေးသည်။

(၁၈၉၁)ခုနှစ်၊ အောက်တိုဘာလတိုင်သောအခါ အရှင်ဓမ္မပါလ အတွက် အခွင့်ကောင်းတစ်ရပ် ပေါ်လာသည်။ သူဟောပြောသည်ကို နားထောင်ရသော ပုဂ္ဂိုလ်အချို့က ကာလကတ္တားမြို့ အယ်လ်ဘတ်ခန်းမ **(ALBERT)** တွင် ဟောပြောရန် စီစဉ်ပေးကြခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောရမည့်ပွဲဖြစ်သည်။ ဓမ္မပါလပြောသည့် အကြောင်းမှာ "ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ ဆက်နွယ်မှု" ဖြစ်ပါသည်။ သူဟောပြောသည့် စကားများတွင် အောက်ပါအချက်များ ပါရှိသည်။

ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာကို ထွန်းကားရာ အခြေခံဒေသသည် အိန္ဒိယနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကျယ်ဝန်းလှသည် ပြည်သူပြည်သားအားလုံးကို ဝဝလင်လင် ကျွေးမွေးနိုင်သော သယံဇာတပေါကြွယ်ဝပါသည်။ သို့သော် အမျိုးလေးပါးစသဖြင့် ဇာတ်မြင့်၊ ဇာတ်နိမ့် အဆင့်အတန်း ခွဲခြားမှု မိရိုးဖလာအစွဲအလမ်းနှင့် အယူသီးမှု စသည်များက အခက်အခဲပေါင်းစုံကို ဖြစ်စေသည်။ မဆင်းရဲလျှင် ဆင်းရဲအောင် ဖန်တီးပေးနေသည်။ ဒုက္ခဆင်းများ အတောမသက်နိုင်အောင် များလှလေပြီ။ မသိနားမလည်မှုကြောင့် ဝန်ပိနေကြရာမှာ ရုန်းမထွက်နိုင်အောင် ဖြစ်နေကြရသည်။

**သီဟရတနာစာပေ**

ကိုးကွယ်ရာပုဂ္ဂိုလ်များသည် စောင့်ရှောက်မှုကို ပေးစွမ်းနိုင်လိမ့်မည်ဟူ၍ စိတ်ကူးယဉ်မနေကြပါနှင့် မိတ်ဆွေတို့ နိုးကြားကြပါလော့။

လူသက်တမ်းဆိုသည်မှာ တိုတောင်း၏။ အခမ်းအနားတွေ ဘာတွေကိုသာ ဆောင်ရွက်ပြီး ကျေနပ်မနေကြပါနှင့်။ သဘာဝယုတ္တိရှိသော အယူအဆကို စဉ်းစားကြပါ။ ဆင်ခြင်ကြပါ။

မိမိကိုယ်ကို နှိပ်စက်ပြီးကျင့်ရသော အကျင့်မျိုး၊ အစွဲအလမ်းမျိုး၊ အယူသီးမှုမျိုးများကို ဖယ်ရှားကြပါ။ မည်သည့်ပုဂ္ဂိုလ်ကမျှ ချမ်းသာအောင် လုပ်မပေးနိုင်။ မိမိ၏ကောင်းကျိုးဆိုးကျိုးဟူသမျှ မိမိကိုယ်တိုင်သာ ပြုလုပ်ဖန်တီးနိုင်သည်။

"ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့သည် တစ်မြေတည်း တစ်နိုင်ငံတည်း နေထိုင်လာကြသည်မှာ၊ နှစ်ပေါင်းများစွာ ရှိချေပြီ။ ခေတ်ပေါင်းများစွာ ဖြတ်သန်းခဲ့ကြသည်။ ထို့ကြောင့် အချင်းချင်းနီးစပ်ဆက်သွယ်နေကြောင်း သဘောပေါက်ကြပါ"

ထိုဟောပြောပွဲတွင် အရှင်ဓမ္မပါလ၏ တင့်တယ်သောအင်္ဂါရုပ်၊ ရိုးသားသော မျက်နှာ စိတ်ပါလက်ပါပြောဟောသော အမူအရာတို့က ပရိသတ်ကို ကျေနပ်မှုရစေသည်။ ထို့အပြင် သူ၏ အာဘော်စကားလုံးများကလည်း၊ ရှင်းရှင်းလင်းလင်း ထိမိသောကြောင့် ဟိန္ဒူပရိသတ်အများစုက ဤသီဟိုဠ်သား ဓမ္မပါလ ဘိက္ခုအပေါ်တွင် ယုံကြည်မှုရှိလာကြလေသည်။

အထူးသဖြင့် နီးကမလ်မူကာဂျီဘာဘူဆိုသော လူကုံထံကြီးတစ်ဦးက မဟာဗောဓိအသင်းရန်ပုံငွေအတွက် ရူပီးငွေ ရက်ရောစွာလှူလိုက်သည်။ ထိုမျှမကသေး၊ ဓမ္မပါလဘိက္ခုအတွက် လိုအပ်သမျှအဝဝကို ပေးလှူရန် ဒါယိကာအဖြစ် တာဝန်ယူလိုက်ပါသည်။ သူ၏ ယင်းကတိစကားအတိုင်း ထိုနှစ်မှစပြီး အနှစ် (၂၀)တိုင်အောင် အရာရာထောက်ပံ့ ပေးလှူသွားလေသည်။

ကာလကတ္တားတွင် ဟောပြောပွဲအောင်မြင်ပြီးနောက် သူ့အား ဟိန္ဒူလူကုံထံအသိုင်းအဝိုင်းက ယုံကြည်လက်ခံလာသည်ကို တွေ့ရသော ဓမ္မပါလသည် မဟာဗောဓိဂျာနယ်ထုတ်ဝေရန် ပိုပြီး စိတ်အားထက်သန်လာသည်။

မျှော်လင့်ချက်ရောင်ခြည်မြင်ရပြီ။ လူသားတစ်ယောက်လုပ်နိုင်အားထက် သူ့ဆန္ဒများက ကျော်လွန်နေသကဲ့သို့ ရှိတော့သည်။ "သွားလည်း သည်စိတ်၊ စားလည်းသည်စိတ်" ချည်းဝင်စားနေသည်။ ထိုနှစ်ပိုင်းက သူကိုယ်တိုင်ရေးသော သူ၏နေ့စဉ်မှတ်တမ်းများထဲမှ သက်ဆိုင်ရာအချက်များကို ထုတ်နှုတ်ဖော်ပြပါမည်။

## "၁၈၉၁ ခုနှစ်၊ ဩဂုတ်လအတွင်း မှတ်တမ်းမှ"

အစ်ကို ခါဘီနှင့်အတူ ဗိဿနိုးပါဒ **(Vishnupada)** ဘုရားကျောင်းသို့ သွားကြသည်။ ဖာလ်ဂူ **(Phelgu)** တွင် ရေချိုးကြသည်။ ဘုရားကျောင်းမှာ ကောင်းမွန်သော်လည်း ဗိသုကာလက်ရာ ညံ့ဖျင်းသည်။ ဗုဒ္ဓဂါယာနှင့် မယှဉ်နိုင်။ ခြေတော်ရာမှာလည်း တစ်ထွာနှင့် လေးလက်မမျှသာရှိသည်။ အမြင့်မှာ သပ်ရပ်မှုမရှိ။ အိန္ဒိယနေရာအနှံ့မှ ဘုရားဖူးလာကြသည်ကိုတွေ့ရ၏။ ဝန်ဆောင်ဘုန်းကြီးများမှာ ရရှိသောလာဘ်သပကာများဖြင့် အကြီးအကျယ် ယစ်မူးကြသည်။ သူတို့သည် ဗုဒ္ဓဘုရား နှစဉ်ဘဝမှ ဘဝပြောင်းလာသူများဟု အယူရှိကြ၏။ ကိုယ်လုံးတည်း တရားကျင့်နေသူတစ်ဦးကို မြင်ခဲ့ရ၏။ အစွန်းရောက်သူဟူ၍ စိတ်ပျက်မိပါသည်။

ဩဂုတ်လ ၁၉။ ။ မနေ့ညက အိပ်ရတာ မသက်မသာရှိသည်။ နံနက် (၃) နာရီ နိုးလာ၏။ အတွေးအမြင်များ ပေါ်လာ၍ မေ့မသွားအောင် ရေးမှတ်လိုက်ရသည်။ ယိုးဒယားဘုရင်အား မဟာဗောဓိအသင်းနာယကအဖြစ် ဆောင်ရွက်ဖို့ ပန်ကြားရန် မင်းသားမေရွှန်က အကူအညီပေးမည်ဟု ကတိပြုခဲ့သည်။

ဗောဓိပင်၏ အနောက်ဖက်ရှိ မြေကွက်ဝယ်ရန်အတွက် သီဟိုဠ်အစိုးရမှတစ်ဆင့် ဘင်္ဂလားအစိုးထံသို့ လျှောက်ထားရန်။

လာမည့်မွေးနေ့မှ အကောင်းအဆိုးကို ဖန်တီးစေမည့် ဘဝအကွေ့အချိုးဖြစ်နိုင်သည်။ မသန့်စင်သော အတွေးများကို သတိပြုရှောင်ကြဉ်ရန်။ စိတ်အထူးစင်ကြယ်ရန် သတိပြုရမည်။ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရမည်။

ဩဂုတ်လ ၂၀။ ။ အမရသူရိယ (မဟာနာယက)နှင့် အခြား



http://www.cherrythitsar.org

ပုဂ္ဂိုလ်များထံ စာရေးသည်။ ဒုတိယဘုရင်ခံသည် လာမည့် အောက်တိုဘာ (သို့) နိုဝင်ဘာလများအတွင်း ဂယာသို့လာရောက်မည် ဖြစ်သည်။ ထိုအခါ မဟာဗောဓိစေတီကို မဟန့်တို့လက်တွင် ဆက်လက်ထားမည်၊ မထားမည်ကို ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ဂိုပါးလ်ဘာဘူထံမှ ကြားသိရသည်။

ဩဂုတ်လ ၂၁။ ။ ကာနယ်လ်အော်လ်ကော့ထံသို့လည်းကောင်း သတင်းစာအယ်ဒီတာ T.B ပါနာဘိုထံသို့လည်းကောင်း၊ နိုရန်ဒြာနတ်ထံသို့ လည်းကောင်း ဗုဒ္ဓဂယာစေတီနှင့် ပတ်သက်၍ ဘုရင်ခံကြွရောက်လာမည့် အကြောင်း၊ စာများရေးသည်။

"ဗုဒ္ဓဘာသာဝင်များလက်သို့ ရောက်ရှိပါစေသား" ဟိန္ဒူအယ်ဒီတာ ဇ·ဝိဇ္ဇာဆင်ဂါထံသို့ လည်းကောင်း၊ မောင်ဘိုးမျှင်ထံသို့လည်းကောင်း ချောင်ဒရီ ထံသို့လည်းကောင်း၊ မူကာဂျီထံသို့လည်းကောင်း၊ ဤကိစ္စကို ဝိုင်းဝန်း ကူညီကြပါရန်စာရေးသည်။ သူတို့အား ဘုရင်ခံ ပန်ကြားစာများရေးသားကြရန် နှိုးဆော်သည်။

ဩဂုတ် ၂၂။ ။ ဘီယာသံတော်ဆင့်သတင်းစာတွင် ကျွန်ုပ်၏ "ဗုဒ္ဓဘာသာနှင့် အိန္ဒိယ"အကြောင်းဆောင်းပါး ပါလာသည်။ (Jansz)ဂျန်ဇ် ထံမှစာရသည်။ ယင်းစာနှင့်အတူ "ဆာအက်ဒဝင် အားနိုးထံမှ ဝါလိဂါမသီရိ သုမင်္ဂလထံသို့ ဗုဒ္ဓဂယာတွင် ပြုလုပ်မည့် အစီအစဉ်"ကို ရေးသားထားသော စာမိတ္တူပါလာသည်။ အလွန်အရေးကြီးသည်။ ဝါလိဂါမသီရိမင်္ဂလမှ စာတတ် ပုဂ္ဂိုလ်ကျော် နာယကထေရ်ဖြစ်ပြီး သူတော်စင် ဟိကာဒူဝေ သီရိ သုမင်္ဂလ နာယကထေရ်နှင့် လုပ်ဖော်ကိုင်ဘက်ဖြစ်သည်။

ဩဂုတ် ၂၃။ ။ ဂယာ၌ သီအိုဆိုဖီအသင်း အစည်းအဝေးလုပ်သည်။ ဤကိစ္စမျိုး၌ ရှေ့နေကြီးများ အထူးစိတ်ပါဝင်စားကြသည်ကို ဝမ်းမြောက်မိ၏။ သီဟိုဠ်မှ ရှေ့နေမယယ်တစ်ဦးမှာကား ဤ ဘာသာရေးကိစ္စမျိုး ဆောင်ရွက်ရန်မှာ သိက္ခာကျသည်ဟုပင် ထင်ပေမည်။

ဩဂုတ် ၂၄။ ။ အကိုကြီးဘီခါဘာဘူမှာ နာမကျန်းဖြစ်ပြီး မှိန်းနေသည်။ သူ ကျန်းမာစေရန် ရည်ရွယ်ပြီး ကျွန်ုပ် ဂါထာကို ရွတ်ဖတ် မေတ္တာပို့သည်။ သူနိုးလာသောအခါ ကျွန်ုပ်စိတ်လေ့ရှိသော စိတ်ပုတီးကို တောင်းယူရန်



http://www.cherrythitsar.org

ဆန္ဒဖြစ်ပေါ်ကြောင်း ပြောပြသည်။

လာမိနိပဟာန ဂျာနယ်တွင်လည်း သံဃာ (၄)ပါးနှင့် ပတ်သက်ပြီး ဆန့်ကျင်ဆောင်းပါးဖော်ပြပြန်သည်။ သို့ဖြစ်သည်မှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်းပင် ဟု ယူဆသည်။

သီဟိုဠ်ရှိလူထုမှာ ညီညွတ်မှုရှိရန် လိုအပ်လှ၏။ အချင်းချင်း မနာလို ဝန်တိုမှု ရှိနေကြသည်။ ခရစ်ယာန်တို့က ကျွန်ုပ်တို့ လူမျိုး၏ ကံကြမ္မာကို ထိန်းချုပ်အုပ်စီးရန် ပြုမူနေကြသည်ကိုကား သတိမပြု ဂရုမထားဘဲ အချင်းချင်း သေတွင်းသို့ တွန်းပို့ရေးမှာသာလျှင် အားထုတ်လျက် ရှိနေကြသည်။

အမိသီဟိုဠ်သည် ဤသို့နိမ့်ကျသော အခြေအနေမှ ဘယ်သောအခါမှ ရုန်းထနိုင်ပါမည်နည်း။

ဩဂုတ် ၂၇။ ။ အိန္ဒိယ-သီဟိုဠ် ပူးတွဲပြပွဲကြီး ဘာ့ကြောင့် မစတင်ဘဲနေကြတာလဲ၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံ၏ အကျိုး စီးပွားတိုးပေလိမ့်မည်။ အိန္ဒိယမှ မင်းစိုးအပေါင်းကို ပါဝင်ရန် ဖိတ်ကြားရမည်။ အရေးပါသော ကော်မတီတစ်ရပ် ဖွဲ့စည်းထားအပ်သည်။

ဩဂုတ် ၂၈။ ။ ရှေ့နေထံသို့ စာချုပ်ကို ပေးပို့လိုက်သည်။ သူသည် မဟာန့်ထံ (၇)ကြိမ်ပင် သွားခဲ့ရပြီ။ ခရီးအားလုံးပေါင်းလျှင် (၇၂)မိုင်ပင် ရှိပေ မည်။ မဟာန့်သည် ကျွန်ုပ်အား နှိပ်စက်ခြင်းဖြင့် ဘာ့ကြောင့် ပျော်မွေ့နေပါ သနည်း။ နေ့စဉ်နေ့တိုင်း ကျွန်ုပ်မှာ ရှေ့နေထံ သွားတွေ့ပြီး မကျေမနပ် ပြန်လာ ရသည်ချည်းဖြစ်၏။

ဩဂုတ် ၂၉။ ။ မဟာန့်သည် ကြင်နာခြင်းကြီးစွာဖြင့် စာချုပ် လက်မှတ်ရေးထိုးပေးလိုက်ပြီဖြစ်သည်။

ဩဂုတ် ၃၀။ ။ ဆြာမဒေဝံထံ ရောက်သည်။ သူက ဗုဒ္ဓကြေး ဆင်းတုတော်တစ်ဆူ ကိုးကွယ်ဖို့ ပေးလိုက်သည်။ ယနေ့ ဂယာမှ ခရီးထွက်မည်။ ဤဒေသ၌ နေထိုင်စဉ် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူး ဖြစ်ထွန်းသည်။

ဩဂုတ် ၃၁။ ။ ကာလကတ္တားသို့ မနက်အစောကြီးရောက်လာ သည်။ မေတ္တာထားခြင်း အကျိုးကားများလှ၏။ လမ်းမပေါ်သို့ ရောက်ရောက် ခြင်း ဘင်္ဂါလီလူကြီးလူကောင်းတစ်ဦးက သူ့အိမ်သို့ ခေါ်ဆောင်သွားသည်။

ဖော်ရွှေညှော့ဝတ်ကျေလှ၏။

ဗုဒ္ဓဂယာ ဆောင်းပါးကို ဇူလိုင်လ(၁၈)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရသည်။ ဩဂုတ်လထုတ် သီအိုဆိုဖီ စာအုပ်မှာလည်း ဗုဒ္ဓဂယာ၏ မဟာဗောဓိအသင်းအကြောင်း ဆောင်းပါးရှည်ပါလာ၏။

၂၃ရက်ထုတ် "အင်္ဂလိပ်လူမျိုး" သတင်းစာတွင်လည်း ဆာချားလ်စ်အီးလီးရော့ **(Sir Charles Elliot)** ရေး နေရာတော်သို့ သွားမည့်အကြောင်း ဖော်ပြထားသည်။

**(ဤမှတ်တမ်းကို ၁၉၄၄ခု၊ ဩဂုတ်လထုတ် မဟာဗောဓိမဂ္ဂဇင်းမှကူးယူ)**

သူ့စာကို ကြည့်ရုံဖြင့် သူ့အထာကို သိလောက်ပါ၏။ သူ့လုပ်ငန်းတွင် ဘယ်လောက်အာရုံစူးစိုက်ကြောင်း အထူးပြောရန်မလိုပါ။ ဓမ္မပါလ ဘိက္ခု၏ ဦးတည်းချက်မှာ တစ်ချိန်ထက်တစ်ချိန် ပိုမိုကျယ်ပြန့် နက်ရှိုင်းလာကြောင်း ယူဆရပါသည်။

အစပထမကမူ ဗုဒ္ဓသာသနာ ကမ္ဘာအနှံ့ပြန့်ပွားရေးနှင့် မဟာဗောဓိစေတီကြီးကို ဘာသာခြားမဟန့်တို့ အုပ်စီးမှုမှ ဗုဒ္ဓဘာသာဝင်တို့လက်သို့ ကူးပြောင်းရောက်ရှိစေရေးကိုသာ ဦးတည်ခဲ့သော်လည်း ပြည်သူအပေါင်း ဆင်းရဲတွင်းနက်လွန်းလှခြင်းကို မျက်ဝါးထင်ထင် မြင်ရပြန်သောအခါ ယင်းတို့အား ဆင်းရဲတွင်းမှ ကယ်တင်ထုတ်ယူရန်အရေးကိုပါ ထပ်ဆင့်ကြံရွယ်လာသည်ဟု ထင်မိပါသည်။

သူတည်ဆောက်ချင်သော လုပ်ငန်းကြီးများအတွက် အသင်းပိုင် ဂျာနယ်တစ်စောင် အမှန်လိုအပ်သည်။ မဟာဗောဓိအသင်း ခိုင်ခန့်မှုအတွက် ဂျာနယ်တစ်စောင်၏ အင်အားသည် အများကြီး အကျိုးဆောင်နိုင်ပေလိမ့်မည်။ ကာနယ်လ်အား တိုင်ပင်သောအခါ ဂျာနယ်ထုတ်ရန် ထောက်ခံသည်သာမက မြန်မြန်ထုတ်နိုင်လေ ကောင်းလေဖြစ်ကြောင်း အားပေးသည်။ ဓမ္မပါလနှင့် ကာနယ်လ်တို့သည် သီဟိုဠ်နှင့် အိန္ဒိယမှ ရရှိသော အလှူငွေ မူလရှိပြီးသော အသင်းရံပုံငွေများဖြင့် မတည်၍ (၁၈၉၁)ခုနှစ်၊ မေလတွင် ဂျာနယ်တစ်စောင် စတင်ထုတ်ဝေနိုင်သည်။

အနောက်နိုင်ငံများအရောက် ဖြန့်ချိန်ပေးဝေနိုင်စေရန် အင်္ဂလိပ်ဘာ

သာဖြင့် ရေးသားထုတ်ဝေသည်။ ဓမ္မပါလနှင့် ကာနယ်လ်တို့က ဦးဆောင်ပြီး အခြား ပုဂ္ဂိုလ်များကလည်း စိတ်ဝင်တစား အားပေးရေးသားကြသည်။

ဂျာနယ်၏ အရွယ်မှာ ၉.၅လက်×၇လက်မ ရှိပြီး ဆောင်းပါး (၁၂) ပုဒ်ခန့်ပါဝင်၏။ သက်ဆိုင်ရာ ဓါတ်ပုံအချို့လည်း ထည့်ထားသည်။ စာမျက်နှာ ၅၀ ဝန်းကျင်ရှိသည်။ မဟာဗောဓိအသင်းဝင် ခေတ်ပညာတတ်များ ပါဝင်ရေးကြသောကြောင့် အဆင့်အတန်း မနိမ့်ပါ။

ထူးခြားသော အချက်တစ်ရပ်မှာ ဂျာနယ်၏ ပထမဆုံးမျက်နှာတွင် ဓမ္မပါလအရှင် အမြဲတစေ ဟောပြောလေ့ရှိသည့် သာသနာပြန့်ပွားရေး နှိုးဆော်ချက် ဘုရားဒေသနာကို အစဉ်အမြဲ ရိုက်နှိပ်ဖော်ပြခြင်း ဖြစ်ပါသည်။ ယင်းစကားရပ်မှာ-

**"Go ye, O Bhikkus,"** အစချီသော အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားခြင်းကို ဘာသာပြန်ဆိုသော်-

"အို-ဘိက္ခုရဟန်းတို့၊ လူအများကောင်းကျိုးအလို့ငှာ ကမ္ဘာလောကတစ်ခုလုံးကို ဂရုဏာထား၍ ခရီးသွားလှည့်လည်ကြပြီးလျှင် အများကောင်းရန် အကျိုးကျေးဇူးခံစားရန် လူနတ်ဗြဟ္မာတို့ ချမ်းသာရရန် လုပ်ဆောင်ကြရန်လော့"။

ဤစာပိုဒ်ကို (၁၉၈၁)ခုနှစ်၊ မဟာဗောဓိဂျာနယ် ထုတ်ဝေချိန်မှစ၍ ယနေ့အထိ စာစောင်တိုင်းတွင် ဖော်ပြထားသည်မှာ နှစ် (၁၁၀)ပြည့်လေပြီ။ ကျွန်မသည် ယင်းဂျာနယ်များအား စာအုပ်အဟောင်းဆိုင်များတွင် ရှာဖွေ၍ ရနိုင်သမျှ ဝယ်ယူစုဆောင်းထားရှိပါသည်။

ရှေ့ဖုံးအတွင်းဘက်၌ "မဟာဗောဓိဂျာနယ်ကို ၁၉၈၁ ခုနှစ်မှ စ၍ အနာဂါရိက ဓမ္မပါလသူတော်စင်က စတင်တည်ထောင်သည်" ဟူသော ကမ္ပည်းစာတမ်းမှာ ပါရှိမြဲပင်ဖြစ်လေသည်။ စတင်တည်ထောင်သူ၏ ဂုဏ်ကျေးဇူးကို နောက်ဆက်လက်ထုတ်ဝေသူများက ဖော်ကျူးဆဲပင်ဖြစ်သည်။

ယခု မျက်မှောက်ခေတ် ၂၀၀၂ ခုနှစ် ဖြစ်လေရကား နှစ်ပေါင်း (၁၀၁) နှစ် ရှိလေပြီ သာသနာပြု ဂျာနယ်အဖြစ် ဤ၍ ဤမျှ တည်တံ့ခိုင်မြဲသည်မှာ တစ်နည်း ဂုဏ်ယူဘွယ် ဖြစ်ပါသည်။

၁၉၇၁ ခုနှစ် ဇန်နဝါရီလထုတ် ဂျာနယ်တွင် သူ့နိုင်ငံအလိုက် သတ်မှတ်သော ဂျာနယ်တစ်စောင် တန်ဘိုးမှာ-

| | |
|---|---|
| အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံတွင် | ၈ ရူပီး |
| ဘားမား (ယနေ့မြန်မာ) | ၁၀ ကျပ် |
| **U.S.A** | ၃ ဒေါ်လာ |
| ဥရောပ | ၁၅ သျှီလင် |
| အခြားအရှေ့တိုင်းနိုင်ငံများ | ၃ ဒေါ်လာ |

ဂျာနယ်ကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ ထုတ်ဝေဖြန့်ချိပါသည်။

♦ ♦ ♦

# အမေရိကန်နိုင်ငံ ဘာသာပေါင်းစုံ ညီလာခံသို့ တက်ရောက်ခြင်း

မဟာဗောဓိဂျာနယ်ကို အောင်မြင်စွာ ထုတ်ဝေပြီးနောက် ထိုနှစ် အောက်တိုဘာလတွင် ဓမ္မပါလနှင့် ကာနယ်လ်တို့သည် မြန်မာနိုင်ငံသို့ လာရောက်ကြပြန်သည်။ ထိုအခါတွင် သရဏဂုံသုံးပါးနှင့်တကွ ဗုဒ္ဓဘာသာဝင်အဖြစ်တည်ပြီးဖြစ်သော ကာနယ်လ်သည် မြတ်ဗုဒ္ဓအဆုံးအမတရားတော်များအကြောင်းကို ကောင်းစွာ သဘောပေါက်နားလည်ပြီး ဖြစ်သောကြောင့် မည်သည့် လူမျိုးစုကိုဖြစ်စေ စကားပြောဆိုရာ၌ ပြေပြစ်ချောမောစွာ ဆက်ဆံနိုင်သည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ မန္တလေးမြို့၊ မြင်းမူမြို့စသည်များ၌ ဝင်ရောက်ကြပြီး အသင်းအကြောင်း ရှင်းလင်းဟောပြောကြသည်။ ရန်ပုံငွေကောက်ခံသည်။ မဟာဗောဓိအသင်း ထူထောင်ကြရန် ဆော်သြသည်။ မဟာဗောဓိဂျာနယ် မှာယူဖတ်ကြရန် တိုက်တွန်းသည်။

ဤအခေါက် မြန်မာပြည်သို့ လာရောက်သော ခရီးမှာ အတန်အသင့် အောင်မြင်မှုရလေသည်။ အရေးအကြီးဆုံးဖြစ်သည့် မဟာဗောဓိအသင်းများ တည်ထောင်ပေးနိုင်ခြင်းဖြစ်သည်။ ထို့နောက် တစ်ဆက်တည်းပင် ရခိုင်ပြည်နယ်



http://www.cherrythitsar.org

စစ်တွေမြို့သို့ ဝင်ရောက်ကြပြန်သည်။ ရှေးအတီတေကပင် ဗုဒ္ဓဘာသာကို သက်ဝင်ကိုးကွယ်ခဲ့လေသော ဗုဒ္ဓဘာသာ ရခိုင်များက သူတို့အဖွဲ့ကို ဖော်ရွေစွာ ကြိုဆိုကြသည်။

စစ်တွေမြို့တွင် မဟာဗောဓိအသင်းကို တည်ထောင်နိုင်သည်။ မဟာဗောဓိဂျာနယ်ကိုလည်း လူကြီးလူကောင်း အတော်များများက ပို့ပေးရန် မှာယူကြပါသည်။ ထိုမျှမက အရှင်ဓမ္မပါလတို့နှင့်အတူ သီတင်းသုံးဖော်အဖြစ် ရှင်သာမဏေနှစ်ပါးပါ အတူထည့်ပေးလိုက်ကြသည်။ ရှင်သာမဏေများလိုက်ပါလာသည့်အနက် တစ်ပါးမှာ ဓမ္မပါလနှင့်အတူ စွဲစွဲမြဲမြဲ သီတင်းသုံးနေရင်းနောင်အခါ ကုသိနာရုံကျောင်းထိုင် ဆရာတော် ဦးစန္ဒမဏိ ဟူ၍ တစ်သက်ပန်လုံး သာသနာပြုတော်မူသည်။

မြန်မာပြည် ရခိုင်ဗုဒ္ဓဘာသာဝင်များကား စိတ်ဓါတ်တက်တက်ကြွကြွ ရှိလှသည်။ ဓမ္မပါလတို့ အိန္ဒိယသို့ ပြန်ရောက်ကြသောအခါ ရရှိခဲ့သော အလှူငွေများဖြင့် ထိုနှစ်အတွင်းမှာပင် ကာလကတ္တားတွင် အိမ်ခန်းငှားပြီး အသင်းတိုက်ဖွင့်သည်။ ယင်းတွင် အသင်းလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ဆောင်နိုင်သည်။ (၁၉၀၄) ခုနှစ်မှာမှ ယင်းအိမ်ခန်းကို ပြန်အပ်လိုက်သည်။

ဓမ္မပါလဘိက္ခုနှင့် အဖွဲ့သည် ကာလကတ္တားရှိအသင်းတွင်လည်းကောင်း ရုံဖန်ရုံခါ ဗုဒ္ဓဂယာရှိ သီပေါမင်း၏ တိုက်ဇရပ်တွင်လည်းကောင်း အကြောင်းအားလျော်စွာ သီတင်းသုံးနေထိုင်ကြသည်။ ထို့အပြင် ကိုလန်ဘိုမြို့ရှိ မိဘများထံသို့လည်း အားလပ်သည့်အခါ သွားပါသည်။ ကိုလန်ဘို သီအိုဆိုဖီအသင်းအတွက်လည်း သင့်သလို လုပ်ကိုင်ပေးရသေးသည်။

ဤကဲ့သို့ ဓမ္မပါလဘိက္ခုနှင့် အဖွဲ့တို့က အားကြိုးမာန်တက် ဆောင်ရွက်ကြသလောက် မဟာဗောဓိအသင်းသည် တစ်လထက်တစ်လ ပိုမို ထင်ရှားလူသိများလာသည်။ မြို့ကြီးအချို့တွင် အသင်းခွဲများ တိုးချဲ့ဖွင့်နိုင်ခဲ့သည်။ မဟာဗောဓိအသင်း ပွားများလာသလို မဟာဗောဓိဂျာနယ်သည်လည်း စောင်ရေ တိုးတက်ဖြန့်ချိရသည်။

သို့ တိုးတက်မှုများသည် မဟန့်တို့အုပ်စုအား စိတ်အနှောက်အယှက်ဖြစ်စေသည်။ သည်အသင်း သည့်ထက်သည် ကြီးပွားလာလျှင် မဟာဗောဓိစေ

တီကြီးသည် မိမိတို့ အုပ်ချုပ်မှုအောက်မှ လက်လွတ်သွားလေမလား ကြောင့်ကြလာလေသည်။ မဟာန့်တို့အုပ်စုသည် ကြောင့်ကြစိတ်များလာလေလေ ဓမ္မပါလတို့အဖွဲ့အပေါ်တွင် မထေမဲ့မြင် ပြုလုပ်မှုများလာ လေလေဖြစ်သည်။

စင်စစ် ရှေးအထက်ကျော်ကပင် ဤဒေသကို စိုးမိုးချယ်လှယ်ခွင့်ရခဲ့လေသော မဟာန့်တို့အုပ်စုနှင့် နိုင်းစာလျှင် ဓမ္မပါလတို့ ဘိက္ခုများသည် တစ်ရာနှင့် တစ်ယောက်ဆိုလောက်အောင် အင်အားနည်းပါးလှသည်။ အင်အားနည်းပါးစေကာမူ အမှန်တရားဘက်မှ ရပ်တည်လျှက်ရှိသော ဓမ္မပါလ တို့ကားကြံ့ကြံ့ခိုင်ခိုင် အိန္ဒြေမပျက် နေမြဲပင်။

ဓမ္မပါလနှင့် ကာနယ်လ်တို့နှစ်ဦးသည် တစ်နေရာသို့ ခရီးထွက်စဉ် သီပေါမင်းတိုက်ဇရပ်တွင် သီတင်းသုံးနေထိုင်ပြီး စေတီယင်္ဂဏ ဝတ်ပြုဆောင်နေကြသော သီဟိုဠ်ရဟန်းတော်များနှင့် ရခိုင်သာမဏေများအား ရန်မူလာကြသည်။ (၁၈၉၃) ဖေဖော်ဝါရီလ (၄)ရက်နေ့တွင်ကား မဟာန့်၏ တပည့်များက လူအုပ်ဖြင့် ဝင်ရိုက်ကြလေ၏။ အရိုက်ခံရသော သာမဏေများအနက် သီဟိုဠ်သား ဦးသုမင်္ဂလဘိက္ခုကိုယ်တော်မှာ ဒဏ်ရာပြင်းသဖြင့် အတွင်းလူနာအဖြစ်ဆေးရုံသို့ ပို့လိုက်ရလေ၏။ ကျန်သံဃာများမှာလည်း အပြင်လူနာအနေဖြင့်ဆေးကုကြရသည်။ တစ်ဖက်သပ်ရိုက်ပွဲဖြစ်ပြီး ချက်ခြင်းလိုပင် ဂယာပုလိပ်များရောက်လာသောကြောင့် အသက်ဘေးမှ လွတ်ကင်းကြခြင်းဖြစ်သည်။

ခရီးထွက်ရာမှ ပြန်ရောက်လာကြသော ဓမ္မပါလနှင့် ကာနယ်လ်တို့သည် ဆေးရုံသို့ တန်းသွားကြလေသော် ဒဏ်ရာပြင်းကြောင်း တွေ့ရသဖြင့် အမှုဖွင့်အရေးယူရန် စိုင်းပြင်းသည်။ သို့ဖြစ်စေကာမူ ကာယကံရှင်ဖြစ်သော အရှင်သုမင်္ဂလဘိက္ခုက သည်းခံကြပါဟုပြော၍ အမှုမလုပ်ရန် ဖျောင်းဖြသည်။ အမှုလုပ်လျှင်လည်း တရားတော်နှင့်မညီ၍ ရုံးသို့လိုက်ပါသက်သေခံရန် မဖြစ်နိုင်ဟု ယတိပြတ်ပြောလေသည်။ ကာနယ်လ်သည် သည်အတိုင်း ငုံ့ခံရန်မသင့်ဟု ဆုံးဖြတ်သည်။ ထို့နောက် ကာနယ်လ်သည် ဂယာအရေးပိုင် ဒီ-ဂျေ-မက်ဖာဆင်ထံသို့ လိပ်မူ၍ "ကာနယ်လ်·အိပ်(ချ)·အက်(စ်)·အော်လ်ကော့ဒါရိုက်တာနှင့် အကြံပေးအရာရှိ မဟာဗောဓိအသင်း" ဟူ၍ လက်မှတ်ထိုးပြီး တိုင်ကြားစာပို့လိုက်သည်။ ယင်းတိုင်စာကို ဂယာအရေးပိုင်က အရေးတယူမရှိ

လှပါ။ သူ့စာတွင် “ဤဖြစ်ရပ်အတွက် ဝမ်းနည်းပါကြောင်း၊ ဒဏ်ရာရသူ ကာယကံရှင်က တစ်စုံတစ်ရာ တိုင်ကြားခြင်း မပြုသောကြောင့် မည်သို့မျှ မကူညီနိုင်ကြောင်း” မျှသာဖြစ်သည်။

ထိုဖြစ်ရပ်အားကြားသိရသော မျက်နှာဖြူရာဇဝတ်ဝန်ကြီးကမူ

“ငါက ကုလားဘုန်းကြီးတွေဟာ ဘာသာရေးဘန်းပြပြီး ညာစားနေကြသူချည်းပဲလို့မှတ်နေတာ၊ အခု သီဟိုဠ်ဘုန်းကြီးတွေကတော့ တရားအတိုင်း အဟုတ်လုပ်နေကြသားပဲဟာ” ဟုပြောပြီး ရယ်မောသည်ဆို၏။

ဤအရေးအခင်းကြားသိကြရသော သူများကလည်း မဟန့်တို့လုပ်ရပ်အား ရှုပ်ချကြသည်။ မဟန့်တို့နှင့် ဘာသာတူများကပင်လျှင် အပြစ်တင်ကြလေသည်။

ဒဏ်ရာများ သက်သာ၍ ဆေးရုံမှ ဆင်းလာသော အရှင်သုမင်္ဂလဘိက္ခုအား ကာနယ်လ်က အထူးဂရုစိုက်၍ လိုအပ်သော အာဟာရများ ဆက်ကပ်သည်။ တိုက်ဇရပ်ကျောင်းတွင် ပုံမှန်အတိုင်း သီတင်းသုံးနေကြလေသည်။

ထို့နောက် များမကြာမီ အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ကျင်းပမည်ဖြစ်သော ကမ္ဘာ့ဘာသာရေးပေါင်းစုံ ညီလာခံသို့ မဟာဗောဓိအသင်းမှ တစ်ဦး တက်ရောက်ရန် ဖိတ်ကြားစာရရှိသည်။ ထို့ကြောင့် ဓမ္မပါလနှင့် ကာနယ်လ်တို့ သီဟိုဠ်ရှိ ဆရာတော်ကြီးများထံ အစီရင်ခံရန် သွားကြသည်။ သီဟိုဠ်ဆရာတော်များအနေဖြင့် ဝေးဝေးလံလံခရီးကြွလိုခြင်း မရှိကြပါ။ ဓမ္မပါလကိုသာ သွားရန်တိုက်တွန်းကြလေသည်။ (၁၈၉၃)ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်သည့် ယင်းဘာသာပေါင်းစုံညီလာခံကြီးကား နိုင်ငံအသီးသီးမှ ထူးခြားထက်မြက်သော သာသနာရေးပုဂ္ဂိုလ်ချည်းနှင့်နှင့် စုဝေးကြသော ညီလာခံကြီးဖြစ်ပါသည်။

ဓမ္မပါလသည် ဆရာတော်ကြီးများ၊ လူကြီးမိဘများ၏ သဘောတူညီချက်အရ ညီလာခံသို့ တက်ရောက်ရန် ဖြစ်လာသည်။ ခရီးသွားလာရန်၊ ဝင်ရောက်ရန် မြို့များနှင့် သင်္ဘောလမ်း၊ မီးရထားလမ်းများကို လေ့လာစီစဉ်ကြရသည်။ သို့ လက်တွေ့သွားလာရမည့်အခါ မလုပ်လျှင်မဖြစ်သော ကိစ္စတစ်ရပ်ပေါ်လာသည်။ ယင်းကိစ္စမှာ-

**သီဟရတနာစာပေ**

ရပ်ဝေးမြေခြား တိုင်းတစ်ပါးသို့ သွားရမည့် ခရီးအဆင့်ဆင့်တွင် မည်သို့သော ပုဂ္ဂိုလ်အနေဖြင့် သွားရပါမည်နည်း။ မြတ်ဗုဒ္ဓပြဋ္ဌာန်းထားသော ဝိနည်းသိက္ခာပုဒ်များကို ကောင်းစွာ လိုက်နာစောင့်ထိန်းရသော ရဟန်းသံဃာ ဘဝဖြင့် နေရာကျပါမည်လော။ အိန္ဒိယနိုင်ငံတွင်း သွားလာရခြင်းသည်ပင်လျှင် အချိန်မီ ဆွမ်းကွမ်းကိစ္စ ပြည့်စုံစေရန် မလွယ်ကူချေ။ ခရီးရှည်သွားလာရတိုင်း အခက်အခဲရှိသည်ချည်း ယခုသွားရမည့်ခရီးကလည်း ဒေသကွာလှမ်းလှသည်။ ရက်ကလည်း အတော်ကြာပေလိမ့်မည်။ ဤတွင်ကာနယ်လ်အော်လ်ကော့ အကြံပြုသည့်အတိုင်း သက်န်းချွတ်ပြီး လူဝတ်နှင့်မှ နေရာကျပေလိမ့်မည်။ ထို့ကြောင့် ရဟန်းဘဝကို စွန့်ပြီး ဗြဟ္မစာရီ သူတော်စင်အဖြစ်သို့ ကူးပြောင်းလိုက်ရလေသည်။

ဓမ္မပါလသူတော်စင်သည် အမေရိကန်ညီလာခံသို့ ဦးတည်ခရီးထွက်ခဲ့လေရာ (၁၈၉၃)၊ ဩဂုတ်လတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ရောက်သည်။ လန်ဒန်တွင် သတင်းစာ အယ်ဒီတာကြီး ဆာအက်ဒ်ဝင်အားနိုးနှင့် တွေ့ဆုံခွင့်ရသည်။ သူငယ်စဉ်က ဗုဒ္ဓသာသနာပြုရောင်ခြည်ဦးကို စတင်ထွန်းညှိပေးခဲ့သော လမ်းညွှန်ကြယ်သဖွယ် ပုဂ္ဂိုလ်ကြီးပေတည်း။ ဓမ္မပါလသည် ဆရာကြီး ဆာအက်ဒဝင်အားနိုးထံမှ အဆုံးအမ ဩဝါဒစကားများ ကြားနာခံယူပြီး ခရီးဆက်ခဲ့သည်။

ညီလာခံကျင်းပရာ အမေရိကန် ချီကာဂိုမြို့သို့ ရက်အနည်းငယ်စောပြီးရောက်ရှိသည်။ ညီလာခံကျင်းပရေးကော်မတီမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များသည် လွန်ခဲ့သော နှစ်နှစ်ခန့်က ကာလကတ္တားမြို့တွင် ''ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ ဆက်နွယ်မှု'' တရားဟောပြောခဲ့သော သီဟိုဠ်သားဟူ၍ ကောင်းစွာ ကြိုဆိုကြပါသည်။ အခြားနိုင်ငံအသီးသီးမှ တက်ရောက်ရန် ရောက်လာကြသော ဘာသာရေးခေါင်းဆောင်များအနက် အသက် (၂၉)နှစ်အရွယ် ဓမ္မပါလမှာ ပျိုရွယ်လျှက်ရှိသည်။

ဓမ္မပါလသည် ပျိုရွယ်သူဖြစ်စေကာမူ စင်မြင့်ဟောပြောပွဲများနှင့် စိမ်းသူမဟုတ်၊ အင်္ဂလိပ်စကားဖြင့် အကြိမ်ကြိမ် ဟောပြောဖူးသော အတွေ့အကြုံရင့်ကျပ်ပြီးသူဖြစ်သည်။ ဘာသာရေး၊ လူမှုရေးတို့တွင် လေ့လာတတ်ကျွမ်းပြီး

လျှင် ထိရောက်သော စကားလုံးများကို သုံး၍ ဟောပြောတတ်သူ ပညာရှင်လည်းဖြစ်သည်။

ယနေ့မှ နောက်ပြန်လှည့်ကြည့်မည်ဆိုလျှင် သူသည် အမေရိကန်နိုင်ငံသို့ ဗုဒ္ဓဘာသာ သာသနာကို နားလည်သဘောပေါက်စေရန် ဟောပြောဆောင်ရွက်နိုင်သော ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်ဟု ထင်မိပါသည်။

သူ့အနေဖြင့် မည်သည့်ပုဂ္ဂိုလ်၊ မည်သူမဆို၊ သူ့အတွက်ကြီးသည်၊ သေးသည်မရှိ။ ကျောင်းသား၊ ပညာရှင်၊ လူချမ်းသာ၊ လူဆင်းရဲ မခွဲခြားပေ။ လူတိုင်းလူတိုင်းသည် ပရဟိတအကျိုးကို အနည်းငယ်မျှပင်ဖြစ်စေ ဆောင်ရွက်နိုင်စွမ်းရှိကြသည်ချည်းဟု လက်ခံယုံကြည်သည်။ အမြဲတမ်းရွှင်လန်းသောကျက်သရေဆောင်သည့် အမူအရာဖြင့် ပြောသောသူ၏ စကားလုံးများကားကြားနာရသူအားလုံးထံသို့ ရိုးသားဖြူစင်စွာ ရောက်ရှိသွားမြဲပင်။ လိမ်ညာလှည့်ဖြားမှုကို ခါးသည်းသူဖြစ်၍ သူ့နှုတ်မှလည်း သူ့သဘာဝအတိုင်း ရိုးသားသောစကားများသာ ထွက်လာသည်။

(၁၈၉၃) ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ချီကာဂိုမြို့၊ ကိုလံဗတ်စ်ခန်းမ၌ ပထမနေ့ ဟောပြောပွဲတွင် သူပြောခဲ့သော စကားများသည်။ ပရိသတ်ကြီးအား နားစွင့်ငြိမ်သက်စေသည်။ သူပြောသည့်ခေါင်းစဉ်မှာ "ဗုဒ္ဓသို့ ကမ္ဘာမှတင်နေသော ကျေးဇူး" **(The World Debt to Buddha)** ဖြစ်သည်။

ငြိမ်းချမ်းရာကို ပြခဲ့သော ဘုရားရှင်၏ အဆုံးအမတို့သည် အာရှတိုက်တွင် ပျံ့နှံ့ခဲ့ပြီ။ အာရှကို နူးညံ့သိမ်မွေ့စေသည်။ ဗုဒ္ဓဘာသာဝင်ဦးရေလေးရာခုနှစ်ဆယ့်ငါးသန်း၏ ဆန္ဒမွန်ကို တုန့်ပြန်ကြရန် မေတ္တာရပ်ခံပါကြောင်း မေတ္တာတရားကို အားလုံးအပေါ်တွင် အစစ်အမှန် ထားရှိကြပါ။ အပြစ်များအကုသိုလ်များအား အရှိအတိုင်း ဖော်ထုတ်ပါ။ စစ်မှန်သောဘဝကို အရှိအတိုင်း ဦးဆောင်ပါ။ ဒေသစွဲမထားကြပါနှင့် ငြိတွယ်မှုကင်းသော စိတ်နှလုံးဖြင့် မိမိကိုယ်ကိုသာ မိမိအားကိုးရာဟူသော ဗုဒ္ဓဒေသနကို လေ့လာကြပါ။ နားကိုစွင့်ပြီး လူပေါင်း (၁၄၁)သန်း၏ မြည်ကြွေးသံကို ကိုယ်ချင်းစာနာကြပါ။ အစရှိသော စကားများဖြင့် အစချီပြီးနောက် ဗုဒ္ဓဒေသနာတော်မှ အထောက်အထားအကိုးအကားများဖြင့် ရှင်းလင်းလွယ်ကူစွာ တင်ပြသွားလေသည်။ မိမိ

စိတ်နှလုံးတွင် ကိန်းဝက်လျှက်ရှိသော အစစ်အမှန် ယုံကြည်ချက်များအား စိတ်ပါလက်ပါ ဖော်ထုတ်ပြောဟောလိုက်ခြင်းဖြစ်သည်။ သူ၏ မိန့်ခွန်းမှာ ထိရောက်မှုအလွန်ရှိပြီး အမေရိကန်ပေါင်းများစွာမှ တစ်ထိုင်တည်းနှင့် မွန်မြတ်လှသော တရားသဘောကို လက်ခံကြလေသည်။

(လူပေါင်း (၁၄၁) သန်းမှာ ထိုစဉ်က အိန္ဒိယ၏ လူဦးရေ ဖြစ်ဖွယ်ရှိသည်။)

ဟန်ဆောင်မှုကင်းသော အသွင်သဏ္ဌာန် ဖြောင့်မှန်သော စကားလုံးများသည် ပရိသတ်တို့၏ စိတ်နှလုံးတွင် ထိထိခိုက်ခိုက်ရှိလှ၏။ ဓမ္မပါလ သူတော်စဉ်၏ တရားပြီးဆုံး၍ ထိုင်လိုက်သောအခါ လုံးဝဥဿုံငြိမ်သက်နေပြီးမှ မဆုံးနိုင်သော ဩဘာသံကြီးက တစ်ခဲနက် လိုက်လာတော့သည်။ အမေရိကန် သတင်းစာတစ်စောင်ကမူ "ချီကာဂိုမြို့ လူထုကြားဖူးသမျှတွင် အမွန်မြတ်ဆုံးသော တရားသံဖြစ်သည်။ ဘယ်သူမှ လိုက်မမီနိုင်" ဟု ဖော်ပြလေသည်။

(၁၉၆၄ ခု၊ နိဝင်ဘာလထုတ် မဟာဗောဓိဂျာနယ်မှ ဒီပက်ကူမာဘာရုယ အမ်-အေ (**Dipak Kumar Barua M.A**) ၏ "အနာဂါရိက ဓမ္မပါလ အကြောင်း လေ့လာချက်" ဆောင်းပါးမှ)

♦ ♦ ♦

# ကောင်းကျိုးများသော (၁၈၉၃) ခုနှစ်

ဓမ္မပါလသည် သာသနာတော်အကျိုးဆောင်ရွက်ခဲ့သမျှ နှစ်ကာလအားလုံးတွင် (၁၈၉၃) ခုနှစ်ကား မဟာဗောဓိအသင်းအတွက် အားတက်ဖွယ်ဖြစ်သော ကောင်းကျိုးများအား ဖော်ဆောင်နိုင်သော နှစ်တစ်နှစ်ဟု ဆိုနိုင်ပါသည်။

ယခုပင်လျှင် ဗုဒ္ဓဘာသာအကြောင်း အမေရိကန်လူထု လက်ခံမှုရရှိစေရန် ဘာသာရေးညီလာခံကြီးတွင် ဟောပြောခြင်းဖြင့် အထိုက်အလျောက်အောင်မြင်မှုရခဲ့လေပြီ။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူသားတို့အပေါ် ထားရှိအပ်သော မေတ္တာစေတနာကို ကမ္ဘာက ကြားဖူးသွားလေပြီ။

ချီကာဂိုမြို့မှ အိန္ဒိယနိုင်ငံသို့ အပြန်ခရီးသည်လည်း မဟာဗောဓိအသင်းအတွက် အင်အားဖြစ်စေသော အချက်နှစ်ရပ်ရှိခဲ့သည်။ ပထမအချက်မှာ ဟိုနိုလူလူဆိပ်ကမ်း၌ သင်္ဘောဆိုက်ကပ်ရပ်နားစဉ် မေရီဖော်စတာ **(Mrs.Mary Foster)** ဆိုသူ သူဋ္ဌေးမကြီးတစ်ဦးနှင့် မိတ်ဖြစ်ရင်းနှီးခွင့် ရရှိခြင်းဖြစ်ပါသည်။

မေရီဖော်စတာသည် ထိုနှစ်ပိုင်းတွင် အသက် (၄၉)နှစ်အရွယ် ဖြစ်၍

ဓမ္မပါလထက် အနှစ် (၂၀)ကြီးသည်။ ဓမ္မပါလ၏မိခင် မလ္လိကာနှင့် အသက် မတိမ်းမယိမ်းဖြစ်လေသည်။ ဓမ္မပါလသည် ဘယ်အရေးဘယ်ကိစ္စဖြင့် အမေရိကားမှ ပြန်လာသည်ကို မေရီဖော်စတာသိသောအခါ ဗုဒ္ဓဘာသာအကြောင်း မေးမြန်းသည်။ ဗုဒ္ဓသာသနာတော် ပေါ်ထွန်းသည့် ကာလမှစပြီး ဗုဒ္ဓအဆုံးအမ ကျင့်စဉ်ဆိုသည်မှာ ဘယ်သို့၊ ဗုဒ္ဓယဉ်ကျေးမှုမှာ ဤသို့၊ ဤနှယ်၊ တစ်စုံတစ်ယောက်ကိုမျှ အားကိုးမှုမပြုအပ်၊ မိမိကိုယ်ကိုသာ မိမိအားထားရာ ဖြစ်ကြောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောပြလေသည်။

မီလျံနာ မေရီဖော်စတာကား ဓနအင်အား ပြည့်စုံသော်ငြား၊ စိတ်အေးချမ်းမှုမရှိဘဲ ဖြစ်နေသူတည်း။ သူ့အခက်အခဲမှာ ဒေါသကြီးလွန်းသော ငယ်ကျင့်ကို မဖျောက်နိုင်သောကြောင့် ပူလောင်နေရခြင်းဖြစ်သည်။ ဒေါသကို ပယ်ဖျောက်နိုင်ရန် နည်းလမ်းရှာနေသူလည်း ဖြစ်သည်။

ဓမ္မပါလပြောဟောသမျှ ကောင်းကောင်းသဘောပေါက်လာသောအခါ မေရီဖော်စတာက ဤကျင့်စဉ်ကို စူးစမ်းကြည့်ပါမည်ဟု ဂတိပေးလေသည်။ ဓမ္မပါလက နည်းပေးလမ်းညွှန်ချက်အတိုင်း အချိန်မဆိုင်းဘဲ လေ့ကျင့်ကြည့်သောအခါ သူ၏ဒေါသစိတ်ကို သိသိသာသာ ထိန်းသိမ်းနိုင်လာကြောင်း တွေ့ရသည်။ ထိန်းနိုင်သည်နှင့်အမျှ စိတ်အေးချမ်းသာစွာ နေထိုင်နည်းကိုပါ တွေ့ရှိခံစားမိလာတော့သည်။ အကျိုးရှိမှန်းသိလာလေလေ ပိုမိုစိတ်ထက်သန်စွာ လေ့ကျင့်လေလေ ကြိုးစားအားထုတ်လာသောအခါ များးစွာ ခရီးရောက်လာလေ၏။ မိမိ၏ ငယ်ကျင့်ဒေါသမီးကို အေးငြိမ်းချမ်းသာအောင် နည်းပေးညွှန်ကြားသော တရားရှင် သူတော်စင် ဓမ္မပါလအား အနှိုင်းမသိ ကျေးဇူးတင်လှသည်။

ကျေးဇူးသိတတ်သော မီလျံနာဖော်စတာသည် ဓမ္မပါလ၏ သာသနာပြုလုပ်ငန်းတွင် သုံးစွဲရန် ငွေအလုံးအရင်းဖြင့် ရက်ရောစွာ ထည့်ဝင်လှူဒါန်းလိုက်လေသည်။ ဤသို့လျှင် မေရီဖော်စတာသည် ဗုဒ္ဓဘာသာကို သက်ဝင်ကိုးကွယ်သော ဥပါသကာမကြီးဖြစ်လာလေ၏။ မဟာဗောဓိအသင်းအတွက် လိုအပ်သောငွေကြေး၊ မည်၍မည်မျှဖြစ်စေ သူ့အားအကြောင်းကြားပါက လှူဒါန်းပါမည်ဟုလည်း ဂတိစကားပြောကြားလိုက်သေးသည်။

သူ့ဂတိအတိုင်း အသင်းတော်အကျိုးဖြစ်စေမည့် အကြောင်းရပ်ပေါ်လာတိုင်း များသောငွေပမာဏကို အခါခါပေးလှူသည်မှာ သူတစ်သက်ပတ်လုံးပင်ဖြစ်သည်။

အမေရိကားမှ အပြန်တွင် အကျိုးများစေသော ဒုတိယအချက်မှာ ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းနှင့် ပတ်သက်ပါသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တင်ကိုကူဂျီ ဗုဒ္ဓသာသာဝိဟာရမှ "ခင်ကြီးအက်စ်အဆာဟိ"နှင့် တွေ့ဆုံခဲ့ရသည်။

ဂျပန်နိုင်ငံသားခင်ကြီးနှင့် သီဟိုဠ်နိုင်ငံသား သူတော်စင် ဓမ္မပါလတို့ နှစ်ပါးသည် ကိုးကွယ်ရာ ဘာသာတူခြင်း ဖြစ်သောကြောင့် သူတော်ချင်းချင်း သီတင်းလွေ့လွေ့ ပေါင်းဖက်တွေဖြစ်ကြလေ၏။ သာသနာတော် ပြန့်ပွားရေး ဆွေးနွေးကြသည်။ ဂျပန်ခင်ကြီးအက်စ်အဆာဟိက မြတ်ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိတန်ဆောင်းတော်ကြီးတွင် တင်လှူပူဇော်ရန် ဗုဒ္ဓဆင်းတုတော် တစ်ဆူ ပေးလှူလိုက်သည်။ ထိုဆင်းတုတော်မှာ လွန်ခဲ့သော နှစ်ပေါင်း (၇၀၀) ကျော်ကာလကပင် စန္ဒကူးသားအနှစ်ကို လက်ရာမြောက်စွာ ထုလုပ်ပူဇော်ထားခြင်းဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်အဖြစ်မျှမက ရှေးဟောင်းဂျပန်အနုပညာလက်ရာကောင်း၊ ဗုဒ္ဓဝင်ဆိုင်ရာ ပစ္စည်းဖြစ်သောကြောင့် တန်ဘိုးမဖြတ်စကောင်းပါ။ ဓမ္မပါလကလည်း မဟာဗောဓိ တန်ဆောင်းတော်သို့အရောက်တင်လှူပေးရန် ဂတိဝန်ခံစကား ပြောခဲ့ပါသည်။ သို့သော် ဤအရေးမှာ ချောမောပါမည်လောဟု ကြောင့်ကြမိသည်။ မဟန့်တို့နှင့် ညီညွတ်အောင် လုပ်ဆောင်နိုင်ပါမည်လား လက်ရှိအခြေအနေကို မိမိအသိဆုံးပင်။ မဟန့်တို့သည် မဟာဗောဓိတန်ဆောင်းတော်ကြီးနှင့် ပတ်သက်လျှင် ရန်လိုတတ်လှသည်။

စန္ဒကူးနှစ် ဗုဒ္ဓဆင်းတုတော် ကိန်းဝပ်စံပယ်ရာ အောက်ခံမှာ ကြာပန်းပွင့်ချပ်လွှာ အထပ်ထပ်ဖြင့် ထုလုပ်ထားသော ပလ္လင်ဖြစ်သည့်အပြင် နောက်ခံ တံကဲတော်မှာလည်း ကြာဖူးသဏ္ဍာန်ပင်ဖြစ်၍ အံ့မခန်းလက်ရာမြောက်လှသည်။ ဆင်းတုဉာဏ်တော်မှာ နှစ်ပေခန့်ရှိသည်။

ဂျပန်ခင်ကြီးလှူလိုက်သော ဆင်းတုတော်အား ရင်ဝယ်ပိုက်ကာ ဂရု



http://www.cherrythitsar.org

တစိုက်ဆောင်ကျဉ်းလာသော ဓမ္မပါလသည် ဂယာမြို့ ကျောင်းဝိဟာသို့ ချော မောစွာ ပြန်ရောက်လာသည်။

သီတင်းသုံးဖော်ဘိက္ခုများ မိတ်ဆွေများကလည်း ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ကြပေသည်။

♦ ♦ ♦

## မဟာဗောဓိတန်ဆောင်းတော် အမှုကြီး

ချီကာဂိုမြို့ ညီလာခံကြီးမှ ပြန်လာသော ဓမ္မပါလ သူတော်စင်သည် (၁၈၉၄)ခု နှစ်ဦးပိုင်းတွင် ဂယာသို့ ပြန်ရောက်သည်။

ရောက်လျှင်ရောက်ချင်း ပင့်ဆောင်ခဲ့သော ဂျပန်ဘုရားကို မဟာဗောဓိတန်ဆောင်းတော်သို့ တင်လှူရန် အရေးမစိုက်သေးချေ။ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအသင်းမှ ဖိတ်ကြားစာရောက်နှင့်လျက် တွေ့ရသည်။ ထို့ကြောင့် ရက်ပိုင်းမျှနားနေပြီး ခရီးဆက်လက်ထွက်ရသည်။ တရုတ်နိုင်ငံ ရှန်ဟဲမြို့တွင် ကျင်းပသော တွေ့ဆုံပွဲတွင်ကား စကားပြန်မှတစ်ဆင့်ဖြင့် တရားဟောရလေသည်။ အများစုက နှစ်သက်အားပေးကြပါ၏။

(၁၈၉၄) ဖေဖော်ဝါရီလထဲတွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်သည်။ ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်း ဖြစ်သောကြောင့် အသင်းလုပ်ငန်း တိုးချဲ့နိုင်ရန် ရည်ရွယ်ချက်ဖြင့် သွားခြင်းဖြစ်သည်။ ဘန်ကောက်တွင် မင်းမျိုးမင်းနွယ် မင်းသားတစ်ပါးထံတွင် တည်းခိုခွင့်ရသည်။ မင်းသားအမည်မှာ **(RIJSKI)** ရပ်ဂျ်စကီဖြစ်သည်။ အိမ်ရှင်မင်းသားမှ ဆက်သွယ်ပေး၍ အခြားမင်းသားအချို့နှင့်ပါ သိကျွမ်းခွင့်ရသည်။ ယင်းတို့အကူအညီဖြင့် ဘန်ကောက်



http://www.cherrythitsar.org

မြို့တွင် မဟာဗောဓိအသင်းခွဲ ထူထောင်နိုင်သည်။ ထို့အပြင် အလှူငွေလည်း အတော်များများ ထည့်ဝင်လိုက်ကြသည်။ အိမ်နီးချင်း၊ ဘာသာတူခြင်းဖြစ်သော ကြောင့် ဆက်ဆံရာတွင် လွယ်ကူသည်။ သွားရကျိုးနပ်သော ခရီးပင်တည်း။

အမေရိကန် ချီကာဂိုမြို့ ညီလာခံကြီးမှစ၍ ဟိုနိုလူလူ၊ ဂျပန်၊ တရုတ် ယိုးဒယားမှ ပြန်ရောက်လာသည့် အချိန်အထိ လှုပ်ရှားဆောင်ရွက်ခဲ့လေသမျှ အကြောင်းတို့သည် စိတ်ကျေနပ်ဖွယ် အားတက်ဖွယ်အတိရှိပေ၏။

ဤသို့ ဝမ်းမြောက်ဖွယ် အားတက်ဖွယ် ရက်၊ လများသည် တသမတ် တည်းဖြောင့်ဖြောင့်သွားသည် မဟုတ်ချေ။ အကောင်းနှင့်အဆိုး ဒွန်တွဲလျက် လာတတ်သော နိယာမအတိုင်း ဆိုးကျိုးကြုံရမည့်ရက်သည် မကြာမတင် ဝင် ရောက်လာလေသည်။ အကြောင်းကား–

ဂျပန်ဘုရားဆင်းတုတော်ကို မဟာဗောဓိစေတီကြီးသို့ တင်လှူမည့် အစီအစဉ်မှ စတင်လေသည်။ (၁၈၉၄) ခုနှစ်၊ မေလ (၁၉)ရက်ကား မဟာ သက္ကရာဇ် မြန်မာပြက္ခဒိန်အရ ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သည်။

ယင်း နေ့ထူးနေ့မြတ်တွင် ဂျပန်စန္ဒကူးဆင်းတုတော်ကို မဟာဗောဓိစေတီ တော်သို့ တင်လှူပူဇော်ရန် အစီအစဉ်ပြုလုပ်သည်။ ယင်းသည့်ရက်တွင် ဘုရား တင်လှူမည့်အကြောင်း ဂယာမြို့ အရေးပိုင်ထံ ခွင့်တောင်းလေသည်။ ဂယာ အရေးပိုင်က မဟန့်ကို ခေါ်တွေ့မေးမြန်းပြီးနောက် ဓမ္မပါလထံ "ကောင်းပြီ" ဟု ခွင့်ပြုချက်ပေးသည်။

အရေးပိုင်၏ ခွင့်ပြုချက်ရပြီးသော် ဓမ္မပါလသူတော်စင်တို့သည် လာမည့် မေလ (၁၉)ရက်နေ့၌ ဘုရားပင့်ဆောင်ပွဲ လာရောက်ကြပါရန် ဂျပန်၊ သီဟိုဠ် စသော နိုင်ငံများမှ မထေရ်ကြီး ဝါကြီး ရဟန်းများနှင့်အတူ လူဝတ် ကြောင် ဘုရားဖူးအချို့ကို ဖိတ်စာပေးပို့လိုက်လေ၏။

ဘုရားပင့်ပွဲရက် နီးကပ်လာသောအခါ အနိုင်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ဘုရားဖူးများ ရောက်ရှိလာကြလေပြီ။

ဓမ္မပါလနှင့် ဘုရားဖူးများသည် ဂျပန်ရုပ်ပွားတော် တင်လှူပူဇော်ခွင့် ရပေတော့မည်ဟူ၍ စိတ်ချထားသော်ငြား ထင်တိုင်းမဖြစ်ပါ။ ဗုဒ္ဓဘာသာဝင် ပရိသတ်အစုအဝေးကိုမြင်သော မဟန့်က တားမြစ်ကန့်ကွက်လေ၏။ မဟန့်

သည် မူလက ‘‘ကောင်းပြီ၊ကောင်းရဲ့’’ ဟု ဂတိပေးပြီးစကားကို အလွယ်နှင့် ပယ်ဖျက်ပစ်လိုက်သည်။

မဟန့်ဘက်က စကားပျက်သောအခါ အရေးပိုင်ကလည်း ‘‘ဘုရား တင်လျှူ၍ မဟန့်တို့နှင့် ရှန်းရင်းဆန်ခတ်ဖြစ်လျှင် တာဝန်မယူနိုင်’’ဟု စကား ပြင်ပြီး ပြောပြန်လေ၏။

အင်္ဂလိပ်အစိုးရလက်အောက် မဟန့်တို့တွင်ကျယ်သော ဤ ဒေသကား ဗုဒ္ဓဘာသာဝင် ရဟန်းအစုကလေးသည် အလွန်သည်းခံနေရသော အဖြစ်မှာ ပေါ်လွင်လှပါသည်။ နိုင်ငံရပ်ခြားမှ အများအားခဲလာကြသော ဘုရားပွဲမှာ မကျင်းပနိုင်တော့ပါ။

ဂျပန်ဆင်းတုတော်ကိုကား ဓမ္မပါလတို့ တိုက်ဇရပ်တွင် လူဦးရေ ဝင်ဆံ့သလောက် အချိန်ခွဲပြီး ဝတ်ပြုပူဇော်ကြသည်။ ဘုရားပွဲလာ ပရိသတ် ရဟန်းရှင်လူတို့အား မဟာဗောဓိတန်ဆောင်းတော်နှင့် ဗောဓိမဏ္ဍိုင်ညောင်ညို ပင်သို့ သွားရောက်ဖူးမြော်ရန်ကိုကား အရေးပိုင်က ပုလိပ်အစောင့်အရှောက်ဖြင့် စီစဉ်ပေးသောကြောင့် ဘေးကင်း၊ ရန်ကင်း ပူဇော်ခြင်း ပြုကြရပါ၏။ ဘုရားဖူး များအတွက် ကသိကအောက်ဖြစ်ကြရခြင်းမှန်ပါ၏။ သို့တစေ ကာလနှင့် ဒေသကို ဆင်ခြင်ရာသည်။ မဟန့်တို့ကား ဘုရားပွဲကို ဖျက်ပစ်ရုံမျှဖြင့် မတန်သေး နောက်တစ်ဆင့် စော်ကားမှုမျိုး လုပ်ပြန်သည်။ တန်ဆောင်းတော် အတွင်း မူလကရှိနေပြီးသား ကျောက်ဆင်းတုတော် (၇)ဆူကိုပါ တိတ်တဆိတ် ယူသွားကြပြန်သည်။

ထိုအခါ ဓမ္မပါလတို့က အရေးပိုင်သို့ တိုင်ကြားရပြန်သည်။ ဤတွင် ဂယာအရေးပိုင်သည် စုံစမ်းစစ်ဆေးမှုပြုပြီး အမှုမှန်ကြောင်း သိရလေသော် ဆင်းတုတော်များအား မူလတည်ရှိမြဲနေရာသို့ ချက်ခြင်းပြန်ပို့ရန် အမိန့်ကို (၁၉၈၄)ခု၊ မေလ (၃၀)ရက် နေ့စွဲဖြင့် မဟန့်ထံပို့လိုက်သည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များ လှူဒါန်းထားသော မည်သည့်ဝတ္ထုပစ္စည်း တစ်ခုကိုမျှ မဟန့်အနေဖြင့် ယူခွင့်မရှိကြောင်း သတိပေးစာကို ဒုတိယအမိန့် အဖြစ် (၁၈၉၄)ခု၊ ဇွန်လ (၃)ရက်၊ နေ့စွဲဖြင့် မဟန့်ထံသို့ ပို့လိုက်သည်။ ပျောက်သွားသော ဆင်းတုတော် (၇)ဆူသည် တန်ဆောင်းတော်အတွင်း

ပြန်ရောက်လာပါသည်။ ထိုအချိန်မှစပြီး တန်ဆောင်းတော်အတွင်းရှိ ပစ္စည်းတစ်စုံတစ်ရာမှ မပျောက်တော့ချေ။

ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာသူများသည် ပုလိပ်အစောင့်ပါမှ ဘုရားဖူးခွင့်ရခြင်းဆိုသော အခြေအနေကို ဓမ္မပါလသည် သည်းအတိုင်း ကြည့်မနေနိုင်ပါ။ ထိုနှစ် ဖွန်လ(၁၂)ရက်၊ နေ့စွဲဖြင့် ဂယာအရေးပိုင်သို့ လျှောက်လွှာတစ်စောင်တင်သွင်းလိုက်သည်။ ဆိုလိုရင်းအချက်တွင် မဟာဗောဓိတန်ဆောင်းတော်ကြီး ဗုဒ္ဓဘာသာဝင်များက လှူဖွယ်ဝတ္ထုတင်လှူခွင့်ကို မဟန့်၏ အမိန့်မတောင်းခံဘဲ တင်လှူနိုင်ခွင့်အမိန့် တရားဝင်ထုတ်ပြန်ပေးပါမည့်အကြောင်းပါရှိလေသည်။

ဗုဒ္ဓဘုရားရှင်ကို ဗုဒ္ဓဘာသာဝင်များ ဝတ်ပြုပူဇော်ခွင့်ရသင့်သည့်အကြောင်းမှာ ပြောစရာမလို ကလေးသူငယ်များပင် သိနိုင်သည်။ သို့တစေဂယာအရေးပိုင်ကား ကာလကြာမြင့်သည့်တိုင်အောင် တစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိချေ။

ဂျပန်ဆင်းတုတော်တင်လှူရန် အရေးကိုကား ဓမ္မပါလသည် မမေ့ပါ။ သင့်တော်အောင်ဆောင်ရွက်နိုင်မည့် အခါအခွင့်ကိုသာ အသင့်စောင့်လင့်နေသည်။ သို့နှင့်ပင် ရက်ကိုလစားကာ နှစ်သစ်ကူးသွားလေပြီ။

(၁၈၉၅) ခုနှစ်၊ ဖေဖော်ဝါရီလတိုင် ရောက်လေသော် ဓမ္မပါလနှင့်သီတင်းသုံးဖော် ရဟန်းအချို့တို့သည် ဂျပန်ဆင်းတုတော်ကို မဟာဗောဓိတန်ဆောင်းတော်သို့ ပင့်ဆောင်ရန် ကြိုးစားကြပြန်သည်။ ထိုနေ့က ထိုဖြစ်ရပ်ကိုကျွန်မအနေဖြင့် တစ်ဆင့်မရေးတော့ပါ။ ကိုယ်တိုင်သိမြင်သော မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမာ၏ ရေးသားချက်ကို မူရင်းအတိုင်း ဖော်ပြပါမည်။

**(၁၈၉၄) ခုနှစ်အတွင်း စန္ဒကူးဆင်းတုတော်ကို မတင်လှူဖြစ်ခဲ့ပေ။ နောက်တစ်ဖန် (၁၈၉၅)ခု၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့ နံနက်အချိန်တွင် ဓမ္မပါလသည် ထိုစန္ဒကူးဆင်းတုတော်ကိုပင် ကိုယ်တိုင်ပင့်ဆောင်လျှက် သီဟိုဠ်သားရဟန်းများနှင့်အတူ တန်ဆောင်းတော် ဒုတိယအထပ်၌ တင်လှူရန်သွားကြရာ မဟန့်၏ တပည့်ရသေ့များနှင့် မဟန့်၏လက်သုံးရှေ့နေ ဟူဆန်ဘက်ခ်တီအပြင် နောက်ပါလူ (၄၀)ခန့်တို့သည် တန်ဆောင်းတော်အတွင်းသို့ ရောက်လာ**

**ကြပြီးနောက် ရသေ့တွေက ဘုရားကိုဆွဲယူ၊ ပသီရှေ့နေက ဓမ္မပါလကို တွန်းထုတ် ဇက်ကိုကြိတ်၊ ဆောင်ယူလာသော ဆွမ်းတော်၊ ပန်းတော်၊ ဖယောင်းတိုင်စသော လှူဘွယ်ပစ္စည်းများအား လုယူကြဲဖြန့်လွှင့်ပစ်ကြ၍ အပေါင်းအဖော်အကူအညီမရှိ။ ပကတိအားနည်းလှသော ဓမ္မပါလသူတော်စင်နှင့်အဖွဲ့ကို ညစ်ညစ်ပတ်ပတ် အထပ်ထပ်ဆဲဆိုကြိမ်းမောင်း ပြုကြလေသည်။ စန္ဒကူးဘုရားကိုလည်း မဟာန့်၏ ပဥ္စပဏ္ဍုခေါ် နတ်ကွန်းရှေ့သို့ ပစ်ချထားကြလေသည်။ (ဦးကိတ္တိမာ၏ ရေးသားချက်မူရင်းအတိုင်း ဖြစ်ပါသည်။)**

အဆိုပါ ဦးကိတ္တိမာ ရေးသားချက်မြင်ကွင်းသည် ရုပ်မြင်သံကြားကြည့်ရသကဲ့သို့ သရုပ်ပေါ်ရှင်းလင်းလှ၏။ ထိုလူရမ်းကားအုပ်စုတွင် ပါဝင်သော ရှေ့နေဆိုသူမှာ ပသီလူမျိုးအစ်စလာမ် ဘာသာဝင်ဖြစ်သည်။ စင်စစ်ဟိန္ဒူနှင့် ဗုဒ္ဓဘာသာဝင်တို့၏ အရေးတွင် သူပါဝင်ဘွယ်မရှိ။ သို့သော် ဤနေရာတွင် သူက မဟာန့်ဘက်သားလုပ်ရသော် ပိုပြီးနေရာကျလိမ့်မည်ဟု ကောက်ချက်ဆွဲပုံရသည်။

ဘယ်သို့ပင်ဖြစ်စေ ဘယ်ဘာသာတရား၏ အဆုံးအမတွင်မှ ဤလုပ်ရပ်သည် ထောက်ခံဘွယ်မရှိပေ။ သို့ရုန်းရင်းဆန်ခတ်ဖြစ်စဉ် ပုလိပ်သားများရောက်လာကြပြီး ဓမ္မပါလတို့အား ကျောင်းဇရပ်သို့ လိုက်ပို့ကြသည်။ ညနေ (၅)နာရီအချိန်တွင် အရေးပိုင်လာရောက်ပြီး ဓမ္မပါလကို ဘေးကင်းရာသို့ စောင့်ရှောက်ခေါ်ယူသွားလေ၏။ နောက်မပျက်စီးသေးသော စန္ဒကူးဘုရားသည် ဓမ္မပါလ လက်ဝယ်သို့ အရေးပိုင်အမိန့်ဖြင့် ပို့ပေးလိုက်သည်။

ဓမ္မပါလသူတော်စင်သည် ဤအရေးကို လေးလေးနက်နက် စဉ်းစားသည်။ မလုပ်အဖြစ် အမှုစွဲဆိုရတော့မည်။ ယမန်နှစ်က (၁၈၉၃) အရှင်သုမင်္ဂလဘိက္ခု အရိုက်ခံရပြီး ဆေးရုံပေါ်ရှိနေဆဲ ကာနယ်လ်အောလ်ကော့ တင်ထားသော တိုင်စာသည် တစ်စုံတစ်ရာ ဘာမျှမသိရသေး။ သည့်အရင်ကလည်း အကြောင်းအမျိုးမျိုးကြောင့် သက်ဆိုင်ရာ ရုံးအသီးသီးသို့ ပေးပို့ခဲ့လေသော လျှောက်လွှာနှင့် တိုင်ကြားစာစောင်ရေ များလှပြီ။ ဘာတစ်ခုမှ တိုးတက်မှုမရှိ။ ထို့အပြင် မဟာန့်တို့ စိတ်ထားမှာ ပျော့ပျောင်းခြင်း အလျှင်းမရှိ။ ခက်ထန်ရိုင်းပျခြင်းကိုသာ အထင်အရှားတွေ့ရသည်။

**သီဟရတနာစာပေ**

အရေးကြုံလေပြီ၊ တစ်နည်းတစ်ဖုံ အကာအကွယ်ရယူတော့မည်။ သို့ဖြစ်သော်ငြား ဘယ်နည်းဘယ်ပုံတုန့်ပြန်ရမည်နည်း။ မိမိတို့မှာ ဘုရားသားတော်များဖြစ်၍ အကြမ်းဖက်သည့်နည်း မသုံးနိုင်ချေ။ ထို့ကြောင့် မိမိတို့ပိုင်နက် နယ်ပယ်ဖြစ်သော မဟာဗောဓိဂျာနယ်မှာ ဆောင်းပါးရေးသားခြင်းဖြင့်သာ တုံ့ပြန်မည်။

ပထမနည်းအဖြစ် (၁၈၉၅) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ဂယာမြို့ ဒိစတြိတ်တရားရုံး၌ အမှုဖွင့်စွဲဆိုလိုက်သည်။

ဒုတိယနည်းအဖြစ် ပြည်တွင်းပြည်ပ ဗုဒ္ဓဘာသာဝင်များနှင့် စိတ်ဝင်စားသူများ ဖတ်ရှုကြရန် မဟန့်တို့၏ စော်ကားရိုက်နှက်မှုကို အပြည့်အစုံ ဖွင့်ဟရေးလိုက်သည်။ တရားစွဲဆိုမှုသည်ကား အခါတိုင်းလုပ်နည်းအတိုင်း တရားသူကြီးသည် အချိန်ဆွဲပြီး နှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်နေလေသည်။ ဥပဒေအတိုင်း အမှုစွဲဆိုသော်ငြား အရေးယူမှုနှေးကွေးသည်။ ရုံးနှင့် ဂတ်နှင့် ပတ်သက်လျှင် ဓမ္မပါလ၏ လုပ်ဆောင်မှုများသည် "လှော်ကားလှော်၏။ လှေမပြေး" ဆိုသည့်စကားကဲ့သို့ အရာမရောက်လှချေ။

မဟာဗောဓိဂျာနယ်သည် နိုင်ငံတွင်းသာမက ပြည်ပနိုင်ငံအတော်များများသို့တိုင်း ပေါက်မြောက်ဖြန့်ချိနိုင်ပြီးဖြစ်သည်။ ယင်းဆောင်းပါးရှည်ကြီးအားဖတ်ရသော ဗုဒ္ဓဘာသာဝင်များသာမက၊ အခြား ဘာသာဝင် လူထုကပါ အလွန်အံ့သြခြင်းနှင့်အတူ မဟန့်တို့လုပ်ရပ်ကို ရွတ်ချကြလေသည်။ အရပ်ရပ်နေပြည်တော် ကြားလို့မလျော်သော အမှုပါပေ။

ယင်းအမှုကို "မဟာဗောဓိတန်ဆောင်းတော်အမှုကြီး" **(Mahabodhi Temple Case)** ဟူ၍ ထင်ရှားလာကာ နားတစွင့်စွင့်ဖြင့် စောင့်လင့်ဖတ်ရှုနေကြလေသည်။ တရားရုံးတွင် လုပ်ထုံးလုပ်နည်းအဆင့်အတိုင်း သွားနေစေကာမူ ကြန့်ကြာလှ၏။ ဂယာတရားရုံးတွင် (၆)လကျော် တရားဆိုင်ပြီး စီရင်ချက်ချမှတ်သည်။

မဟန့်၏တပည့် (၃)ယောက်အား (စင်စစ်လူ ၄၀ ခန့်ရှိသည်) ဘာသာရေးအားလျော်စွာ ဘုရားပူဇော်ရန်လာသော သူများအား၊ နှောင့်ယှက်ပိတ်ပင်မှုဖြင့် ထောင်ဒဏ်တစ်လနှင့် ဒဏ်ငွေ ရူပီး (၁၀၀)စီ၊ အသီးသီးကျခံစေ၊

ဒဏ်ငွေမဆောင်နိုင်လျှင် နောက်ထပ်ထောင်ဒဏ် (၁၅)ရက်စီတိုး၍ ကျခံစေ။

စီရင်ချက်မှာ စာမျက်နှာ (၃၀)ရှိ၍ လိုရင်းသာဖော်ပြပါသည်။ မဟန့်တို့အုပ်စုက စီရင်ချက်မှာ ပြင်းထန်သည်ဟု မကျေနပ်သောကြောင့် အထက်ရုံးနှစ်ရုံးတိုင်အောင် အယူခံဝင်ကြလေသည်။ နောက်ဆုံးတက်သော ကာလကတ္တားဟိုက်ကုတ်ရုံးကြီးက–

"မူလက တရားခံဖြစ်သူတို့မှာ တစ်စုံတစ်ရာ အပြစ်ကျခံဖူးသူများ မဟုတ်ခြင်းကြောင့်တစ်ကြောင်း၊ အမှုသွား အမှုလာ သက်သေများ ထွက်ဆိုချက်အရလည်းကောင်း၊ တရားခံများမှာ အပြစ်မရှိသဖြင့်၊ လွတ်စေ" ဟူ၍ စီရင်ချက် ချမှတ်လေသည်။

အမှုမှာ ရုံးသုံးရုံးတက်ပြီး မူလချမှတ်သောအမိန့်ကို အဆင့်ဆင့်လျှော့ခဲ့၍ တတိယနှင့်အပြီးသတ်အမိန့်ဖြစ်သည်။ ကိုယ်ထိလက်ရောက် စော်ကားခြင်းခံရသော ဓမ္မပါလတို့ဘက်မှ ရှုံးပြီ။ မဟန့်တို့ဘက်မှ အောင်ပွဲခံလေပြီ။

မဟာဗောဓိဂျာနယ် ပြန့်နှံ့ရာနိုင်ငံများရှိ အမှုအကြောင်းကို စောင့်ဖတ်လျှက်ရှိကြသော ရဟန်းရှင် လူအပေါင်းတို့အတွက် ဟိုက်ကုတ်တရားရုံး၏ စီရင်ချက်မှာ "အံ့ဩကုန်နိုင်ဘွယ်"ဖြစ်နေကြလေ၏။ တရားသဖြင့် ချမှတ်စီရင်ချက်ဟုတ်မဟုတ်မှာ လူတိုင်းသိကြပေမည်။

ဘာသာမျိုးခြား စာဖတ်ပရိသတ်တို့အဖို့မှာလည်း အိန္ဒိယပြည်ရှိ မဟာဗောဓိစေတီကြီးအကြောင်း၊ ဟိန္ဒူရသေ့ မဟန့်အကြောင်း၊ ဓမ္မပါလသူတော်စင်အကြောင်း အစရှိသော အကြောင်းကြောင်းတို့ကား၊ ဤသို့ ဤနှယ်ဖြစ်သည်ဟု ကောင်းကောင်းနားလည်သဘောပေါက်ကြလေသည်။ နောက်တစ်ဆင့်အနေဖြင့် ဖတ်ရှုမေးမြန်း ဆင်ခြင်စူးစမ်းခြင်း ပြုလာကြကုန်သည်။

သို့ဖြစ်လာသောအခြေအနေသည်ပင်လျှင် ဓမ္မပါလအလိုရှိသော အချက်ဖြစ်သည်။ ရိုက်မှုစွဲဆိုကတည်းက ဤအမှုသည်လည်း အရင့်အရင်က စွဲဆိုခဲ့ပြီး အမှုများကဲ့သို့ပင် အရာမရောက်ဘဲဖြစ်နိုင်သည်ဟု တွေးမိပြီးသားပင်။

ယခု မဟန့်နိုင်၍ မိမိရှုံးလေပြီ။

သို့သော် သက်ရောက်လာသောအကျိုးမှာ ပြောင်းပြန်ဖြစ်သည်။ မဟန့်တို့ဘက်မှ မတရားမှုသည်ဖူးပေါ်သလို ပေါ်လာသည်နှင့်အမျှ၊ ယင်းတို့

သိက္ခာကျစေသည်။ ယင်းတို့သိက္ခာကျသလို၊ မိမိတို့အဘို့ ဂုဏ်သိက္ခာတက်လာစေသည်။

အရှုံးထဲမှ အမြတ်ထွက်လာပုံကား တန်ဖိုးမဖြတ်နိုင်။ ကမ္ဘာ့ဒေသအသီးသီးမှ မဟာဗောဓိဂျာနယ်ကို လစဉ်ပို့ဆောင်ပေးရန် အမှာစာများ တဖွဲဖွဲရောက်လာချေသည်။ သုံးနှစ်သက်တမ်းရှိပြီဖြစ်သော ဂျာနယ်သည် သိသိသာသာတွင်ကျယ်လာသည်။

မဟာဗောဓိတန်ဆောင်းတော်အမှုကြီးတွင် ချွင်းချက်မရှိ အနိုင်ရလိုက်သော မဟန့်တို့အုပ်စုသည် ပိုမိုထောင်လွှားလေ၏။

မဟန့်သည် ကကြိုးတန်ဆာဆင်ထားသော ဆင်ကြီးကိုစီးကာ နောက်လိုက်နောက်ပါများ ခြံရံလျက် မဟာဗောဓိ ဝန်းကျင်တစ်ဝိုက်တွင် အခမ်းအနားဖြင့် ကန်တော့ခံလှည့်လည်လေ၏။ တန်ဆောင်းတော်အမှု ဖြစ်ပွားပြီးနောက်၊ မဟာဗောဓိဂျာနယ်၏ အကျိုးပြုမှုကြောင့် အနောက်နိုင်ငံမှ တိုင်းတပါးသားများက ဗုဒ္ဓဘာသာအကြောင်းကို ပို၍ သိချင်စိတ်နိုးကြားလေစေသော ကောင်းကျိုးကို ဓမ္မပါလသည် နှစ်ထောင်းအားရရှိလှသည်။ ထို့ကြောင့် ဂျာနယ် အဆင့်မြင့်သည်ထက်မြင့်အောင် ကြိုးစားလုပ်ဆောင်သည်။

မိတ်ကောင်းများတိုးပွားလာသည်။ ဂျာနယ်တွင် ပညာတတ်များ ပါဝင်ရေးသားမှုများလာသည်။ ဟိန္ဒူအထက်တန်းလွှာမှ ပုဂ္ဂိုလ်အချို့ကပင်၊ မဟန့်ကို ရှုပ်ချလာကြသည်။ မြို့နယ်ကျေးလက်ရှိ၊ ဗုဒ္ဓဘာသနိက အဆောက်အဦးများသည် ပစ်ထားခံရသည်မှ ပြန်လည်စောင့်ရှောက်လာကြလေသည်။ လုပ်ငန်းကိစ္စအဝဝသည် တိုးတက်ကြီးပွားလာသည်နှင့်အမျှ ဓမ္မပါလသည် ထင်ရှားကျော်ကြားလာသည်။

သူ့အားဖိတ်ခေါ်ဆွေးနွေးသူ၊ အကြံပေးကူညီသူ များလှသည်။ အားရှိစရာပင်တည်း။ သာသနာတော် ပြန့်ပွားရေးသာမက နိုင်ငံသား ဆင်းရဲမွဲတေမှုသက်သာစေရန်၊ ပညာမျက်စိပွင့်လင့်စေရန်လည်း တစ်ဖက်က လုံးပန်းရသေးသည်။ လုပ်ဆောင်ဘွယ်ရာများအား ကြိုးစားရင်း တစ်နှစ်ပြီးတစ်နှစ် ခရီးထွက်စရာများလာသည်။

(၁၉၀၂)ခုနှစ် နှင့် (၁၉၀၃) ခုနှစ်များအတွင်းတွင် အမေရိကားသို့

၂-ကြိမ်၊ ဂျပန်သို့ ၁-ကြိမ်သွားသွားသည်။ သွားလေသမျှ နိုင်ငံတို့တွင် အိန္ဒိယ-သီဟိုဠ်တို့နှင့် သင့်လျော်သော ပညာရပ်မျိုးကို လေ့လာသည်။ လူမှုရေးအဆင်ပြေပြေနေထိုင်မှုသက်သာစေရန် စိုက်ပျိုးရေးနည်းပညာ၊ စက်မှုအတတ်ပညာများဖွံ့ဖြိုးစေရန် နည်းလမ်းရှာလုပ်ဆောင်သည်။ မြို့နယ်အနှံ့တစ်ရွာဝင်တစ်ရွာထွက်ခရီးဆက်ပြီး၊ စက်မှုပညာရပ်အကြောင်း နားယဉ်ပြီး စိတ်ပါလာအောင် နှိုးဆော်ဟောပြောသည်။ ထို့အပြင် နိမ့်ကျလှသော ကျန်းမာရေးစောင့်ရှောက်မှု အတွက်လည်း ရှင်းလင်းဟောပြောရသေးသည်။

လိုအပ်သော ငွေကြေးအတွက်လည်း ရှာရသေးသည်။ အထူးအားဖြင့် ဟိုနိုလူလူရှိ ဒါယကာမကြီး မေရီဖော်စတာထံ အကျိုးအကြောင်းပြစာရေးလျှင်လည်း၊ ရက်ရောစွာပင် အကူအညီပေး၍ လှူမြဲလှူသည်သာ။ ယင်းတို့၏ စေတနာကြောင့် လိုအပ်သောကျောင်းများ၊ ဆေးရုံများသည် နှစ်များစွာမကြာမီအတွင်း ဖွင့်လှစ်နိုင်လာသည်။

(၁၉၀၄)ခုနှစ်တွင်၊ ဗာရာဏသီမြို့ **(Banares)** ၌ စက်မှုပညာသင်ကျောင်းများဖွင့်လှစ်ပေးနိုင်သည်။ အနောက်တိုင်းမှ စက်မှုပညာသင်ကျောင်းများ ဖွဲ့စည်းပုံစနစ်အတိုင်း နီးစပ်နိုင်သမျှ နီးစပ်အောင် ကြိုးပမ်းထူထောင်သည်။ (၁၉၀၄)ခုနှစ်တွင် အင်္ဂလန်၊ ဟော်လန်၊ ဒိန်းမတ်၊ အီတလီနိုင်ငံများသို့ လှည့်လည်သွားရောက်ပြီး စက်ရုံများ၊ စက်မှုပညာသင်ကျောင်းများတွင် လက်တွေ့လေ့လာနိုင်ခြင်းကြောင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ အိန္ဒိယတွင် ပြောဆိုကြသည့် ဘာသာစကားများလှခြင်းကလည်း အခက်အခဲတစ်ခုဖြစ်သည်။ ဤအခက်ကို ကျော်လွှားနိုင်ရန် အမေရိကန်လူမျိုး **(Mr. Veggars)** အား ကြီးကြပ်စေပြီး အများသုံး ဘာသာစကားပြဋ္ဌာန်းသည့် စက်မှုအတတ်သင်ကျောင်း တည်ထောင်ပေးနိုင်သည်။ ထို့အပြင် (၁၉၀၁) ခုနှစ်ကစပြီး မိဂဒါဝုန် **(Sarmath)** တွင် ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်နိုင်ရန် ဒုတိယဘုရင်ခံချုပ်ထံ တောင်းခံထားသည်မှာလည်း၊ (၁၉၀၂) ခုနှစ်တွင် မြေကွက်ဝယ်ယူခွင့်ရပါသည်။ အစိုးရပိုင်မြေဖြစ်သောကြောင့် ဝယ်ယူနိုင်ခြင်းဖြစ်သည်။ မဟန့်ချယ်လှယ်နိုင်သော နယ်ပယ်မဟုတ်သောကြောင့် လွယ်လွယ်ကူကူ ဝယ်ယူနိုင်ခွင့် ရခြင်းဖြစ်ပါသည်။

**သီဟရတနာစာပေ**

မဟာန့်လက်က မြေကွက်သာဖြစ်ပါက ဘယ်လိုပင် ငွေပုံပေးပေး ရောင်းချဖို့ စဉ်းစားမည်မဟုတ်ချေ။ ယမန်နှစ်များက မဟာဗောဓိစေတီနှင့် မလှမ်းမကမ်းရှိ မြေကွက်တစ်ကွက်အား ရောင်းပါရန်နှင့် လိုသလောက် ဈေးပေးပြီးဝယ်ပါမည်ဟူ၍၊ ကာနယ်လ်အောလ်ကော့အနေဖြင့် ကမ်းလှမ်းခဲ့သေးသည်။ မဟာန့်ကား အရေးမလုပ်ချေ။

ဓမ္မပါလနှင့်မဟာန့်တို့သည် အကြိမ်ပေါင်းများစွာ အပြန်အလှန်တရားဆိုင်လျက်သာရှိနေသည်။ အသိုင်းအဝိုင်း၊ လူအင်အားစသဖြင့် နှိုင်းစာလျှင် တစ်ရာနှင့်တစ်ယောက် ဆိုသလောက်ကွာခြားသည်။ မဟာန့်၏ တပည့်များသည် ညအချိန်တွင် ခဲဖြင့်ပေါက်ခြင်း၊ ဆဲဆိုခြင်းစသဖြင့် အစဉ်ရန်လိုလျက်ရှိသည်။ ဘိက္ခုရဟန်းများက သည်းခံကြသည်မှန်ပါ၏။ သို့သော် အလွန်အကျူး ဖြစ်လာသောအခါတွင်ကား ဂတ်သို့မတိုင်ဘဲ မဖြစ်တော့ချေ။ ထိုအခါရုံးနှင့်ဂတ်နှင့် ပြတ်လှသည်မရှိတော့ပေ။

"လူ့လောကတွင် အသက် (၁၀၀)မနေရသော်လည်း အမှု (၁၀၀) တွေ့ရတတ်သည်"ဟူ၍ ဆိုရိုးစကားတစ်ရပ်ရှိသည်။ ဆိုလိုရင်းမှာ ရုံးပြင်ကန္နားရောက်ရသော အမှုမျိုးဆိုသည်မဟုတ်။ "ကိစ္စများမြောင်-လူတို့ဘောင်" တွင်၊ ပြဿနာကိစ္စများလှခြင်းကိုသာ ထင်ဟပ်သော စကားဖြစ်ပါသည်။

သို့သော် ဓမ္မပါလအဘို့မူကား ထိုစကားပုံနှင့်နီးစပ်လှသည်။ အဓိပ္ပါယ် အဖြောင့်သာယူလျှင်လည်း ဖြစ်နိုင်ကောင်းသည်။ ဓမ္မပါလဘက်ကနိုင်သော အမှုဟူ၍ကား မရှိသလောက်ရှားလှ၏။ မဟာန့်နှင့် စပ်ဆိုင်သမျှ အနိုင်ရခြင်း ရှားလှသော မနှစ်မြို့ဘွယ်အကြောင်းများကို ချန်လှပ်ပြီး ကျွန်မတင်ပြရေးသားမှုကို ခပ်သွက်သွက်တက်သုတ်နှင်ပါရစေ။

သာသနာတော်ပြန့်ပွားရေးနှင့် တွဲဖက်လုပ်ဆောင်နေသော လူမှုဖူလုံရေး လုပ်ငန်းများ အတော်အောင်မြင်မှုရသောကြောင့် အားတက်ဝမ်းမြောက်ဖွယ် ဖြစ်ပါ၏။ သို့သော် စိတ်မချမ်းမြေ့ဘွယ်ဖြစ်ရပ်အချို့လည်း ဤနှစ်ပိုင်းများ တွင် ကြုံရလေသည်။

(၁၉၀၄)ခု၊ အောက်တိုဘာလတွင် အက်ဒယာမြို့ရှိကာနယ်လ်ထံ သွားရာ ကာနယ်လ်အောလ်ကော့က ဗုဒ္ဓရုပ်တော်ပွားတစ်ဆူကို မလေးမစားထား



http://www.cherrythitsar.org

သည်ဟူ၍ စိတ်အခန့်မသင့်ဖြစ်ရသည်။ ဤကိစ္စကို အကြောင်းပြု၍ပင် နှစ်ပေါင်း (၂၀)ခန့် လက်တွဲခဲ့ကြသော မိတ်ဆွေရင်းခြာနှစ်ဦးတို့သည် အဆက်အသွယ် တန့်သွားကြလေသည်။

ထိုနှစ် မတ်လအတွင်းကလည်း အာရှ၏ အလင်းရောင် ကဗျာရှည်ကြီးဖြင့် သာသနာရေးစိတ်ဓာတ်နိုးကြားလာအောင် မျက်စိဖွင့်ပေးခဲ့သူ အင်္ဂလန်နိုင်ငံသား ဆာအက်ဒွင်အားနိုး ကွယ်လွန်ခဲ့သဖြင့် တစ်အားယုတ်ခဲ့ရသည်။ ဆာအက်ဒွင်အားနိုးမှာ သရဏဂုံသုံးပါးနှင့်တကွ၊ ဗုဒ္ဓဘာသာဝင်အဖြစ် တည်ဆောက်ထားသူဖြစ်ပေသည်။

♦ ♦ ♦

# သီဟိုဠ်ပေါမင်းရှေ့မှောက်သို့ ဓမ္မပါလဝင်ရောက်ခြင်း

(၁၉၀၇)ခု၊ မေလတွင်၊ မဟာန့်က၊ ဓမ္မပါလတို့နေထိုင်သော ဇရပ်မှာ၊ သူတို့ အဘိုးအဖေတို့ဆောက်လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဓမ္မပါလတို့ ဘိက္ခုူများ၊ တိုက်ဇရပ်မှ ထွက်သွားရန် အမှုတစ်ခုစွဲဆိုပြန်သည်။ ယင်းအမှုမှာ ရှည်ကြာလှသည်။ တစ်ပတ်ပြီး နောက်တစ်ပတ်ရုံးချိန်တက်နေရသည်။

ဓမ္မပါလသည်၊ ဤဇရပ်မှာ မြန်မာဘုရင်သီပေါမင်း၏ ကုသိုလ်တော် အစစ်အမှန်ဖြစ်ကြောင်း၊ သိထားသည့်အတွက်၊ များစွာတုန်လှုပ်ခြင်းမရှိလှပါ။ သို့သော် မဟာန့်တို့ စိုးမိုးတွင်ကျယ်ရာဒေသနှင့် ကာလဖြစ်သည်ကိုလည်း၊ ထည့်စဉ်းစားဦးမှဖြစ်ပေမည်။ "ဆယ်ရေးတစ်ရေး-ကိုးရေးတစ်ရာ" ဆိုသလို၊ ချွတ်ယွင်းခဲ့သော်၊ မိမိတို့ ဘိက္ခုူများတွင်မက၊ ဂျပန်စန္ဒကူးဘုရားပါ၊ စမွယ်စရာ၊ နေရာတော်ပျောက်လိမ့်မည်။ ဟူ၍ ကြောင်ကြစိတ်ဝင်လာသည်။ အရေးဆိုလျှင် ပြေးစရာရှိဦးမှ ဖြစ်မည်။ ထို့ကြောင့်ပင်၊ အခက်အခဲ ကြုံတိုင်း၊ အကူအညီ တောင်းရသော မေရီဖော်စတာထံ အကြောင်းကြားရပြန်သည်။

များမကြာမီ မေရီဖော်စတာထံမှ၊ ရူပီငွေ (၆၀၀၀၀) (ခြောက်သောင်း) လှူဒါန်းပေးပို့လိုက်သည်။ ထိုငွေသည် ထိုခေတ်က မနည်းလှပါ၊ ကာလကတ္တား



http://www.cherrythitsar.org

မြို့တွင် အိမ်တစ်လုံးဝယ်လောက်သည်။ ကာလကတ္တားမြို့ ဘင်နီယပူခါလမ်းတွင် အိမ်ဝယ်ပြီး (Beniapukur)ယခင်က ငှားထားသော တိုက်ခန်းမှ အိမ်သစ်သို့၊ အသင်းတိုက်ပြောင်းရွှေ့ဖွင့်ထားလိုက်သည်။

(အခြား စာအုပ်တစ်အုပ်တွင်မူ၊ ကာလကတ္တားမြို့ရှိ မဟာဗောဓိအသင်းတိုက်မှာ၊ နံပါတ် (၂)ဂရိခ် Row ဟူ၍လည်း တွေ့ရပါသည်။ အသေအချာမဆိုနိုင်ပါ။ ။ စာရေးသူ) တိုက်ဇရပ်မှထွက်သွားရန်၊ မဟန့်ကစွဲထားသောအမှုမှာ ကြာလှ၏။ မဟန့်ဘက်မှတင်ပြသော သက်သေများက မဟန့်ပိုင်ဆိုင်ထိုက်သော တိုက်ဖြစ်ကြောင်း၊ အခိုင်အမာထွက်ဆိုပြီးကြလေပြီ။ ဓမ္မပါလ၏ဘက်မှ၊ ဤအရေးကို မိမိဘက်မှ ထောက်ခံထွက်ဆိုပေးမည့် သက်သေမရှိ။ လိမ်လည်သက်သေကို ငွေပေး၍ ငှားသော်ဖြစ်နိုင်ပါ၏။ သို့သော် ဤသို့ မလုပ်ချင်။

မိမိ၏ လက်စွဲဝတ်လုံတော်ရ နန္ဒကီနှင့် ဆွေးနွေးသည်။ ဝတ်လုံကလည်း၊ တိုက်ဇရပ်ကို မိမိတို့ ဗုဒ္ဓဘာသာဝင်များ သက်ဆိုင်ကြောင်းမှန်၏။ သို့သော် တရားရုံးတွင် သက်သေရှိဦးမှဖြစ်မည်။ သက်သေထွက်မည့်သူမှာလည်း၊ အညတရနှင့်မဖြစ်နိုင်၊ ယုံကြည်ထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်ဟု အကြံပေးသည်။

ထိုသို့သော သက်သေကို၊ ဘယ်ဝယ်ဘယ်ဆီမှာ ဘယ်ပုဂ္ဂိုလ်မျိုးကို ရှာရမည်မှာ လမ်းမမြင်ပါ၊ တိုက်ဇရပ်ဆောက်လုပ်ထားသည်မှာလည်း၊ ကြာလှလေပြီ။ အဖန်ဖန်အထပ်ထပ် အကြံထုတ်ပြီးသော်၊ ခဲယဉ်းသော်လည်း ကြိုးစားလျှင်၊ ရနိုင်မည့်ပုဂ္ဂိုလ်အား စဉ်းစားမိလေ၏။ ထိုပုဂ္ဂိုလ်ကား၊ ဇရပ်ဒါယကာ သီပေါမင်း ဖြစ်သတည်း။

လိုလျှင်ကြံဆ နည်းလမ်းရသည်သာ။ သည်ပုဂ္ဂိုလ်ထက်ခိုင်လုံသော၊ တန်ဘိုးရှိသော သက်သေရှိနိုင်ပါမည်လား။

ဓမ္မပါလ၏ မဆုတ်မနစ် သက်သေရှာခန်းကို ကျွန်မအနေဖြင့် အထူးမရေးတော့ပါ။ ဓမ္မပါလနှင့်တကွ အတူသွားရောက်ကြသော မထေရ်ကြီးများ၏၊ ရတနာဂီရိသွား မှတ်တမ်းကိုသာ၊ မူရင်းအတိုင်း သတ်ပုံမပြင်ဘဲ ဖော်ပြပါမည်။

ကုသိနာရုံဆရာတော်ဦးစန္ဒမဏိ၏ ရတနာဂီရိသွားမှတ်တမ်း

ခရစ်နှစ် (၁၉၀၈)ခုနှစ် ဧပြီလ (၁၆)ရက်၊ ကြာသပတေးနေ့တွင်၊ ဓမ္မပါလက ပင့်ဖိတ်ရန် စေလွှတ်လိုက်သော သုမင်္ဂလခေါ် သီဟိုဠ်ကိုရင်ကြီးနှင့် တကွ နောက်ပါ ဦးစန္ဒောဘာသ ကျောင်းသားမောင်ဘိုးရင်တို့ပါ ကုသိနာရုံမှ ညနေ-၇နာရီထွက် ကုလားအုပ်ရထားကိုစီး၍ ထွက်ခွာလာခဲ့ကြရာ ည-၁ချက်တီးချိန်တွင် တက်ဆီ ဒေအိုရိယာ ဘူတာ **(Tohsil Deoria Station)** သို့ ဆိုက်ရောက်ကြသည်။

ထိုမှတဖန် ညနာရီပြန် ၂-ချက် ထွက်သောရထားနှင့် လူတကိုယ်လျှင် ၅-၂ နှုန်းဖြင့် ဂယာမြို့သို့ ဆက်လာကြသည်။ နံနက် ၉-နာရီတွင် ဆွန်းပူ ဘူတာသို့ ရောက်၍ ၎င်းမှ ၁၁-နာရီ ရထားဖြင့် ထွက်လာကြရာ ၁၂-နာရီ အချိန် ဘန်ကီပူသို့ ဆိုက်ရောက်ကြသည်။ ၎င်းမှ ညနေ ၇-နာရီ ရထားကို စီး၍လာကြက ည ၁၀-နာရီအချိန် ဂယာမြို့သို့ ချမ်းသာစွာ ဆိုက်ရောက်ကြသည်။

ဂယာမြို့ရှိ ရှေ့နေအိမ်တွင် ဓမ္မပါလနှင့်တွေ့၍ သီပေါမင်း စံနေတော်မူရာ ရတနာဂီရိမြို့သို့ သွားလာရန် ကိစ္စတို့ကို ဆွေးနွေးစီစဉ်ကြပြီးနောက် မဟာဗောဓိသို့ ဖူးမျှော်ရန် သွားကြသည်။ ထို့နောက် ဧပြီလ ၂၁-ရက် နံနက် ၆-နာရီ ရထားနှင့် ဘုံဘိုင်အထိ လူတစ်ကိုယ်လျှင် တတိယတန်း ၁၄-၂ကျစီ ပေးကာ ဘုံဘိုင်မြို့သို့ ထွက်ခွာသွားကြသည်။

ထိုစဉ်အခါက လမ်းစပ်ကြား မိုဂလ်ဆရာရာယ် **(Mogalsara)** မှာ တစ်ခါ၊ ဆေဝကီ ဘူတာမှာ တခါ၊ ပြောင်းပြီးမှ ဘုံဘိုင်သို့ ဧပြီလ ၂၂-ရက်နေ့ နာရီပြန် ၂-ချက် အချိန်တွင် ကျမ်းမာချမ်းသာစွာ ဆိုက်ရောက်ကြလေသည်။ ၎င်းမြို့ရှိ ဗာလစန္ဒခေါ် ဆရာဝန်ကြီးအိမ်၌ တည်းခိုနေကြ၍ ဧပြီလ ၂၃-ရက်နေ့ ၁၁-ဧနာရီအချိန်တွင် သင်္ဘောစီးသွားကြရာ ည-နာရီပြန် ၃-ချက်တီး အချိန်တွင် ရတနာဂီရိမြို့ ဆိပ်ကမ်းသို့ဆိုက်ရောက်ကြလေ၏။ သီပေါမင်း၏ ကျေးကျွန်-ဒရဝမ်ကုလားတို့ ကြိုဆိုလာသော နွားလှည်းကို စီးလျက် အစိုးရ ဗိုလ်တဲသို့သွားရောက်တည်းခိုနေထိုင်ကြရသည်။ ရတနာဂီရိမြို့မှ လူကုံထံများသည် လှပသော နွားလှည်းကိုသာ စီးကြသည်။ နံနက် မိုးလင်းသောအခါ




... Buddha image presented to Anagarika ... by the Buddhists of Japan to be placed ... Buddha Gaya Temple which was rejected by the Mahanta and is now installed ... Bodhi Headquarters, Calcutta.

ဂျပန်မှ စန္ဒကူး ဆင်းတုတော်



e Mulagandhakuty Vihara at Sarnath

မူလ ဂန္ဓကုဋီ ဝိဟာရ ဆာနသ်။



သီပေါမင်းတြား၊ ကုသိုလ်တော်ဇရပ်

မင်း၏ နန်းတော်မှ ပေးပို့လှူဒါန်းလိုက်သော မုံ့-ပဲ လက်ဖက်များရောက်လာသဖြင့် စားသောက်ကြပြီးနောက် နံနက် ၈-နာရီအချိန် သီပေါမင်းကြီး၏အတွင်းဝန်တစ်ဦးဖြစ်သော ဝန်ထောက်မင်းက ဓမ္မပါလကို ၎င်း၏ နေအိမ်သို့ခေါ်လျက် သီပေါမင်းနှင့် တွေ့ဆုံရန် ကိစ္စအဝဝတို့ကို ဆွေးနွေးတိုင်ပင် စီစဉ်ကြရသည်။ ခံဘွယ်ဘောဇဉ်တို့ကိုလည်း မင်း၏ စံအိမ်တော်မှပင် စီမံ ပို့ပေးလိုက်သည်။

## စံအိမ်တော်သို့ ဝင်ရောက်ကြခြင်း

ထို့နောက် ဧပြီလ ၂၅-ရက်နေ့ ညနေ ၆-နာရီအချိန်တွင် ဝန်ထောက်မင်းက လျှောက်ထားသည့်အတိုင်း စံအိမ်တော်သို့ ကြွသွားကြလေရာ နီမြန်းသော အဝတ်ကိုဝတ်ဆင်လျက် လက်တဖက်တစ်ချက်တွင် တံခွန်တိုင်များကို ကိုင်စွဲကြကုန်သော ဒေါင်းတံဆိပ်ခပ်နှိပ်ထားသော ဦးထုပ်များကို ဆောင်းထားသည့် သီပေါမင်း၏ အသုံးတော်ခံများသည် လမ်းတစ်ဘက်တစ်ချက်၌ စစ်တပ်ကဲ့သို့စီတန်းကာ ခရီးဦးကြိုဆိုနေကြသည်။ ဤသို့ နှစ်ပေါင်း အတော်ကြာလေပြီးကာမှ မြန်မာမင်းတို့၏ အဆောင်ယောင် ဒေါင်းတံဆိပ်စသည်တို့ကို ရုတ်တရက် တွေ့မြင်ကြရသော ကျွန်ုပ်တို့မှာ ပျော်ရွှင်ဝမ်းမြောက်ခြင်း မဖြစ်နိုင်ဘဲ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ပြီးလျှင် မည်သူမျှစကား မပြောနိုင်တော့ဘဲ တိတ်ဆိတ်စွာ အိမ်တော်ဝန်းအတွင်းသို့ ဝင်သွားကြလေရာ ၎င်း ကြိုဆိုနေကြသော တပ်သားတို့ အနက်မှ လူကြီးတစ်ယောက်သည် ရှေ့သို့တိုးလာပြီး အစပထမ ကုသိနာရုံဆရာတော်ဘုရားကို "ကြွတော်မူပါဘုရား"ဟု ဆိုလျက် ရိုသေစွာ ပင့်ဆောင်သွား၍ အိမ်တော် တံခါးဝကို ရောက်သောအခါ လက်အုပ်ချီလျက် အသင့်စောင့်ဆိုင်း ကြိုဆိုနေတော်မူသော ငါတို့ဘုရင် သီပေါအရှင်မင်းမြတ်ကို စိတ်မချမ်းသာသော အမူအရာ ညှိုးငယ်သောမျက်နှာနှင့် ပက်ပင်းပါတွေ့ရသော ထိုအခါ၌မူ ယူကျုံးမရ မျက်ရည်များပင် ကျမိကြတော့ကြောင်း။

မင်းတရားကြီးမှာ ဝမ်းနည်းကြေကွဲစွာပင် "အိမ်တော်တွင်းသို့ ကြွတော်မူကြပါဘုရား"ဟု ပင့်လျှောက်သည့်အတိုင်း ကောင်းမွန်စွာ ခင်းကျင်း



http://www.cherrythitsar.org

ထားအပ်သောနေရာသို့ ကြွသွားထိုင်နေကြရသည်။ ထို့နောက် ဝန်ထောက်မင်းက ကြွရောက်လာသော ပုဂ္ဂိုလ်တို့၏ အမည်၊ နေရပ်တို့ကို ဘုရင်မင်းမြတ်အား လျှောက်ထားပြီးသည့်နောက်-

(သီပေါမင်း) ဤဓမ္မပါလဆိုသော ပုဂ္ဂိုလ်သည် ရဟန်းလော သာမဏေလော ဘိုးသူတော်လေ (ဟူ၍ ကုသိနာရုံဆရာတော်အား မေးလျှောက်တော်မူသည်)

(ဆရာတော်) ရဟန်လည်းမဟုတ်၊ သာမဏေလည်းမဟုတ်၊ ဘိုးသူတော်လည်း မဟုတ်ပါ ဒကာတော်။

(သီပေါမင်း) ထိုသို့မဟုတ်ပါက ဒကာတော် မည်သို့ မှတ်ရပါ့မလဲ။

(ဆရာတော်) ၈-ပါး၊ ၁၀-ပါးစသော သီလတို့ကို မဆောက်တည်ဘဲ ဒုစရိုက်ဒုရာဇီဝတို့ကို ရှောင်ကြည်ပြီးလျှင် ဗုဒ္ဓတရားတော်ကို ပြန့်ပွားအောင် အားထုတ်နေသော ဗြဟ္မစာရီသူတော်စင်တစ်ပါး ဖြစ်တယ် ဒကာတော်။

(သီပေါမင်း) သင့်လျော်ပါသည်။

(ဓမ္မပါလ) ကျွန်ုပ်တို့လာရောက်ရခြင်း အကျိုးအကြောင်းကို ဤ ကုသိနာရုံဆရာတော်က မိန့်ကြားလိုပါသည်။

(အတွင်းဝန်) မိန့်ကြားတော်မူပါဘုရား။

ထိုသို့အခွင့်ပေးသောအခါ ဆရာတော်က မဟာဗောဓိအသင်းကို ဓမ္မပါလကစ၍ တည်ထောင်ခြင်းနှင့် အသင်း၏ရည်ရွယ်ချက်များကို အကျဉ်းအားဖြင့် ရှင်းလင်းပြောပြပြီးနောက် ယခုအခါ မဟာဗောဓိစေတီတော်အနီးဆောက်လုပ်ထားသော အုဌ်ဇရပ်တစ်ဆောင်ကို အကြောင်းပြု၍ မဟာဗောဓိအသင်းနှင့် မဟာဗောဓိပင်အနီးအနားရှိ မဟန္တကီဖော်ဂျီတို့သည် အကြီးအကျယ်တရားတဘောင်ဖြစ်ပွားငြင်းခုံလျက် ရှိနေကြသည်။ မဟာဗောဓိအသင်းက ၄င်းဇရပ်ကို မြန်မာဘုရင်မင်းမြတ်တို့ ဆောက်လုပ်လှူဒါန်းထားခဲ့သည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာအမျိုးသားတို့သာ ပိုင်ဆိုင်ထိုက်သည်။ မဟန္တကီကလည်း ၄င်းဇရပ်ကို မြန်မာမင်းတို့ ဆောက်လုပ်ထားသည်မဟုတ်။ ကျွန်ုပ်

တို့ကသာ ဆောက်လုပ်ထားသဖြင့် ဗုဒ္ဓဘာသာများအား မပေးအပ်နိုင်၊ နေထိုင်ခွင့်မပြုနိုင်ဟူ၍ အချင်းချင်း ဝိဝါဒပွားဖြစ်နေကြသည်။

ထို့ကြောင့် ယခုဆရာတော်တို့ ကြွလာရခြင်းမှာ တခြားမဟုတ် ၄င်း ဇရပ်ကို မည်သူက ဆောက်လုပ်ထားခဲ့သည်ကို ရှင်းလင်းစွာ သိလိုသောကြောင့် လာကြရခြင်းဖြစ်သည်။

ထိုအခါ သီပေါဘုရင်က

(၁၂၄၀) ပြည့်နှစ် ခမည်းတော်ဘုရား နတ်ပြည်စံပြီးနောက် တကာတော်မင်းအဖြစ်သို့ ရောက်သည်။ ခမည်းတော်ဘုရား၏ အမိန့်တော်စာတန်းတွင် ရှေးအဆက်ကျော်ကာလ သီရိဓမ္မာသောကမင်းကြီးသည် ကိုးတိုင်းကိုး ဌာနသို့ အသီးသီးရဟန်းတော်များကို စေလွှတ်၍ သာသနာပြုစေသည့် အတွက်ကြောင့် ယခုတိုင် ငါတို့မြန်မာပြည်တွင် သာသနာတော်အစဉ်အဆက်တည်တန့်လျက်ရှိနေသည်။ သို့သော် သာသနာတော် ရှေးဦးအစ ပေါ်ပေါက်ထွန်းကားရာဖြစ်သော မဇ္ဈိမဒေသဥ္စမူကား သာသနာတော် လုံးဝကွယ်ပျောက်လျက်ရှိနေသည်ဟု ကြားသိတော်မူရသည်။

သို့ဖြစ်၍ မဇ္ဈိမဒေသကို ငါတို့က ကျေးဇူးတုံ့ပြန်သော အနေဖြင့် ရှေးဦးအစ မဇ္ဈိမဒေသရှိ ပြဋ္ဌာန်းသော ဗုဒ္ဓဂယာ မဟာဗောဓိစေတီအနီးအပါး၌ ကျောင်းတော်ကြီးများကို ဆောက်လုပ်၍ ငါတို့မြန်မာပြည်က ရဟန်းတော်များအား သီတင်းသုံးနေထိုင်စေပြီးလျှင် ဗုဒ္ဓသာသနာကို တစ်နေ့တစ်ခြား ပြန့်ပွားစည်ပင်လာအောင် အားထုတ်စေရမည်။

ဟု တွေ့ရှိသည့်အတိုင်း အမတ်များနှင့် တိုင်ပင်နှီးနှောကြရာ ယခုမဇ္ဈိမဒေသမှာ သာသနာတော် လုံးဝကွယ်ပျောက်၍ မိစ္ဆာဒိဋ္ဌိလူမျိုးတို့သာ လွှမ်းမိုးလျက်ရှိကြသည်။ ဤကဲ့သို့သော အခိုက်အတန့်၌ ကျောင်းကြီး၊ ကန်ကြီး၊ တိုက်တာကြီးများကို ဆောက်လုပ်၍ ရဟန်းတော်များအား စေလွှတ်ပါသော်လည်း သပ္ပါယဖြစ်မှဖြစ်မည်။ အကယ်၍ သပ္ပါယမဖြစ်မူ၍ နေထိုင်မည့် ပုဂ္ဂိုလ်များမရှိခဲ့ပါလျှင် ငွေကုန်လူပမ်း၍ အချည်းနှီးဖြစ်စရာရှိသည်။ ဤသို့သော အကြောင်းများကို ထောက်၍ ခမည်းတော်ဘုရား ကြံရွယ်တော်မူချက် အားလျော်စွာ အစပထမ တိုက်ဇရပ်တစ်ဆောင်သာ ဆောက်လုပ် စမ်းသပ်ကြည့်

တော်မူသင့်သည်ဟု ဆုံးဖြတ်ကြသည့်အတိုင်း

(၁) ညောင်ဝန်းစာရေးကြီး မဟာမင်းလှသင်္ခယာ။

(၂) စာရေးတော် - မဟာမင်းလှကျော်ထင် စည်သူ။

(၃) စကားပြန် - နေမျိုးစည်သူရာဇာ။

(၄) စာရေးတော် - ကိုသိန်း။

တို့အား စေလွှတ်လျက်၊ ကောဇာသက္ကရာဇ် ၁၂၄၁-ခုနှစ်တွင် ဆောက်လုပ်စေသော တိုက်ဇရပ်ဖြစ်ပါသည်။ ၄င်းတို့ မဟာဗောဓိသို့သွားရောက်ကြစဉ် အထက်မဟန့်ကြီးနှင့် တိုင်ပင်ပြီးလျှင် ငါးထောင် (၅၀၀၀)ကျပ်တန် ဇရပ်ဆောက်လုပ်ရန်အတွက် ဝတ္ထုငွေ ၅၀၀၀ (ငါးထောင်ကျပ်)အပြင် မဟန့်ကြီးအား ကွမ်းဘိုးသက်သက် အပိုငွေ -၁၀၀၀(တစ်ထောင်ကျပ်) ပေးအပ်လျက် အုဌ်မြစ်ချပြီးနောက် ပြန်လာခဲ့ကြသည်။ ဤအကြောင်းအရာကို ယခုအသစ်ဖြစ်သော မဟန္တကီ မသိသောကြောင့်သာ ဝိဝါဒဖြစ်ရသည်။

ဤမှုသာမကသေး မြန်မာသက္ကရာဇ် ၁၂၃၆-ခုနှစ်၊ တန်ဆောင်မုန်းလ အတွင်း၌-

(၁) ဝန်ထောင်မင်းကြီး - သီရိမဟာဇေယျသူ။

(၂) စာရေးကြီး - နေမျိုး မင်းထင်စည်သူ။

(၃) အမှာရေး - နေမျိုး မင်းထင်ကျော်ခေါင်။

တို့ကို စေလွှတ်၍ ခမည်းတော်မင်းဘုရားက မဟာဗောဓိ စေတီသို့ အလှူတော်ပစ္စည်းများကို ပို့စေတော်မူဖူးသည်။ အလှူတော်တို့မှာ-

| | |
|---|---|
| စိန်လုံးရေ | ၅၁၁။ |
| မြလုံးရေ | ၃၁၁။ |
| ပတ္တမြားလုံးရေ | ၃၉၆၆။ |
| ပုလဲလုံးရေ | ၆၂၃။ |

၄င်းအပြင် အထူးထူးသော ရွှေပန်းကုံး၊ ငွေပန်းကုံး၊ ပန်းခိုင်စသည်တို့လည်း ပါဝင်သေးကြောင်း။ ၄င်းဝတ္ထုတို့ကို-

မြန်မာယာဉ်မွန်သင်္ဘောနှင့် တင်ဆောင်၍ စေလွှတ်တော်မူပါသည်။ ဘုရား ဟူ၍ မိန့်ဆိုတော်မူပြီးသည်နှင့် တစ်ပြိုင်နက် သားတော်မြို့ဝန်က



http://www.cherrythitsar.org

"အချိန်တော်ပါပြီဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ သီပေါမင်းက-

ဤအရပ်၌ နေထိုင်ရသော ဒကာတော်မှာ သံဃာတော်တို့ကို ဖူးမျှော်ရခြင်းငှာ၊ အလွန်ခဲယဉ်းလှပါသည်။ ယခု ဆရာတော်တို့နှင့် တွေ့ဆုံဖူးမျှော်ရသည့်အတွက်ကြောင့် အထူးဝမ်းမြောက်ပါကြောင်း လျှောက်ထားသည်။ ထို့နောက်ဆရာတော်ကလည်း-

"ဗုဒ္ဓသာသနာတော်ရေးအတွက် ဤရတနာဂီရိမြို့သို့ ကြွရောက်လျက် ဒကာတော်နှင့် တွေ့ဆုံနှီးနှောရရေသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း" ပြောဆိုလျက်ထွက်လာကြရာ မင်းမြတ်ကိုယ်တိုင် လက်အုပ်ချီကာ စမုဒ် တံခါးဝတိုင်အောင် လိုက်ပို့တော်မူလိုက်ကြောင်း။

## သီပေါမင်း၏ ဗောဓိပင်အား၊ အဆုံးစွန်ဖြစ်သောအလှူ

ထို့နောက် ဧပြီ ၂၆-ရက်နေ့တွင် အထူးထူးသော ခဲဘွယ်ဘောဇဉ်တို့ကို ကျွေးမွေးပြီးနောက်-

"မဟာဗောဓိပင်မင်းအား ပူဇော်ရန် နံ့သာဆီတစ်ပုလင်း"

သံဃာတော်များအတွက် အပ်ချည်လုံးတို့နှင့်တကွ သင်္ကန်းလျာ ပိတ်တစ်အုပ် ခရီးလမ်းစာအလို့ငှာ သစ်သီး၊ မုန့်ပဲ စသည်တို့အပြင် ခရီးစရိတ်အတွက် ဝတ္ထုငွေ ၆၅-(ခြောက်ဆယ့်ငါးကျပ်) တို့ကိုပါ လှူဒါန်းလိုက်လေသည်။ ထိုနေ့ ၁၁-နာရီအချိန်တင် ကောင်းစွာ ဆင်ယင်ထားသော နွားလှည်းယာဉ်နှစ်စီးနှင့် သင်္ဘောဆိပ်သို့လာကြပြီးနောက် နာရီခွဲလောက်အကြာတွင် သင်္ဘောဝင်လာ၍ အသုံးတော်ခံ ဒလဝန်ကုလားတို့သည် ကျွန်ုပ်တို့အား အသီးသီး ကုလားထိုင်ဖြင့်ထမ်းလျက် သင်္ဘောပေါ်သို့ အရောက်ပို့ဆောင်လိုက်ကြလေသည်။ သို့နှင့် အစဉ်အတိုင်း သင်္ဘောထွက်ခဲ့၍ ဘုံဘိုင်ဆိပ်ကမ်းသို့ ရောက်သောအခါ လှိုင်းလေမူးမေ့နေခိုက် အလစ်သုတ်သွားကြသော အလှူတော်လက်မှတ် သရက်သီးလုံးရေ ၃၀ ကျော်နှင့် မုန့်သေတ္တာတို့ကို ရှာမတွေ့တော့ပေ။

၄င်းလ ၂၇-ရက်နေ့ နံနက် ၈-နာရီအချိန်တွင် ဆရာဝန်ကြီး "ဘာလစန္ဒ" အိမ်သို့ ကောင်းမွန်စွာ ဆိုက်ရောက်တည်းခိုကြပြီးနောက် မြို့တွင်းရှိ ဂုနေဆွရနာထဈေး ရာနီဗာဂ ဥယျာဉ်၊ ပြတိုက်စသည်တို့ကို လှည့်လည်



http://www.cherrythitsar.org

ကြည့်ရှုကြပြီးလျှင် ၄င်းည ၉-နာရီ စာပို့ရထားနှင့် ထွက်လာခဲ့ကြရာ ဧပြီလ ၂၉-ရက်နေ့ နံနက် ၆-နာရီခွဲအချိန်တွင် ဂယာမြို့သို့ ကောင်းစွာ ဆိုက်ရောက်ကြလေသည်။

၄င်းမြို့ရှိ ဓမ္မပါလ၏ ဝတ်လုံတော်ရ မင်းနန္ဒကီအား သီပေါမင်း၏ မိန့်ခွန်း သဝဏ်လွှာစကားတို့ကို ဟိန္ဒူဘာသာဖြင့် ပြန်ဆိုပေးအပ်ခဲ့ပြီးလျှင် ရဟန်းတော်ဦးစန္ဒောဘာသ ကပ္ပိယကျောင်းသား မောင်ဘိုးရင်တို့နှင့်အတူ ဗာရာဏသီ မိဂဒါဝုန်မှ လှည့်လည်ဘုရားဖူးရင်း မိမိနေရာ ကုသိနာရုံသို့ ပြန်ကြွလာခဲ့သည်။

**(ကုသိနာရုံ ဆရာတော်ဦးစန္ဒမဏိ၏ ရတနာဂီရိသွားမှတ်တမ်းပြီး၏။)**

ဆရာတော်ဘုရား၏ မှတ်တမ်းကို ဖတ်ရသည်မှာ ဓမ္မပါလသူတော်စင်၏ မြန်မာတိုက်ဇရပ် မပျောက်ဆုံးရေးအတွက် ကြိုးပမ်းချက်ကို သိရသည်မှုမကပါ။

ယခုအချိန်တွင် သီပေါမင်းစံနေတော်မူရာ ရတနာဂီရိ မှတ်တမ်းမှတ်ရာဖတ်စရာ ရှားပါးလှပြီ ဖြစ်သောကြောင့် ရာဇဝင်တန်ဘိုးအားဖြင့် ကြီးမားလှပါ၏။ ထို့အပြင်-

အချို့သော ပုဂ္ဂိုလ်များအနေဖြင့်-

"ရတနာဂီရိတွင် အရှင်နှစ်ပါးတို့ အကျဉ်းသားပမာစံနေရရှာသည်" ဟူသော အတွေးအထင်မှားယွင်းကြောင်းကိုလည်း အထင်အရှားသိသာနိုင်စေသည့် အထောက်အထားဖြစ်ချေသည်။

(၁၉၀၈)ခုနှစ် ဖွန်လအတွင်း၌ ဓမ္မပါလ၏ ဝတ်လုံတော်ရ နန္ဒကီသည် တရားရုံးတွင် ရတနာဂီရိစံ သီပေါမင်း၏ ခိုင်လုံသော သက်သေခံထွက်ဆိုချက်ကို အကြောင်းကောင်းအဖြစ်စွဲကိုင်ပြီး လျှောက်လဲချက်ပေးသည်။ ထိုနေ့က တရားရုံးတွင် လာရောက်နားထောင်သူ ပရိသတ်များသည်။

တရားသူကြီးက အမိန့်ချမှတ်မည့် ရက်ချိန်းနေ့စွဲပေးသည်။ ထိုရက်ချိန်းနေ့တိုင်သောအခါ အမိန့်မချသေးပါ။ နောက်တစ်ပတ်ရွှေ့သည်။ ထို့နောက် တစ်ပတ်ပြီးလျှင်တစ်ပတ် ရွှေ့လျက်နေသောကြောင့် ရက်ကိုလစားပြီး အချိန်



http://www.cherrythitsar.org

ကြာလှလေပြီ (၁၉၀၇)ခုနှစ်က စတင်ခဲ့သော ယင်းအမှုမှာ (၁၉၀၉) ခုနှစ် ရောက်သည်အထိ မပြီးပြတ်သေး။

ဗုဒ္ဓဘာသာဝင်များကလည်း ထိုအမှု၏ အခြေအနေကို မဟာဗောဓိ ဂျာနယ်တွင် အစဉ်မပြတ် စောင့်ဖတ်နေမြဲပင်။ (၁၉၁၀)ခုနှစ် ရောက်ခါမှ တရားရုံး၏ စီရင်ချက်ထွက်လာသည်။

**မဟန့်တို့ ပိုင်ဆိုင်ထိုက်ကြောင်းမှန်သည်၊ ဓမ္မပါလတို့ ရွှေ့ပြောင်းပေးစေ**

ဓမ္မပါလနှင့်ရှေ့နေ နန္ဒကီတို့အားထားသော သီပေါမင်း၏ သက်သေ ခံချက်မှာ ရေစုန်မျောလေပြီ။

မဟန့်တို့အုပ်စုကား မကောင်းပြုရာတွင် ကံကောင်းကြပါသည်။

ဓမ္မပါလနှင့် ဘိက္ခုများသည် ဂျပန်ဆင်းတုတော်ကို ရင်ခွင်ပိုက်ကာ ထွက်ခွာကြရလေ၏။ တိုက်ဇရပ်ပါ အပ်လိုက်ရလေပြီ။ ဂျပန်ဆင်းတုတော်ကို များမကြာမီက ဝယ်ယူထားသော ကာလကတ္တားမြို့ရှိ မဟာဗောဓိအသင်းတိုက် သို့ ပင့်ဆောင်ထားရတော့သည်။

♦ ♦ ♦

# ဓမ္မပါလကို ထောက်ခံသူ ဟိန္ဒူလူကြီးများ

ဓမ္မပါလတို့ ဘိက္ခုအဖွဲ့ တိုက်ဇရပ်မှ ဖယ်ရှားပေးစေဟူသော တရားရုံးစီရင်ချက်ကို ဗုဒ္ဓဘာသာဝင် လူထုသာမက ဟိန္ဒူလူမျိုးအချို့ကပင် ဘဝင်မကျကြပါ။ တန်ဆောင်းတော်တွင်း ရိုက်မှုကြီးမှစ၍ ဖြစ်ပွားခဲ့သမျှသော အမှုအခင်းတို့တွင် မဟန့်ဘက်က အနိုင်ရသည်ချည်းဖြစ်သည်။ မဟန့်တို့က အာဏာပိုင်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်အချို့ကို နည်းအမျိုးမျိုးဖြင့် ချည်းကပ် အခွင့်အရေးရယူနေခြင်းများကိုလည်း ဟိန္ဒူလူကြီးများ သိကြပါသည်။

စင်စစ် ဘယ်အမှုမဆို ဓမ္မပါလဘက်က အကြောင်းရင်းခံ မှန်စေကာမူ အရှိန်အဝါနည်းသော၊ သည်းခံခြင်းတရား လက်ကိုင်ထားလေ့ရှိသော အုပ်စုကလေးဖြစ်၍ အရှုံးဘက်ကချည်းနေကြရခြင်းမှာ မျက်မြင်ပင်ဖြစ်သည်။ ထိုအခါ အားနည်းသူအား ကိုယ်ချင်းစာနာတတ်သော ဟိန္ဒူလူကြီးအချို့၏ သဘာထားအမြင်သည် ဓမ္မပါလတို့ဘက်သို့ ယိမ်းလာသည်။

ထို့ကြောင့် ဓမ္မပါလတွင် ဟိန္ဒူမိတ်ဆွေတပည့်များ တဖြည်းဖြည်းပေါလာသည်။ တစ်နှစ်ထက်တစ်နှစ် နည်းရာမှ များများလာသလို ငယ်ရာမှ ကြီးကြီးလာသည်။ ဟိန္ဒူလူမျိုးများအနေဖြင့် ရန်ညိုးသိုတတ်သူများအား မကျေ

နပ်ကြသည်နှင့်အမျှ သည်းခံလေ့ရှိသူများအပေါ်သို့ မေတ္တာထားလာကြလေသည်။

နောက်ပြန်လှည့်ကြည့်သောအခါတွင်လည်း ကာလကတ္တားမြို့၊ အယ်လ်ဘတ်ခန်းမတွင် ဓမ္မပါလပြောခဲ့သော စေတနာစကားလုံးတို့သည် နားထောင်ခဲ့ရသူ သတင်းစာဖတ်ရသူများမှတဆင့် ဒေသခံ ဟိန္ဒူအားလုံး မမေ့ကြသေး အမှတ်ရနေဆဲဖြစ်သည်။

သီဟိုဠ်သော၊ အိန္ဒိယသော၊ ဘင်္ဂလားသော၊ မခွဲခြားဘဲ အတူတူပင်သဘောထားလျက် ပညာရေးမှအစ နေထိုင်မှုဘဝအဆင့်မြှင့်တင်ပေးချင်သော ဓမ္မပါလဆိုသူကို ယင်းတို့ကလည်း သီဟိုဠ်သားပဲဟု ခွဲခြားမမြင်ကြတော့ပေ။ စေတနာမှန်သူကို နေရာမှန်ပေးလိုကြသည်သာ။

ဗောဓိညောင်ပင်နှင့် တန်ဆောင်းတော်ကြီးအား ဗုဒ္ဓဘာသာဘုန်းကြီးများ စောင့်ရှောက်ထိန်းသိမ်းသင့်ကြောင်း ဟိန္ဒူပညာတတ်အသိုင်းအဝိုင်းမှ သိနားလည်သူ ရှိတန်သမျှရှိသည်။ ဤဗုဒ္ဓသာသနိက အဆောက်အဦးများအား မဟန့်ကအပိုင်စီးပြီး စီးပွားရှာနေခြင်းလုပ်ရပ် မမှန်ကန်ကြောင်းကိုလည်း သိပြီးသားပင်။ ထို့ပြင် မဟန့်တို့သည် စေတီတော်ကြီးအကြောင်းပြုပြီး ပစ္စည်းဘဏ္ဍာအမြောက်အမြား တိုးတက်ကြီးပွားနေခြင်းကိုလည်း အားလုံးသိကြပါသည်။

အခြားအချက်တစ်ရပ်လည်း ရှိသေးသည်။ မဟန့်အနေဖြင့် အာဏာပိုင်အဖွဲ့များအပေါ်တွင် ကျိုးနွံသလောက် ဟိန္ဒူအချင်းချင်းပေါ်တွင် မောက်မာထောင်လွှားနေသည်ကို မကျေနပ်ကြပါ။

အင်္ဂလိပ်အစိုးရအကြီးအကဲပိုင်းမှ ပုဂ္ဂိုလ်များကမူကား ရှေးဟောင်းဂန္ထဝင်စာပေများကို လေ့လာခြင်းကြောင့်လည်းကောင်း၊ ဆာအက်ဒဝင်အားနိုးစသော သူတို့၏ ထုတ်ဖော်ရေးသားမှုများကြောင့်လည်းကောင်း၊ စေတီတော်ကြီး၏ ရှေးအတီတေမှ မူလနှင့် ဇစ်မြစ်အား နားလည်ကြသည်။ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ ဒေသဖြစ်သောကြောင့် အာသောကမင်းကြီးက ဤစေတီကြီးကိုတည်ထားခဲ့သည်မှာ နှစ်ပေါင်း (၂၀၀၀)ကျော်ခဲ့လေပြီ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရဟန်းများသာ စောင့်ရှောက်ထိန်းသိမ်းထိုက်ကြောင်း သံသယမရှိပါ။ ထို့ပြင် ချင့်ချိန်စရာအကြောင်း အချို့ရှိသေးသည်။

ဗုဒ္ဓသာသနာ ဤဒေသတွင် မဂိုဘုရင်များ အုပ်စိုးချိန်မှစ၍ ကွယ်ပ

သွားသည့်နောက် လွန်ခဲ့သော နှစ်ပေါင်း (၅၀၀)ခန့်မှစပြီး ဟိန္ဒူရသေ့တို့က ဤစေတီအနီးတွင် ကျောက်ချပြီး အနီးကပ်နေထိုင်လာကြခြင်းကိုလည်း သိသည်။

သို့ဖြစ်လျှင် သမိုင်းကြောင်းအရ ဗုဒ္ဓစေတီတော်ကြီးကို ဗုဒ္ဓဘာသာဝင်များကသာ ပိုင်ဆိုင်ထိုက်သည်ဟု အခွင့်အရေးပေးလိုက်လျှင် အရှေ့တိုင်းရှိ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ ဘုရားဖူးလာသူများ ဝင်လာမစဲ တသဲသဲဖြစ်လာပေတော့မည်။ ထိုကဲ့သို့ လူမျိုးစုံ အိန္ဒိယသို့ ဝင်ထွက်သွားလာကြမည်ကို အင်္ဂလိပ်အစိုးရက မလိုလားချေ။

အာဏာပါဝါ အထိုက်အလျောက်ရှိသူ တရားသူကြီး၊ ပုလိပ် စသူများကား တစ်မျိုးဖြစ်သည်။ ယင်းတို့အနေဖြင့် အလုပ်လုပ်ရာတွင် ပါးနပ်စွာ ချဉ်းကပ်တတ်သော မဟန့်တို့ဘက်သို့သာ အခွင့်အရေးပေးလိုသည်။

တစ်သီးတစ်ခြားတရားနှင့် နေလေ့ရှိသော သီဟိုဠ်သား ဘုန်းကြီးများကလည်း ယင်းတို့ထံ ဝင်ထွက်၍ မချဉ်းကပ်ကြပါ။ အတိုချုပ်ဆိုရသော် ယင်းတို့နှင့် ခင်မင်ရင်းနှီးသော မဟန့်တို့ဘက်သားသာလျှင် လုပ်ချင်ကြသည်။ ဓမ္မပါလတို့ ဘိက္ခုအစုကိုကား သူတို့မမုန်းကြပါ။

ထိုအကြောင်းများကြောင့် တစ်ဖက်နှင့်တစ်ဖက် အလွန်အကျွံ မဖြစ်ပွားအောင်ကား ထိန်းသိမ်းပေးကြသည်။ ဆိုခဲ့သည့်အတိုင်း အငယ်တန်း အာဏာပိုင်များက မဟန့်ဘက်သို့ ပင်းပုံရသော်လည်း အထက်ပိုင်းအကြီးအကဲများကမူ ဓမ္မပါလတို့အပေါ် သက်ညှာပုံရှိသည်ဟု ထင်မိပါသည်။

တိုက်ဇရပ်ပိုင်ဆိုင်ကြောင်း အငြင်းပွားနေဆဲ နှစ်ပိုင်းလောက်တွင် သူ၏ဖခင်ကြီး သီဟိုဠ်၌ ကွယ်လွန်သည်။ ဖခင်ကြီးထားရစ်သော သူ၏ဝေစု အမွေပစ္စည်းအချို့အား ထုခွဲပြီး ယင်းငွေကို မိဂဒါဝုန်တောတွင် ဘုရားကျောင်းတည်ဆောက်ရာ၌ မတည်ငွေအဖြစ် အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။ ထို့ပြင် ဖခင်သဖွယ် ဦးဆောင်လမ်းပြခဲ့ပေသော ကာနယ်လ်သည်လည်း (၁၉၀၇)ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် အက်ဒယာမြို့၌ ကွယ်လွန်သည်။ ကာနယ်လ် ကွယ်လွန်ချိန်တွင် သူ့အသက် ၅၅-နှစ်သာရှိသေးသည်။ ဈာပနကိစ္စကို ဗုဒ္ဓဘာသာဝင်တို့ ထုံးစံအတိုင်း ဆောင်ရွက်ပေးကြရသည်ဆို၏။ ဗုဒ္ဓသာသနာ့

အလံတော်ကို တီထွင်ပုံစံထုတ်ပေးသူ၏ နောက်ဆုံးခရီးပင်။

သီဟိုဠ်ရှိ အသင်းဝင် ဆင်ဟာလိစ် လူကြီးများကလည်း အသင်းအတွက် လုပ်နိုင်သမျှ လုပ်ပေးနေကြပါသည်။ ကိုလန်ဘိုမြို့တွင် မဟာဗောဓိရေပုံနှိပ်တိုက် ဖွင့်လှစ်နိုင်သည်။

အိန္ဒိယမှ ဓမ္မပါလနှင့် ခင်မင်ရင်းနှီးသူ ဟိန္ဒူလူကြီးများက ဓမ္မပါလ၏ လုပ်ငန်းအချို့တွင် တတ်နိုင်သလို အကူအညီပေးကြပါသည်။

ဘင်္ဂလားနယ်ရှိ ပညာတတ်လူငယ်အချို့ကလည်း မဟာဗောဓိဂျာနယ်ကို နှစ်သက်သည်။ သီဟိုဠ်သား ဓမ္မပါလအား မဆန့်ကျင်ကြပေ။

♦ ♦ ♦

## မူလဂန္ဓကုဋိဝိဟာရ

မဟာဗောဓိဂျာနယ်သည် အောင်မြင်လှသည်။ ပြည်တွင်း၊ ပြည်ပ နိုင်ငံများကပါ ဝယ်ယူလေ့လာကြသောကြောင့် ပုံနှိပ်တိုက်ခွဲများပင် ထူထောင်ရသည်။ ဂျာနယ် တွင်ကျယ်ကြီးပွားလာသည်နှင့်အမျှ ဓမ္မပါလ၏ လုပ်ငန်းစဉ်များကိုလည်း ထောက်ခံအားပေးလာကြသည်။

ဓမ္မပါလကို မိမိတို့နိုင်ငံသို့လာရောက် ဟောပြောပါရန်၊ ဓမ္မမိတ်ဆွေများက ဖိတ်ကြားမှု ပိုများလာသည်။ ရပ်ဝေးမြေခြား အနိုင်နိုင်ငံသို့၊ ခရီးထွက်မှုများမှာ အဆက်ပြတ်လှသည်ပင် မရှိလှပါ။ (၁၉၁၁)ခုနှစ်နှင့် (၁၉၁၂)ခုနှစ် အတွင်းတွင်မူ၊ သီဟိုဠ်၌ အလုပ်လုပ်ချိန် အတော်များများပေးရသေးသည်။ လုပ်ဖော်ကိုင်ဘက် အသင်းဝင်များကိုလည်း နိုင်ငံအချို့ရှိ မဟာဗောဓိ အသင်းခွဲများနှင့် ပြေပြစ်ညီညာစွာ ဆက်ဆံတည်ဆောင်နိုင်ကြရန် မိမိအတွေ့အကြုံများ ပြောပြခြင်းဖြင့် နည်းကောင်းလမ်းကောင်း ပြပေးရသေးသည်။ ထို့ကြောင့် သီဟိုဠ် ကိုလန်ဘိုမြို့ရှိ အသင်းသည် လုပ်ငန်းလုပ်ဟန် ပုံစံကျပြီး အတော်တိုးတက်လာလေ၏။

(၁၉၁၃)ခုနှစ်တွင် ဟိုနိုလူလူနှင့် ဂျပန်သို့ ခရီးထွက်သည်။ မေရီဖော်

စတာက အခမဲ့ ဆေးရုံဖွင့်လှစ်နိုင်ရန် ငွေများလှူဒါန်းလိုက်သည်။ (၁၉၁၄) ခုနှစ်တွင် ယင်းအလှူငွေမှာ ဒေါ်လာ ၅၀၀၀၀ဖြစ်သည်။ ထိုငွေကို ဗာရာဏသီမြို့ အင်ပီးရီးယလ်ဘဏ်တိုက်သို့ အပ်နှံထားလိုက်သည်။ ဂျပန်မှ ပြန်ရောက်လာပြီးမှ သက်ဆိုင်ရာ အစိုးရတို့၏ ခွင့်ပြုချက်ရယူပြီး သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံများတွင် ဖော်စတာစာသင်ကျောင်းများ၊ ဖော်စတာ ဆေးရုံများ ဖွင့်လှစ်ပေးသည်။

သို့လျှင် ခရီးထွက်ခြင်းများသလောက် အသင်းခွဲများသည် အရပ်ရပ်တွင် ထူထောင်နိုင်သည်။ သာသနာပြန့်ပွားမှုသာမက လူမှုရေးဆောင်ရွက်ချက်များတွင်လည်း စက်မှုအတတ်သင်ကျောင်း၊ အခမဲ့ဆေးရုံစသည်များပါ တည်ဆောက်ပေးနိုင်သည်။

အသင်းတည်ထောင်စ ပထမခြေလှမ်းအဖြစ် မိဂဒါဝုန်တောတွင် မိမိတို့ဘိက္ခုငါးပါး ဝါဆိုလပြည့်နေ့ ညချမ်းအချိန်က ဓမ္မစကြာသုတ်တော်ရွတ်ဆိုပြီး မြတ်ဗုဒ္ဓအား ပူဇော်ခဲ့ကြသည်။ ထိုစဉ်ကတည်းကပင် ဤမိဂဒါဝုန်တောတွင် ဘုရားကျောင်းတော်ကြီးတစ်ဆောင် တည်ဆောက်ရန် သိန္နိဋ္ဌာန် ချမှတ်ခဲ့သည်။ ယခုအခါ ဖခင်ကြီး၏ အမွေအနှစ်ဥစ္စာကို မတည်ပြီး အခြားအလှူငွေများဖြင့် ဖြည့်စွက်လိုက်သော မူရင်းရည်ရွယ်ချက် ဖြစ်မြောက်အောင် မြင်နိုင်လေပြီ။

ဓမ္မပါလသည် ရှေ့လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် အကွက်ချစီစဉ်လျက်နေသည်။ (၁၉၁၅) ခုနှစ်တွင် ဗာရာဏသီခရိုင် မိဂဒါဝုန်တော၌ ကျယ်ဝန်းသော မြေတစ်ကွက်ဝယ်ခွင့်ရရန် သက်ဆိုင်ရာသို့ လျှောက်လွှာတင်သည်။ သို့သော် ပထမအဆင့်ရုံးတွင် အကြောင်းမထူးပါ။ ထိုရုံးထက် ပိုမိုပြီး လုပ်ပိုင်ခွင့်ရှိသော ရုံးသို့ နောက်တစ်ဖန် လျှောက်လွှာတင်ရပြန်သည်။

တစ်နှစ်နီးပါးကြာသောအခါ မြေကွက်ဝယ်ယူခွင့်အမိန့် ရရှိလေသည်။ အမိန့်ကျပြီးသည့်တိုင်အောင် ချက်ခြင်းမဝယ်ရသေး။ လိုအပ်သော မြေကွက်ပမာဏများလွန်းသည်ဟူ၍ အချိန်ကြန့်ကြာနှောင့်နှေးနေသည်။

ဓမ္မပါလတို့အဖွဲ့ကလည်း မြတ်ဗုဒ္ဓကိုယ်တော်တိုင် တရားဦးဟောကြားရာ နေရာတော်၏ အထိမ်းအမှတ်အဖြစ် ဆောက်လုပ်မည့် ကျောင်းတော်ကို ခန့်ညားကျယ်ဝန်းရန် ဆန္ဒရှိကြသည်။ ဘုရားကျောင်းတော်နှင့်တကွ လိုအပ်

သော အခြံအရံ အဆောက်အဦးများပါ တည်ဆောက်နိုင်ရန် မြေကွက်ကျယ်ကျယ်ရနိုင်ရန် ကြိုးစားကြသည်။

အထပ်ထပ်ညှိနှိုင်းကြပြီးသော် သင့်လျော်သော ပမာဏအကျယ်အဝန်းရှိ မြေကွက်တစ်ကွက်ဝယ်ယူနိုင်ကြသည်။ စတင်လျှောက်ထားသည်မှ (၃)နှစ်ကြာသောအခါမှ အပြီးဝယ်ယူ စာချုပ်ချုပ်နိုင်တော့သည်။

ဗာရာဏသီခရိုင်မှ အာဏာပိုင်များသည် ဂယာမြို့မှ အာဏာပိုင်များထက် ပိုမိုလိုက်လျောမှုရှိပေသည်။ ဤနယ်ပယ်ကား မဟန့်၏ တားဆီးမှုနှင့်လွတ်ကင်းရာဖြစ်သည်။

မြေကွက်ဝယ်ပြီးသော် ကျောင်းတော်တည်ဆောက်ရန် အရေးမှာလည်းသေးငယ်သည်မဟုတ် တင့်တယ်ခန့်ညားသော ပုံစံရေးဆွဲရမည်။ အဝေးမှပင်မြင်သော ထုထည်ပမာဏရှိရမည်။ အားလုံး အစွမ်းကုန် ကြိုးစားကြရပေမည်။

သို့လျှင် ဘုရားကျောင်းအတွက် စိုင်းပြင်းနေကြစဉ် ကာလကတ္တားမြို့တွင် ဘိက္ခုများ သီတင်းသုံးနေထိုင်ရန် အဆောက်အဦးတစ်ခု လိုလာပြန်သည်။ ထို့ကြောင့် ဓမ္မပါလသည် သင့်လျော်သော ရပ်ကွက်တွင် ဓမ္မရာဇိကဝိဟာရ **(Dharmarajika)** ကျောင်းတစ်ဆောင်ဆောက်လုပ်ပြီး ဘိက္ခုများအားကျောင်းတင်သည်။

မိဂဒါဝုန်မှာတည်ဆောက်မည့် ဘုရားကျောင်းအတွက် ကုန်ကျမည့်ငွေကြေးမှာ ကောင်းစွာ လုံလောက်သေးသည် မဟုတ်။ ဖခင်ကြီး၏ အမွေပစ္စည်းဥစ္စာကို မတည်ပြီးလျှင် မေရီဖော်စတာ၏ လှူဒါန်းငွေ ရူပီတစ်သိန်းငါးသောင်းကိုပါ ဖြည့်၍ ထည့်ရသည်။ လိုအပ်သောငွေ ပြည့်စုံလေပြီ။

ဤအရေးတွင်ကား၊ အင်္ဂလိပ်အစိုးရတို့က အားပေးကူညီကြပါ၏။ ဘင်္ဂလားဘုရင်ခံက ဘုရားကျောင်းတွင် ပူဇော်ထားရန် ဓါတ်တော်ကြုပ်တစ်ဆူကို ပင့်ဆောင်ပေးပါမည်ဟု ကတိပေးပြောကြားသည်။

မိုးစဲနေသော တန်ဆောင်မုန်းလအခါ (၁၉၂၂)ခု၊ နိုဝင်ဘာလတွင်ကျောင်းတော် စတင်ဆောက်လုပ်ရန် နေ့ရက် သတ်မှတ်ထားသည်။ ဓမ္မပါလက အကောင်းဆုံးဖြစ်အောင် ကြိုတင် စီစဉ်ထားသည့်အတိုင်း သတ်မှတ်

သောရက် နံနက်ပိုင်း၌ အိန္ဒိယဘုရင်ခံချုပ် ဆာဟာကုတ်ဘတ္တလာသည် မိဂဒါဝုန်ဒေသသို့လာရောက်ပြီး ကျောင်းတော်ရာကို ကျောက်အုတ်မြစ်ချပေးပါသည်။ ပထမအဆင့် ကျောက်အုတ်မြစ်ချခြင်းကား ဂုဏ်သရေရှိစွာ အောင်မြင်လေပြီ။

ဤသတင်းကိုကြားသိရသော ပြည်သူများသည်လည်းကောင်း၊ ဂျာနယ်တွင် ဖတ်ရှုရသော ပြည်ပဗုဒ္ဓဘာသာများနှင့်တကွ ဘာသာကွဲများသည်လည်းကောင်း စိတ်ဝင်တစား နားစွင့်ဖတ်ရှုနေကြလေသည်။ ကျောင်းတော်ခိုင်ခန့်စေရန် ထောင့်စွန်းကဲ့သို့သော နေရာများတွင် ကျောက်သားအုတ်ကို အသုံးပြုထားသည်။

(၁၉၂၂)ခုနှစ်၊ နိုဝင်ဘာလတွင် ဆောက်လုပ်ရန် ကျောက်အုတ်မြစ်ချထားခဲ့သော်လည်း နေ့ရက်မပြတ် ဆက်လက်တည်ဆောက်နိုင်ခြင်း မရှိသေးချေ။ ဤအရေးကား ငွေကြေးမှအစ အားလုံးစိတ်ချနိုင်လောက်ပေပြီ။ နောက်တစ်ကြောင်းမှာ ဓမ္မပါလတွင် မသွားလျှင်မဖြစ်သော သွားလာလုပ်ဆောင်စရာကိစ္စတွေက အပြည့်ရှိနေသည်။ ထို့ကြောင့် လိုအပ်သမျှ ပစ္စည်းများဝယ်ယူသိုလှောင်ထားခြင်းမှအပ ကိုယ်တိုင်ကြီးကြပ်လုပ်ဆောင်ရန် မလွယ်ပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျောင်းဆောက်လုပ်ရန် တာဝန်မပေးလိုချေ။

ထိုကာလအတွင်း လန်ဒန်မှ ဗုဒ္ဓဘာသာဝင်များ၏ ဖိတ်ကြားချက်အရ၊ လန်ဒန်သို့သွားရသည်။ ဗုဒ္ဓဘာသာ၏ အခြေခံအချက်များကို သဘောပေါက်ကြစေရန် အကြိမ်များစွာ ပြောဟောရသည်။ လန်ဒန်ရှိ မိတ်ဆွေရင်းများက အကြံပေးသည့်အတိုင်း လန်ဒန်၌ သာသနာပြုစခန်းဖွင့်ရန် စီစဉ်ရသည်။

သင့်တော်သောအရပ်တွင် အိမ်တစ်ဆောင်ဝယ်ယူပြီး မိတ်ဆွေများအကူအညီဖြင့် ကျောင်းဝိဟာအဖြစ် ဖန်တီးပြုပြင်ရသေးသည်။ ဘုန်းကြီးကျောင်းအဖြစ် စီမံပြီးသော် ထိုကျောင်း၌ သီတင်းသုံးနေထိုင်ရန်သီဟိုဠ်သို့အမြန်ပြန်လာပြီး သံဃာသုံးပါး ပင့်ဆောင်ရသေးသည်။ လန်ဒန်သို့လိုက်ပါရန် သဘောတူအောင် ဖြောင့်ဖျသိမ်းသွင်းပင့်ခေါ်ရသည်။ ပြီးစီးသော် လန်ဒန်တွင် ဗုဒ္ဓဘာသာကျောင်းနှင့် သံဃာနှင့် အခြေချမိလေပြီ။ ဆိုခဲ့သည့်အတိုင်း အလျင်ဆုံး လိုအပ်သည်ကို အလျင်ပြီးစီးအောင် မနားမနေလုပ်ဆောင်ရင်း စားချိန်

အိပ်ချိန်ကို ဂရုမထားချေ။ ထိုတွင် ဓမ္မပါလသူတော်စင်တွင် အစာအိမ်ရောဂါ ဝင်ရောက်လာသည်။ လန်ဒန်ရှိ ဆရာဝန်ကောင်း ဆေးကောင်းများဖြင့် မှီဝဲ ကုသရပါသည်။ သို့သော် သက်သာရုံမျှသာ အရှင်းမပျောက်ကင်းပါ။ တစ်ခါ တစ်ရံတွင် အိပ်ရာမှ မထနိုင်ချေ။ နေ့ညဥ့်မဟူ အပင်ပန်းခံ လုပ်ဆောင်ခဲ့သမျှ ဒဏ်ပိသည်ဟုပင် ထင်မိပါ၏။ ဆေးရုံတွင် ရက်နည်းနည်းတက်၍ ကုသရသေး သည်။

♦ ♦ ♦

# ဘုရားကျောင်းတော် ဖွင့်လှစ်ပွဲပြီး

ဓမ္မပါလသည် ဆေးရုံတွင် ရက်အနည်းငယ်တက်ရောက် ကုသရပြီး၊ အတော်အတန်မျှ သက်သာလာသည့်တွင် ဆေးရုံမှဆင်းလာခဲ့သည်။ ဗာရာဏသီ ဣသိပတန (ဆာနတ်သ်) မိဂဒါဝုန်တွင် ကျောင်းတော်ကြီးဆောက်လုပ်ရန်မှာ ပန္နက်သာ ချထားရသေးသည်။ တရှိန်တည်းမဆောက်ရသေး ဟူသော ခံစားချက်ကလည်း နေ့ညမပြတ် ဖောကပ်နေသည်။

ဦးသုမင်္ဂလဘိက္ခုစသော သံဃာများကလည်း ဤနေရာမျိုးမှာ ပါဝင်လုပ်ဆောင်နိုင်ကြသည် မဟုတ်ချေ။ ဘက်စုံအားကိုးခဲ့ရသော ကာနယ်လ်အောလ်ကော့ကို သတိရပြီး ကြေကွဲမိသေးသည်။ လူ့ဘဝသည် တိုတောင်းလှပါတကား။

လန်ဒန်မှ ဗာရာဏသီသို့ တောက်လျှောက်ပြန်လာခဲ့သည်။ ဘုရားကျောင်းတော်ကို ကိုယ်တိုင် ငွေကိုင်လျက် ကြီးကြပ်ဆောက်လုပ်သည်။ လက်အောက်ငယ်သားနှင့် အလုပ်သမားများအား ကုသိုလ်ရနိုင်သည့်လုပ်ငန်းဖြစ်ကြောင်း နားဝင်အောင် ဖြောင်းဖျဟောပြောရသေးသည်။ လုပ်ငန်းတိုးတက်ရာတွင်မူ နှေးကွေးသည်။ မိုးတွင်းရောက်သော် နားထားရပြန်သည်။

ဤအတောအတွင်းတွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှ ဖိတ်

ကြား၍ တတိယအခေါက် သွားလိုက်ရပါသေးသည်။ ဆိုခဲ့သလို မနားမနေ အလုပ်လုပ်ခြင်း၊ ဖွဲကြီးခြင်း၊ စိတ်ရောကိုယ်ပါ အားထုတ်ရခြင်းတို့ကြောင့် ရုံဖန်ရုံခါ ရင်ဘတ်ထဲမှ အောင့်လာတတ်သည်။ လက်စွဲဆရာဝန်နှင့် စမ်းသပ်ကြည့်သောအခါ သွေးတိုးနှင့် နှလုံးရောဂါပါ ဝင်ရောက်စွဲကပ်ကြောင်း သိရလေ၏။ အစာအိမ်ရောဂါကလည်း မပျောက်သေးချေ။

အသက်အရွယ်ကလည်း (၆၀)ကျော်ပြီး၊ (၇၀)အတွင်းရောက်လာချေပြီ။ သို့သော် ဓမ္မပါလသည် မဆုတ်မနစ်သော ဖွဲလုံ့လဖြင့် လုပ်ဆောင်ဘွယ်ခရီးကို ဆက်လက်ချီတက်ဆဲပင် ကုန်ကျစရာငွေကြေးကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ သူကသာ ပေးချေသုံးစွဲသည်။ ဘဏ်သို့အပ်နှံငွေစာရင်းသည်လည်း သူ့နာမည်နှင့်သာထားသည်။

ဓမ္မပါလသည် တစ်သက်တာတစ်လျှောက် သူလှမ်းခဲ့သော ခရီးကို ပြန်ကြည့်သည်။ ထိုအခါ နှစ်ပေါင်းများစွာကတည်းကပင် အဓိဋ္ဌာန်ပြုပြီး ချမှတ်ခဲ့သည်။ တည်ဆောက်ရန် မြေနေရာ၊ ငွေရေးကြေးရေးမှစပြီး နှစ်ရှည်လများ အားထုတ်ခဲ့ရသည်။ ကျောင်းတော်ကြီးပြီးစီးအောင်မြင်ရန်မှာ မည်သူ တစ်ဦးတစ်ယောက်တွင်မှ တာဝန်မရှိ။ ငွေကြေးပစ္စည်းများ မမှားယွင်းစေရန် မိမိကိုယ်တိုင်သာ တာဝန်ယူသင့်သည်ဟူ၍ စွဲစွဲမြဲမြဲ ခံယူထားသည်။ ယခုပြီးစီး အောင်မြင်တော့မည်။

(၁၉၃၁)ခုနှစ်၊ မတ်လ(၃)ရက်တွင်ရေးသော ဓမ္မပါလ၏ နေ့စဉ်မှတ်တမ်းကို ဖော်ပြပါရစေ။

ည (၁၀)နာရီအချိန် မီးအားလုံးကို ပိတ်ရမည်။ ကျွန်ုပ်တို့သည် မဟာဗောဓိအသင်း၏ငွေကို အကျိုးမဲ့ဖြုန်းတီးပစ်ရန်မဟုတ်။ အရာအားလုံးတို့ကို သန့်ရှင်းသပ်ရပ်စွာ ထားထားရမည်။ မဟာဗောဓိ အသင်းပိုင်ငွေများအား အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် တစ်စုံတစ်ရာမှ လုပ်ဆောင်ခြင်း မရှိသူများအတွက် အသုံးပြုရန် အခွင့်အရေးမရှိပါ။

အထက်ပါ မှတ်တမ်းသည် မတ်လတွင်ရေးသည်။ သူ၏ စေ့စပ်သေချာမှုနှင့် စေတနာကို ဖော်ပြသကဲ့သို့ပင် ကျောင်းတော်ကြီးပြီးတော့မည်။ ကျောင်းတော်ဖွင့်ပွဲအတွက် ကြိုတင်စီစဉ်စရာက များလှပါဘိ။

**သီဟရတနာစာပေ**



သာသနာ့တော်သတင်း။

ကျောင်းတော်ဖွင့်ပွဲ၊ ဓါတ်တော်ကိုဆင်ဖြင့်လှည့်ပုံ

သီဟိုဠ်၊ တိဘက်၊ ဂျပန်၊ ယိုးဒယားစသောနိုင်ငံများမှ ထေရ်ကြီးဝါကြီး၊ သံဃာကြီးများနှင့်တကွ ဖိတ်ကြားသင့်သူများထံသို့ ကြိုတင်အကြောင်းကြားရမည်။ ဖွင့်ရက်သတ်မှတ်နိုင်သောအခါမှ ဖိတ်စာပို့မည်။

အိန္ဒိယအစိုးရဌာနမှ အကြီးအကဲများထံသို့လည်း ပို့သင့်သူကို ဖိတ်စာပို့ရပါမည်။ တိုင်းတစ်ပါးမှ လာရောက်ကြမည့် ပုဂ္ဂိုလ်အသီးသီးတို့အတွက် တည်းခိုရန်နှင့် ဧည့်ခံကျွေးမွေးရန်များ ယခုကပင် စီစဉ်လျာထားရတော့မည်။ ထိုသို့ ကိစ္စများအတွက် အလုပ်ရှုပ်လှသည် မှန်ပါ၏။ သို့သော် စိတ်ချမ်းသာပါသည်။

ဓမ္မပါလသူတော်စင်နှင့် အဖွဲ့ဝင်များသည် နေ့ညဉ့်မဟူ အတူတကွ ဆောင်ရွက်ကြရပြီးသော် ကြိုးစားလုပ်ဆောင်ကြရသည်နှင့်အမျှ ကြိုးစားကြရကျိုးနပ်ပါသည်။ ကျောင်းတော်ကြီးဖွင့်လှစ်ပွဲကြီးမှာ ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက်စည်ကားလှသည်။ ဤဖွင့်ပွဲအကြောင်းကို ကျွန်မအနေဖြင့် အထူးမရေးတော့ပါ။ ရှေးခေတ်က ထုတ်ဝေသော (၁၉၃၂)ခုနှစ်၊ ဖေဖော်ဝါရီလ သူရိယမဂ္ဂဇင်းတွင်ပါရှိသော မူလဂန္ဓကုဋီဖွင့်ပွဲဆောင်းပါးကို သတ်ပုံမူရင်းအတိုင်း ကူးယူ၍ အောက်တွင် အပြည့်အစုံ ဖော်ပြပါမည်။

ကျောင်းဖွင့်ပွဲသတင်းမျှသာမက လွန်ခဲ့သော (၈၁)နှစ်က နိုင်ငံခြားသာသနာအရေး လူမှုရေးသုတများပါ ပွားနိုင်ပါသည်။ မဇ္ဈိမဒေသ ဗာရာဏသီမြို့၊ စာရဏခေါ် မိဂဒါဝုန်တော၌ မူလဂန္ဓကုဋီကျောင်းကြီးဖွင့်ပွဲ ခါတ်ပုံသတင်း။

ဗာရာဏသီမြို့၊ စာရဏခေါ် မိဂဒါဝုန်တော၌ မြတ်စွာဘုရားသခင် သစ္စာလေးပါးတရားနှင့်တကွ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပြီးသည်မှနောက် ရှေးဦးစွာ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောသော နေရာဌာနကြီး၌ မဟာဗောဓိအသင်းကြီး၏ ဥက္ကဋ္ဌလူကြီး ဓမ္မပါလကြီးမှူးအုပ်ချုပ်လုပ်ကိုင်သော မူလဂန္ဓကုဋီကျောင်းတိုက်ကြီး ဆောက်လုပ်ရာ ယခုအခါ အပြီးတိုင်ရောက်သဖြင့် (၁၉၃၁)ခုနှစ်၊ နိုဝင်ဘာလ ၁၁-ရက်နေ့၊ ညနေ ၃-ချက်တီးအချိန်တွင် ကျောင်းတော်ကြီးကို အလွန် ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်လေရာ ထိုပွဲတော်တွင် ဣန္ဒိယအစိုးရကျောက်စာဘက် အရာရှိကြီးက စာရဏမြူစယာန်ပြတိုက်မှ မြတ်စွာဘုရား သိရီရဓါတ်တော်များကို ရွှေကြုတ်ဖြင့်ထည့်၍ အပ်နှင်းလှူဒါန်း

လိုက်ကြောင်း။

ထိုဓါတ်တော်ကြုတ်ကို ရိုသေကောင်းမွန်စွာလက်ခံပြီး အလွန်လှပ တင့်တယ်စွာ တန်ဆာတို့ဖြင့် ဆင်ယင်ထားသော ဆင်ကြီးပေါ်သို့ ပင့်ဆောင်ယူ တင်၍ လှည့်လာရာတါင် ဒါရ်ဂျီလင်မှ မစ္စနာ လေဒင်လား ကြီးမှူး၍ လာကြ သော ၎င်းတို့၏ ကြီးကျယ်ခမ်းနားသော တူရိယာအတီးအမှုတ်တို့ဖြင့် သိုက် မြိုက်စွာ လိုက်ပါကြကြောင်း။

၎င်းတို့၏နောက်မှ သီဟိုဠ်၊ မြန်မာ၊ စစ်တကောင်း၊ တရုတ်၊ ဂျပန် အစရှိသော ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များနှင့်၊ သီဟိုဠ်ဉပသကာ-ဉပသိကာ အပေါင်းတို့ပါ လိုက်ပါကြသည့်အပြင်၊ ဗာရာဏသီမြို့နှင့်တကွ အနယ်နယ်မှ လာရောက်ကြသော လူကြီးလူကောင်း ပရိသတ်ပေါင်းများစွာတို့နှင့် ပြည့်ညှပ် စည်ကားလျက်၊ မူလဂန္ဓကုဋီတိုက်ကြီးသို့ (၃)ကြိမ်တိုင်တိုင် လှည့်ပတ်ပြီးသည့် နောက် မြန်မာပြည်မှ ကြွရောက်တော်မူလာသော အဂ္ဂမဟာပဏ္ဍိတ ငါးထပ်ကြီး ဆရာတော်ဦးဇလိတ၊ သီဟိုဠ်ကျွန်းဆရာတော်၊ စစ်တကောင်းဘုန်းတော်ကြီး၊ တရုတ်ဘုန်းတော်ကြီး။ ၎င်း ဆရာတော်ငါးပါးတို့ ကိုယ်တိုင် မူလဂန္ဓကုဋီတိုက် တံခါးကြီးကို ဖွင့်လှစ်ပြီး ဓါတ်တော်ရွှေကြုတ်ကို ပင့်ဆောင်၍ ကျောင်းကြီး အတွင်းသို့ ဆောင်ယူသွား ကြပါကြောင်း။

ကျောင်းတော်ကြီးကို ကြီးမှူးအုပ်ချုပ်တည်ဆောက်သူ မဟာဗောဓိ အသင်းကြီး၏ ဉက္ကဋ္ဌ ဓမ္မပါလနှင့် အဖွဲ့ဝင်များကလည်း ဗုဒ္ဓသာသနာ့အလံ တော်များကို ကိုင်ဆောင်ကြလျက် နောက်မှလိုက်ပါကြပါကြောင်း။ ထိုဓါတ် တော် လှည့်လည်ပွဲပြီးသည့်နောက် ညနေ ၄နာရီအချိန်တွင် မူလ ဂန္ဓကုဋီတိုက် ကြီးရှေ့၌ နိုင်ငံအသီးသီးမှ လာရောက်ကြကုန်သော ဗုဒ္ဓဘာသာဝင်အပေါင်း တို့နှင့်တကွ အိန္ဒိယတိုင်းရင်းသား၊ ထိုမှတပါး အင်္ဂလိပ်အရာရှိအပေါင်းများစွာ တို့ပါ လာရောက်ကြသော ပရိသတ်ပေါင်း ၄၀၀၀ (လေးထောင်ကျော်ခန့်) ရှိပါကြောင်း။

ထိုကျောင်းတိုက်ကြီးရှေ့တွင် ရွက်ထည်မဏ္ဍပ်ရုံကြီးအတွင်းတွင် အသင်းအစည်းအဝေးပကျင်းပရာ၌ ဗုဒ္ဓဘာသာဝင်ဆိုင်ရာ အသီးသီးတို့သည် ဩဘာစာများကို ဖတ်ဆိုပြီး ဆရာတော်ကြီးများ ပရိတ်တရားတော်ရွတ်ဘက်၍



http://www.cherrythitsar.org

ကျောင်းဖွင့်ပွဲအစီအစဉ်ကို ဖွင့်လှစ်ပါကြောင်း၊ မြန်မာပြည်မှ ကြွရောက်တော်မူလာသော ငါးထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဇဋိလ အရှင်ကိုယ်တော်မြတ်ကိုယ်တိုင် မြန်မာဘာသာဖြင့်-

ယခုဆောက်လုပ်ထားသော မူလဂန္ဓကုဋိတိုက်ကြီးနှင့် မိဂဒါဝုန်တောတို့၏ အဋ္ဌုပ္ပတ္တိကို လုရင်းစားဖြင့် ဟောပြောပြီး မြန်မာပြည်မှ ဘုရားဖူးလာရောက်သော ရုံးလိုက် အင်စပိတ်တော်ကြီး ဦးဘက အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ဟောပြောပါသည်။

ထို့နောက် အထူးဝမ်းသာစရာအကြောင်းတစ်ခုမှာကား ထိုပရိသတ်များ၏ အလယ်၌ မကြောက်မရွံ့ ရဲရင့်စွာ မြန်မာအမျိုးသမီး သီလရှင် မမေခါဝီက ဟိန္ဒူဘာသာဖြင့် ဆိုင်ရာတရားစကားများကို ဟောပြောပြရာ ပရိတ်သတ်အပေါင်းတို့သည် အထူးအံ့ဩလျက် ဩဘာလက်ခုပ်သံတို့ဖြင့် ဆူညံသွားပါကြောင်း။ ထိုသီလရှင် မမေခါဝီ ဟောပြောသောစကားများကို အောက်ပါအတိုင်း မြန်မာဘာသာဖြင့် ရေးသားထည့်သွင်းလိုက်ပါကြောင်း-

အသရေရှိကြကုန်သော ပူဇော်ထိုက်သော သဘာပတိကြီးနှင့်တကွ ထို့ပြင် အစည်းအဝေးလာရောက်ကြကုန်သော ကျွန်မ၏ ချစ်ခြင်းမေတ္တာ ရှေ့သွားရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့ ကျွန်မသည် ရှင်တို့၏ ရှေ့မှောက်သို့ လာရောက်၍ပြောဆိုရခြင်းမှာ ရှင်တို့၏ သနားခြင်းဂရုဏာဖြင့် အခွင့်ပေးခြင်းကြောင့် ဖြစ်ပါသည်။ ပြောဆိုနိုင်သော အခွင့်အချိန်အခါကို ရပါသည်။ လာရောက်ကြကုန်သော ပရိသတ်အပေါင်းတို့ ရှင်တို့ထံမှ ရိုသေစွာ တောင်းပန်ပါသည်။ ကျွန်မပြောဆိုသော စကားတို့၌ အမှားအယွင်း မစင်ကြယ်ခြင်း ပါခဲ့ပါက ၎င်းအမှားအယွင်းများကို ဖယ်ရှား၍ တရားသဘော သက်သက်ကိုသာ စိတ်မှတ်၍ နာယူကြပါကုန်။

ကျွန်မသည် လက်မွှန်မဆွ ရှေးဦးစွာ ၃-ပုဒ်သော ဂါထာကို ရွတ်ဆိုပြခဲ့ပါပြီ။

''ဗုဒ္ဓေါလောကေ သမုပ္ပန္နော''အစရှိသော ထိုဂါထာများ၏ အဓိပ္ပါယ်သော်ကား သံသရာလောကကြီးမှာ မြတ်စွာဘုရားသခင်ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် အလုံးစုံသော သတ္တဝါဝေနေယျတို့၏ အကျိုးစီးပွား



http://www.cherrythitsar.org

အလို့ငှာသာလျှင် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

အဓိပ္ပါယ်သော်ကား မြန်မာများအဖို့လည်းမဟုတ် သီဟိုဠ်အတွက် လည်းမဟုတ်၊ ထိုမှတစ်ပါး တရုတ်၊ ဂျပန်၊ တိဗက်တင်၊ နေပါလီ၊ ဘင်္ဂါလီ၊ ဟိန္ဒူ၊ မူစလမန် အစရှိသော လူအမျိုးမျိုး ရှိကြသည်တို့တွင် လူတစ်မျိုး လူတစ်ဦးအတွက်ကို ရည်မှန်း၍ မြတ်စွာဘုရားသခင် ပွင့်ထွန်းပေါ်ပေါက်လာ ခြင်းမဟုတ်ပါ။

အားလုံးစုံ သဝိညာဏကဖြစ်ကြကုန်သော သတ္တဝါအပေါင်း၏ အကျိုးစီးပွားအား ရည်မှန်းပြီး ပွင့်ထွန်းတော်မူလာခြင်း ဖြစ်ပါသည်။ ထိုအတူ ထို မြတ်စွာဘုရားသခင်၏ တရားတော်နှင့် သံဃာတော်မြတ်များမှာလည်း သံသရာလောကကြီးမှာ အကြင်ရွေ့မျှလောက် သဝိညာဏကဖြစ်ကြကုန်သော သတ္တဝါများရှိကြကုန်၏။ ထိုမျှလောက်ကုန်သော သတ္တဝါအပေါင်းတို့ကို ပစ္စုပ္ပန် သံသရာနှစ်ဖြာ အကျိုးစီးပွားအလို့ငှာသာလျှင် ဖြစ်ထွန်းပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ထိုမှတစ်ပါး ဆိုလိုရင်းပကားမှာ၊ ကျွန်မတို့၏ မြတ်စွာဘုရားသခင် သည် သစ္စာ ၄ပါး တရားနှင့်တကွ၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော် မူ၍ ဘုရားဖြစ်ပြီးသည်မှ အလုံးစုံသော နေရာတို့၏ လက်ဦးစွာဆာရဏခေါ် ဣသိပတန မိဂဒါဝုန်တောသို့ ကြွလာတော်မူပြီး ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဟော သောနေရာဖြစ်ပါသည်။

ထိုအကြောင်းကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် အကုန်သိကြပါ ကြောင်း ကျွန်မသည် အနာဂါရိက ဓမ္မပါလ ထိုမှတစ်ပါး သရီဒေဝမိတြ ဓမ္မ ပါလကို များစွာပင် ကျေးဇူးတင်လှပါသည်။ အကြောင်းရင်းသော်ကား ဓမ္မပါလသည် မိမိ၏ အသက်စည်းစိမ်ဥစ္စာဖြင့် တရားဘက်၌ သက်ဝင်ယုံကြည် မြင့်မြတ်သော စိတ်ထား၍ ယခုအမည်အားဖြင့် ဆာရဏခေါ်ပါသည်။ မြတ်စွာ ဘုရားရှင်လက်ထက်တော်က ဣသိပတန မိဂဒါဝုန်ခေါ်သော ဤနေရာ၌ နိဗ္ဗာန်ကို အာရုံပြု၍ တရားအလုပ်၌ ယုံကြည်စွာ ကြီးကျယ်သော ဤဘုရား ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပါသည်။ ရှင်တို့လဲဘဲ အကြင် ၍မျှလောက် သဒ္ဒါအားအစွမ်းပြုနိုင်ကြပါက ထိုမျှလောက် သဒ္ဒါပုဗ္ဗင်္ဂမ ရှေ့သွား ပြီး အထောက်အပံ့ အကူအညီပေးကြပါ။

**သီဟရတနာစာပေ**

သံသရာလောကကြီးမှာ အမျိုးမျိုးသော အယူဝါဒကို ရှိကြပါသည်။ ထိုအလုံးစုံသောအယူဝါဒများမှာ တရားသဘောအားဖြင့် တပါးတည်းသာလျှင် ဖြစ်ကြပါသည်။ လိုရင်းတရားစစ်တရားမှန်ကို ရှာဖွေပြီးကြည့်ကြမည်ဆိုပါက ဒါနစသော ပါရမီဆယ်ပါးနှင့်တကွ အလုံးစုံသော တရားတို့ထက် နိဗ္ဗာန်တရားကြီးသာလျှင် အဆုံးစွန်ဧမြချမ်းသာသော တရားကြီးဖြစ်ပေသည်။ အကြင်၍ မျှလောက်သော ရဟန်းရှင်လာအပေါင်းတို့သည် မဇ္ဈိမခေါ် ဟိန္ဒူစတန်၌ မြတ်စွာဘုရား တရားအားလျော်စွာ သာသနာကိစ္စကို ဆောင်ရွက်လုပ်ကိုင်နေကြပါသည်။

ထိုလုပ်ကိုင်နေကြသော လူအပေါင်းတို့သည် နိုင်ငံခြားသားများ ဖြစ်ကြပါသည်။ အကယ်၍သာ ဟိန္ဒူစတန်သားဖြစ်ကြကုန်သော အချို့အချို့ သူဌေးသူကြွယ်တို့သည် သာသနာကိစ္စအတွက်ကို ထောက်ပံ့ကူညီကြပြီး ပြုလုပ်ခဲ့ကြပါလျှင် နိုင်ငံခြားသားများ ဆယ်နှစ်လုပ်မည့်အတွက်ကို ကျွန်မတို့ တိုင်းရင်းသားများက တစ်နှစ်တည်းနှင့်ပင် ပြီးမြောက်အောင် ပြုလုပ်နိုင်ကြပါလိမ့်မည်။ ကျွန်မလည်းပဲ သာသနာကိစ္စပြုလုပ်ရန် အလို့ငှာ လာခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း အစစအားအင်မရှိ တစ်ဦးတည်းဘယ်ကဲ့သို့ တတ်နိုင်မှာလဲ။ အကယ်၍သာ နိုင်ငံရင်းသားပဲဖြစ်ဖြစ်၊ နိုင်ငံခြားသားပဲဖြစ်ဖြစ်၊ ပေါင်းသင်း ဆက်ဆံပြီး နည်းများမဆို ရှင်တို့ထံမှ ကျွန်မ အထောက်အပံ့အကူအညီရရှိပါက ကျွန်မ၏ အားအင်သည် အကြင်မျှလောက်ရှိပါလျှင် ထိုမျှလောက်သာ သာသနာကိစ္စ ဆောင်ရွက်ရန် အသင့်ရှိပါသည်။

ဤမျှလောက်ပြောဆိုခြင်းဖြင့် ကျွန်မ၏ စကားများ သင့်တော်လောက်ပါပြီ။ ထိုမှတပါး အဆုံးစကားပြောခဲ့ပါမည်။ သံသရာလောကကြီးမှာ မြတ်စွာဘုရားပွင့်ထွန်းလာခြင်းကား ချမ်းသာကြီးခြင်းတစ်ပါးဖြစ်ပါသည်။ ဥပမာသော်ကား ဗုဒ္ဓဘုရားပဲဖြစ်ဖြစ် ဂျိုင်းဘုရားပဲဖြစ်ဖြစ်၊ ဟိန္ဒူပဲဖြစ်ဖြစ် မူစလမန်ပဲဖြစ်ဖြစ် အဆုံးအမတော့ အကြင်မျှလောက် အသက်ရှိသော သတ္တဝါများရှိကြကုန်၏။ ထိုမျှလောက် သတ္တဝါများသည် တစ်ပါးတည်းသော သခင်၏ သားများသာလျှင် ဖြစ်ကြပေ၏။ ထိုသို့ဖြစ်သောကြောင့် အလုံးစုံသော လူအပေါင်းတို့သည် စိတ်သဘောတူမျှနိုင်ခြင်းသည် ချမ်းသာကြီးတစ်ပါး ဖြစ်



http://www.cherrythitsar.org

ပါသည်။

လောကကြီး၌ မှန်ကန်မြင့်မြတ်သော ပေါင်းသင်းဆက်ဆံခြင်းထက် ပိုမိုကြီးသော အားအင်သည် ဘယ်အရာနှင့်မှ မတူသော အကြီးဆုံးသော အားအင်ဖြစ်ပါသည်။ ရဟန်းသံဃာတော်များထံမှ တရားဓမ္မနာယူရခြင်းမှာလည်း မြတ်သောချမ်းသာဖြစ်ပါသည်။ သာသနာတော်အရေး၌ အသင်းအဖွဲ့ ဆိုဆိုက်ယတီ အမျိုးမျိုးရှိကြပါသည်။ အားလုံးညီညွတ်စွာ တပေါင်းတစည်း တည်းလုပ်ကိုင်နိုင်ကြပါက ဆထက်တံပိုး အောင်မြင်နိုင်ကြလိမ့်မည်။ ကျွန်ုပ်မ အဆုံးစွန်စကားပြောပါမည်။ သံဃာတော်အရှင်မြတ်များ သီရိဒေဝမိတြဓမ္မ ပါလနှင့် ပရိသတ်အားလုံးကိုယ်စိတ်မြဲကြပါစေ။

သူရိယမဂ္ဂဇင်းပါ မူလဂန္ဓကုဋိကျောင်းတော်ဖွင့်ပွဲ ဆောင်းပါးမှာ ယင်းနေ့က ပွဲတော်မြင်ကွင်းအား မျက်စေ့ရှေ့မှောက်သဖွယ် မြင်ယောင်မိစေ သည်။ စည်ကားသိုက်မြိုက်လှသော တွေ့ကြုံရခဲသော ဘုရားပွဲတော်ပေတည်း။

မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ ကြွရောက်ဖွင့်လှစ်ပေးတော်မူကြ ပုံမှာလည်း ဆွတ်ပျံ့ဘွယ်ရှိလှပါ၏။ မြန်မာသီလရှင်ဆရာလေး မဖေဒါဝီ၏ စကားထဲမှ- "သီရိဒေဝမိတြ ဓမ္မပါလ"ဟု သုံးနှုန်းခေါ်ပြောသည်ကိုလည်း တစ်မျိုးမှတ်သားရပါသေးသည်။ အဓိပ္ပါယ်ဖွင့်ဆိုရသော် "နတ်ဒေဝတာတို့ မေတ္တာထားသော အသရေရှင် ဓမ္မပါလ" ဟူ၍ ဖြစ်တန်ရာသည်။

သီဟိုဠ်၊ တိဗက်၊ တရုတ်ဘုန်းတော်ကြီးများ ကြွရောက်ပူဇော်ကြ ခြင်းမှာလည်း အားရစရာမြင်ကွင်းပေပင်။ ဗုဒ္ဓသာသနာ့အလံတော် တလူလူ ပျံ့လွင့်နေပေလိမ့်မည်။ ဗုဒ္ဓသာသနာတော် နှစ်ပေါင်းများစွာ ယင်းဒေသတွင် မှေးမှိန်နေရရာမှ ယခုအခါတွင် သာသနာတော်သည် သိက္ခာကြီးစွာဖြင့် ပြန်လည် ရှင်သန်လာချေပြီ။

ကျွန်ုပ်မသည် မဂ္ဂဇင်းဟောင်းမှ ကျောင်းတော်ဖွင့်ပွဲကျင်းပပုံ ဖတ်ပြီး သောအခါ တစ်ခုခုလိုနေသလို ခံစားမိပါ၏။ အဖန်ဖန် စဉ်းစားကြည့်သောအခါ မှ အခမ်းအနားအစီအစဉ်၌ မိန့်ခွန်းပြောသူများထဲတွင် ဓမ္မပါလမပါဝင်ခြင်းကို ဆင်ခြင်မိခြင်းဖြစ်ပါသည်။ သူသည် ကျောင်းတော်ကြီး တည်ဆောက်ရာ ကာယကံရှင် အစအဆုံးအောင်မြင်အောင် ဆောင်ခဲ့ငြား ထင်ပေါ်ခြင်းကို

အလိုမရှိဖြစ်သောကြောင့် နေရာမယူခြင်း ဖြစ်ပေမည်ဟု ယူဆပါသည်။

ယင်းမူလဂန္ဓာကုဋီကျောင်းကြီးသို့ ဘုရားဖူးလာရောက်ခဲ့သော ရန်ကုန်မြို့ သရက်တောကျောင်းတိုက် ဆရာတော် ဦးသူရိယက–

"ကျောက်စေတီကြီး၊ ကျောက်ထီးလွှင်လွှင် မူလဂန္ဓ ဆန်းလှပြုပြင်၊ တရားစက်ကြီး လှည်းနည်းပုံသွင် လက်ျာပတ် ဖူးလတ်ကြိမ်ကြိမ်ပင်" ဟူ၍ ကဗျာသံပေါက်ဖွဲ့ပြီး ပူဇော်လေသည်။

♦ ♦ ♦

## "သီရိဒေဝမိတြ ဓမ္မပါလနှင့် ရသေ့ကြီး ဦးခန္တီ"

ဘုရားကျောင်းတော်ဖွင့်ပွဲကြီး အောင်မြင်စွာပြီးစီးသော် ဓမ္မပါလ သူတော်စင်သည် အလွန်စိတ်ချမ်းသာသွားသည်။ မဟာဗောဓိစေတီကြီး ဗုဒ္ဓဘာသာဝင်တို့လက်သို့ ထိန်းသိမ်းခွင့်ရရန် နှစ်ပေါင်းများစွာပင် မဟန့်တို့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသော်ငြား အောင်မြင်မှုမရခဲ့ချေ။ ဤအချက်ကြီး မအောင်မြင်စေကာမူ ဗုဒ္ဓသာသနာပြုလုပ်ငန်းကား များစွာ အကျိုးကျေးဇူးရှိစေသည်။ ဤအရေးအခင်းအတွက် နှစ်ပေါင်းများစွာ နိုင်ငံပေါင်းစုံသို့ ခရီးသွားခဲ့သည်။ သို့အတွက် မိမိစုံမက်လိုလားလှသော ရဟန်းဘဝတွင် နှစ်အနည်းငယ်မျှသာ သီတင်းသုံးခဲ့ပြီးနောက် သက်န်းချွတ်လဲကာ သူတော်စင်ဘဝသို့ ပြောင်းခဲ့ရသည်။

ယခု ဤကျောင်းတော်ကြီး ဆောက်လုပ်ရန်ရှိလာသောအခါ ဖခင်ကြီး ချန်ထားရစ်သော ပစ္စည်းဘဏ္ဍာများအား မတည်ပြီး ဟိုနိုလူလူမှ ဒါယိကာမကြီး ဖော်စတာမှ ငွေကြေးအမြောက်အများ ထည့်ဝင်လှူဒါန်းခဲ့သည်။ ထိုသို့ အရေးကြီးသည့်အခါတိုင်း ဓမ္မပါလသည် မိခင်သဖွယ် စောင့်ရှောင့်ခဲ့သော မေရီဖော်စတာအား အကူတောင်းခဲ့သည်ချည်းဖြစ်သည်။ ထို့ကြောင့် မဟာဗော



http://www.cherrythitsar.org

မိဂျာနယ်တွင် ဆောင်းပါးရေးသူများက မိခင်ဖော်စတာ **(Foster Parent)** ဟူ၍ လည်းကောင်း၊ ခေတ်သစ်ဝိသာခါ **(Modern Visakha)** ဟူ၍လည်းကောင်း အမွန်းတင်သုံးနှုန်းခဲ့ကြပါသည်။ မဟာဗောဓိအသင်းတော်အတွက် မည်သူ တစ်ဦးတစ်ယောက်မျှ သူကဲ့သို့ လှူဒါန်းနိုင်ခြင်းမရှိခဲ့ချေ။ မိခင်ဖော်စတာကား ကျောင်းတော်ဖွင့်ပွဲကြီးကိုကား မမီလိုက်ရပါ။ မေရီအလစ္စဘက်ဖော်စတာသည် (၁၉၃၀)ခု၊ ဒီဇင်ဘာလ (၁၉)ရက်၊ သောကြာနေ့တွင် ဟိုနိုလူလူကျွန်းတွင် ကွယ်လွန်ခဲ့လေပြီ။ (ဓမ္မပါလ၏ မွေးမိခင် မလ္လိကာကွယ်လွန်သည့်နှစ်ကို ရှာဖွေ ပါသော်လည်း မတွေ့သေးသဖြင့် မဖော်ပြလိုက်နိုင်ပါ။ ။ စာရေးသူ) ယမန်နှစ် က ဖော်စတာမိခင် မကျန်းမာကြောင်းကြားသိရသော်လည်း သွားရောက်ပြီး မကြည့်နိုင်ခဲ့ပါ။ ကျောင်းကြီးဆောက်လုပ်ခြင်းကလည်း ပြီးလုပြီးချိန်ဖြစ်နေ သောကြောင့် နေ့ညမဟူအလုပ်ရှုပ်လှ၏။ ကူညီရိုင်းပင်းသူအချို့ရှိပင်ရှိငြား ငွေ ရေးကြေးရေးမှစပြီး အလုံးစုံ လွှဲအပ်ထားခဲ့ရန်မှာ မဖြစ်နိုင်ချေ။

ရိုးသားစင်ကြယ်မှုအရာတွင် မိမိကိုယ်ကိုသာ တာဝန်ယူနိုင်သည်။

ဤအချက်တွင် ဓမ္မပါလသူတော်စင်နှင့် ကျွန်မတို့ မြန်မာနိုင်ငံ မန္တလေး တောင်မှ ရသေ့ကြီး ဦးခန္တီနှင့် တူလှကြောင်း သတိရမိပါသည်။ ယင်းတို့ သူတော်စင် နှစ်ပါးလုံးတွင် တူညီသော အတွေးအမြင်စိတ်ဆန္ဒများ အသက် အရွယ် သာသနာပြုမှုလုပ်ငန်းတွင် တစ်သက်တာလုံး နှစ်မြှုပ်လုပ်ဆောင်သွား ပုံများမှာ အတော်ကို တူညီပါသည်။ ယှဉ်ပြပါရစေ။

ဓမ္မပါလသည် (၁၈၆၄) ခုနှစ်မှာ မွေးဖွားသည်။

ဦးခန္တီသည် (၁၈၆၇) ခုနှစ်မှာ မွေးဖွားသည်။

ထို့ကြောင့် သက်တော်ချင်း ၃-နှစ်မျှသာ ကွာပါသည်။

ဓမ္မပါလသည် ဘိက္ခုရဟန်းဘဝတွင် ၅-နှစ်နေပြီး ဗြဟ္မစာရီ သူတော် စင်ဘဝသို့ ကူးပြောင်းခဲ့ပါသည်။ ဦးခန္တီသည် ရဟန်းဘဝ (၁၂)ဝါရရှိပြီးနောက် ရသေ့သူတော်စင်ဘဝသို့ ကူးပြောင်းခဲ့ပါသည်။ သူတော်စင်ဘဝသို့ ကူးပြောင်း ခဲ့ကြခြင်းမှာလည်း ရည်ရွယ်ချက်ခြင်း တစ်သဘောတည်းပင် ဖြစ်ကြသည်။ တင်းကြပ်သော ရဟန်းသိက္ခာပုဒ်များကို မကျိုးမပေါက်အောင် စောင့်ထိန်းရာ တွင် မဆောင်နိုင်မည်ကို မလိုလားကြပါ။ စိတ်ရောကိုယ်ပါ သာသနာအကျိုး



http://www.cherrythitsar.org

ဆောင်ရာ၌ ငွေကြေးရှိပါမှ အလုပ်ဖြစ်ပါမည်။ သို့ ငွေကိုင်နေရသော် သန့်ရှင်း စင်ကြယ်မည်မဟုတ်၊ ထို့အပြင် ခရီးရှည်သွားရသည့်အခါတွင်လည်း အချိန်မီ ဆွမ်းကိစ္စပြီးစီးနိုင်ရန်ကလည်း အခက်အခဲတစ်မျိုးပင်။ ယင်းအချက်များကြောင့် နှစ်ပါးစလုံးပင် ရဟန်းဘ၀ထက် ပိုမို လွတ်လပ်သော ရသေ့သူတော်စင်အဖြစ် ဖြင့် တင်းတိမ်လျက် သီတင်းသုံးနေကြခြင်းဖြစ်ပါသည်။ ယင်းတို့နှစ်ပါးမှာ ဘွားမြင်ရာဇာတိနိုင်ငံချင်းလည်းမတူ၊ လူမျိုးချင်းလည်း မတူကြသော်ငြား ယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓသာသနာတော်၌ သက်ဝင်ပူဇော်ပုံမှာ မခြားနားကြ ပါပေ။ သာသနာတော်အား ကောင်းကျိုးဆောင်ရာတွင် မည်ကာမတ္တမျှမဟုတ် ကြပါ။ တစ်သက်တာပတ်လုံးအစမှ အဆုံး ပျံလွန်တော်မူချိန်အထိ ဆောင်ရွက် သွားပါသည်။ အလွန်ကြီးမားကျယ်ဝန်းသော ပမာဏအားဖြင့် သူ့နည်းနှင့်သူ သာသနာတော်ကို အလုပ်အကျွေးပြုတော်မူသည်ချည်းပင်။

ဓမ္မပါလသူတော်စင်သည် အခြေအနေအရ အကြောင်းအားလျော်စွာ အသင်းအဖွဲ့ထောင်ခြင်း သာသနာပြု စာစောင်ထုတ်ဝေခြင်း၊ နိုင်ငံတကာသို့ ခရီးလှည့်ဟောပြောခြင်း၊ မဟာဗောဓိစေတီကြီးကို ဗုဒ္ဓဘာသာဝင်တို့လက်သို့ စောင့်ရှောက်ခွင့်ရအောင် လုပ်ဆောင်ကြိုးစားခဲ့ခြင်း၊ မြတ်ဘုရား တရားဦးဟော ရာ မိဂဒါဝုန်တော၌ မူလဂန္ဓကုဋိ ကျောင်းတော်ကြီး တည်ဆောက်ခြင်းများအား မနေမနားထုတ်ဆောင်ရွက်ခဲ့သည်။

ရသေ့သူတော်စင် ဦးခန္တီကိုယ်တော်ကြီးသည် မြန်မာနိုင်ငံ တစ်နံတစ် လျားရှိ မြို့ကြီးပေါင်း (၂၀)လောက်၌ ခိုင်ခန့်သော သာသနိက အဆောက်အဦး များ တည်ဆောက်ခြင်း ရသေ့ကြီး၏ အထူးခြားဆုံး ကုသိုလ်ပြုချက်မှာ ပိဋကတ် သုံးပုံပါဠိတော်များကို စကျင်ကျောက်ပြားပေါ်တွင် ထွင်းထုပြီး သထုံမြို့ ရွှေစာရံ ဘုရားတံတိုင်းအတွင်းမှာ ကျောက်ချပ် (၇၄၅) ချပ်ကိုလည်းကောင်း၊ မန္တလေး မြို့ မန္တလေးတောင်ခြေ စန္ဒမုနိဘုရား ပရဝုဏ်အတွင်းမှာလည်း အဋ္ဌကထာနှင့် ဋီကာများ ထွင်းထုထားသော ကျောက်စာချပ်ပေါင်း (၁၇၇၄) တိုင်ကို လည်းကောင်း၊ စိုက်ထူပူဇော်ထားပါသည်။ နှစ်ပေါင်းကြာရှည် တည်စေနိုင်သော ဘုရားနှုတ်ကမွတ်တော် ကျောက်စာတိုင်များပင်တည်း။

ဓမ္မပါလသူတော်စင်သည် အများလှူဒါန်းသော ငွေကြေးများကို



http://www.cherrythitsar.org

မည်သူတစ်ဦးကိုမျှ မကိုင်စေဘဲ သူကိုယ်တိုင် စာရင်းကိုင် သော့ကိုင်အဖြစ် ထိန်းသိမ်းသကဲ့သို့ ရသေ့ကြီးဦးခန္တီသည်လည်း အလှူခံဝင်ငွေများကို ကိုယ်တော်ကြီးတစ်ဦးတည်းသာ သိမ်းဆည်းကိုင်တွယ်ပြီး စီမံခန့်ခွဲပေသည်။ ငွေနှင့် စပ်၍ မည်သူ့ကိုမျှ အသိပေးခြင်းမရှိပေ ဟူ၍ လူထုဒေါ်အမာရေး "မန္တလေးတောင်" စာအုပ်မှာ တွေ့ရပါသည်။

ယင်းသူတော်စင်ကြီးနှစ်ပါးစလုံးတွင် အများတကာထည့်ဝင်လှူဒါန်းကြသော ငွေကြေး အနန္တအတိုင်းအတာပမာဏနှင့် ဖြစ်ထွန်းပေါ်ပေါက်လာသော ကျောင်း၊ ကန်၊ တန်ဆောင်းစသော သာသနိက အဆောက်အဦးတို့မှာ ညီမျှစွာ ထိုက်ထိုက်တန်တန်ရှိပေစွ။ ထိုကဲ့သို့ တော်တည့်ဖြောင့်မှန်ခြင်းကြောင့်လည်း ငွေကြေးသိမ်းဆည်းကိုင်တွယ်ခြင်းနှင့် စပ်လျဉ်း၍ တစ်စွန်းတစ်စမျှ ဝေဖန်ခြင်းမခံကြရချေ။

ဓမ္မပါလ သူတော်စင်နှင့် ရသေ့ကြီးသူတော်စင် ဦးခန္တီတို့သည် မိမိတို့ ပိုင်ဆိုင်သော အချိန်နှင့် ဘဝအား ကောင်းရာပြုလျက် ကောင်းမှုတွင် အသုံးချသွားပုံမှာ ဗုဒ္ဓဘာသာဝင်တို့ အတုယူစရာ နမူနာပြ ပုဂ္ဂိုလ်များပင်တည်း။

♦ ♦ ♦

http://www.cherrythitsar.org

# “ဓမ္မပါလသူတော်စင်၏ နေဝင်ချိန်”

အရှင်သီရိဒေဝမိတြဓမ္မပါလသည် ကျောင်းဖွင့်ပွဲအခမ်းအနားပြီးစီးလျှင်ပင် အတိုင်းမသိ စိတ်ချမ်းသာသွားသည်။ ပင်မကျောင်းတော်ကြီးတွင် ဓမ္မစကြာတရားဟောတော်မူပုံဆင်းတုတော်ကြီးကို ကြည်ညိုဖွယ် ကိန်းဝပ် စပ္ပါယ်ထားရှိလေသည်။ အရံကျောင်းငယ်များတွင်လည်း တိုးပွားလာသော သာမဏေ ဦးပဉ္ဇင်းများဖြင့် ပြည့်စုံစည်ကားလာသည်။

ဓမ္မပါလသည် ရာဘင်ဒြာနတ်သ်တဂိုးအား အလွန်ကြည်ညိုသူဖြစ်သည်။ ဆရာကြီး တဂိုးတည်ထောင်ထားသော ကန္ဒီမြို့ရှိ ရှင်တိနိကေတန် ကျောင်းတော်သို့ သာမဏေဆယ်ပါးပို့အပ် ပညာသင်ယူရန် စီစဉ်ပေးသည်။

ဤ မိဂဒါဝုန်ဒေသ ဤကျောင်းတော်အနီးတွင်လည်း အပြည့်ပြည့် ဆိုင်ရာ ဗုဒ္ဓဘာသာ စာသင်ကျောင်းတည်ထောင်ရန်အရေးကိုလည်း ဆက်လက် စိုင်းပြင်းရသည်။ မဟာဗောဓိဂျာနယ်အတွက်လည်း အဆက်မပြတ်ဆောင်းပါး များ ရေးသားပေးပို့မြဲပင်ဖြစ်သည်။

သို့လျှင် သာသနာတော်ပြန့်ပွားမှုများ ဆောင်ရွက်ရာ၌ စိတ်ဆန္ဒပြင်းပြသလောက် ကိုယ်ခန္ဓာက မလိုက်နိုင်တော့ချေ။ အသက်ကလည်း (၇၀)တွင်း



http://www.cherrythitsar.org

သို့ ချဉ်းခဲ့လေပြီ။ မူလကရှိနှင့်ပြီး အစာအိမ်ရောဂါဟောင်းကလည်း ရှင်းရှင်း မပျောက်ပါ။ နောက်တိုးလာသော နှလုံးအားနည်းသည့် ရောဂါကိုပါ ခံစားရင်း အလုပ်ရှိသမျှ လုပ်မြဲလုပ်သည်။ လက်စွဲဆရာဝန် မစ္စတာ နန်ဒီ တိုက်ကျွေး သော ကောင်းနိုးရာရာ ဆေးများ မှီဝဲပါ၏။ သက်သာလှသည်မရှိချေ။

တစ်နေ့သောအခါ ဝါးကျောင်းကလေးတွင် အိပ်စပ်နေစဉ် မိုးရွာလာ သည်။ အမိုးမလုံခြုံသောကြောင့် မိုးရေတစ်စက်စက် ယိုနေခြင်းအား မသိလိုက် ချေ။ နံနက်လင်းသော အောက်ပိုင်း ထုံကျဉ်ပြီး ခြေမထောက်နိုင်တော့ပါ။ လေဖြတ်ခြင်းပင်ဖြစ်သည်။

ထို့နောက် ကျောင်းတော်ပဂဝုဏ်အတွင်း သွားလာလှုပ်ရှားရန် ဘီး ကုလားထိုင်ကို သုံးရတော့သည်။ အရှင်သုံးသော ဘီးကုလားထိုင်မှာ ယနေ့ မြင်နေကျပုံမျိုးမဟုတ်။ သွားလာရာတွင် ကွေ့နိုင်ရန် ရှေ့ကလက်ကိုင်နှင့် ဘီး အငယ်စားကလေး အပိုပါသေးသည်။

ထိုသည့်နောက် မူလပထမကပင် ဆန္ဒပြင်းပြခဲ့လေသော ရဟန်းဘဝ ကို ခံယူလိုက်သည်။ သို့ဖြစ်၍ နံနက်စာဆွမ်းတစ်နပ်ကိုသာ ဘုန်းပေးရသည်။ ယင်းတစ်နပ်တည်းသော ဆွမ်းကိုပင် မသုံးဆောင်နိုင်ပါ။ အစာအိမ်ရောဂါ ကြောင့်း ပျော့ပျောင်းသော နို့ထမင်း၊ ယာဂု၊ ဆန်ပြုတ်စသည်တို့နှင့်ပင် အာဟာရ ဖြည့်ရတော့သည်။

ဓမ္မပါလအရှင် သီတင်းသုံးသော တဲကျောင်းကလေးမှာ ကျယ်ကျယ် ဝန်းဝန်းမရှိပါ။ စာရေးစာပွဲစသော မရှိမဖြစ် လိုအပ်သမျှသာ ထားရှိပါသည်။ မိမိအတွက် ဗာယီရကိစ္စ နည်းနိုင်သလောက် နည်းအောင် ခြံ့ထားပါသည်။ ခန်းကြီးနားကြီး ပရိဘောဂများကိုလည်း အလိုမရှိချေ။

ရပ်ဝေးတိုင်းခြားမှ ရောက်လာသော အာဂန္တုဧည့်သည်များကို တရား စကားအတန်အသင့်မျှသာ ပြောဟောသည်။ ယင်းတို့ယူလာသော အလှူပစ္စည်း များ များပြားလှသော်လည်း ကိုယ်တိုင်သုံးဆောင်ခြင်း မရှိတတ်ပါ။ လိုအပ် သော သာမဏေ၊ ဦးပဉ္ဇင်းများကိုသာ စွန့်လှူရှိသည်။ နေ့ခင်းအားလပ်ချိန် နှင့် ညဥ့်ပိုင်းတွင်ကား အချိန်အနည်းငယ်မှသာ ကျိန်းစက်ပြီး ဘာဝနာ၊ သမထ၊ ဝိပဿနာစသော ရဟန်းအလုပ်များဖြင့်သာ ပွားများ၍ တစ်ပါးတည်းနေလေ့

ရှိသည်။

ဤသို့ ကိုယ်ခန္ဓာကို အနားပေးပြီး တရားနှင့်သာ မွေ့လျော်နေလေရာ တဖြည်းဖြည်း အသားအရေ လျော့ပါးလာ၍ အစားလည်း နည်းလာသည်။

(၁၉၃၃) ခုနှစ်၊ ဧပြီလ ပထမပတ်တွင်မူ ရင်အောင့်သည့် ဝေဒနာဆိုး လာပြီး အဖျားကလည်း ဝင်လာသည်။ သာမန် အာဂန္တုအဖျားမျိုးမဟုတ်။ အန္တရာယ်ဖြစ်စေနိုင်သော အဖျားမျိုးမှန်းသိသော ဆရာဝန်နန္ဒကီသည် သင့် တော်သော ဆေးများပေး၍ ကုသပါသည်။ သက်သာခြင်းမရှိပါ။ နန္ဒကီ လည်း တစ်ဆေးမကောင်း တစ်ဆေးပြောင်း၍ ပဋိဇီဝဆေးများ တိုက်ကျွေးသည် အကြောင်း မထူးပါ။

ထိုအခါ အရှင်၏ညီအရင်းဖြစ်သော အင်္ဂလန်မှဆရာဝန်ကို သံကြိုးရိုက် ပို့သကဲ့သို့ သီဟိုဠ်မှ တူတော်မောင် ရာဂျဟေဝဝိတနေ **(Raja Hewavitarne)** ထံသို့လည်း အကြောင်းကြားသည်။ ညီနှင့်တူမောင်တို့လည်း ရောက်လာကြပါ သည်။ အရှင်မကျန်းမာခြင်းကို ကြားသိကြသော မိတ်ဆွေရင်းများကလည်း ဆေးဝါးကုသရန်၊ ရူပီးငွေများ ပေးပို့ကူညီကြသေးသည်။ သူ၏ ကျန်းမာရေး အတွက် ပေးလှူကြသော ငွေများဖြစ်ကြောင်း သိပါလျက် လက်သင့်မခံချေ။

"ဤငွေပမာဏသည် များလှ၏။ ဗုဒ္ဓသာသနာတော်အတွက် လိုအပ် သော အလုပ်များအတွက်ဖြစ်ပါစေ" ဟုသာ အမိန့်ရှိလေသည်။

စင်စစ် သူခံစားရချက်ကို သိနေဟန်ရှိသည်။ သည်တောင်မှ ကျော် နိုင်တော့မည်မဟုတ်ကြောင်း ဆင်ခြင်မိပေမည်။ ညီတော်မောင်နှင့် ဆရာဝန် အဖွဲ့ကမူ လက်မလျော့ကြသေး။ အာဟာရမပြတ်အောင် နည်းအမျိုးမျိုးဖြင့် သွင်းပေးနေကြသည်။ ဤသို့ပြုကြခြင်းမှာ အရှင်၏ဆန္ဒကို ဆန့်ကျင်ပြီး ကုသ နေခြင်းဖြစ်သည်။


ဓမ္မပါလအရှင်သည် စကားပြောနိုင်သေးသည်။ အားနည်းလှပြီဖြစ် စေကာ ကြိုးစား၍ ပြောသည်။

"ဒေါက်တာနန္ဒီ၊ အင်ဂျက်ရှင်းတွေကြောင့် ပင်ပန်းလှပါပြီ။ ကြာရှည် ဝေဒနာခံစားရခြင်းအား သည်းမခံလိုပါ၊ သွားပါရစေတော့"

"ချက်ခြင်းဘဝပြောင်းပါစေ၊ ပြန်လည်မွေးဖွားပါစေ၊ နှစ်ဆယ့်ငါးကြိမ်



http://www.cherrythitsar.org



Anaganka Dharmapala passed away here

ဓမ္မပါလ၏အုတ်ဂူမှ ကမ္ဗည်းစာ

http://www.cherrythitsar.org

မြောက်ပြန်လည် ရှင်သန်စေကာ မြတ်ဗုဒ္ဓ၏ တရားဓမ္မထွန်းကားခြင်းကို ကောင်းစွာ ဆောင်ရွက်နိုင်ပါစေသား"

အရှင်သီရိဒေဝ မေတ္တာဓမ္မပါလကိုယ်တော်၏ အဆုံးစွန်သော စကားစု ဖြစ်ပါ၏။

(၁၉၃၃)ခုနှစ်၊ ဧပြီလ (၂၉)ရက်၊ နံနက် (၃)နာရီအချိန်တွင် ပျံလွန်တော်မူလေသည်။ သက်တော် (၆၉)နှစ် အရွယ်တွင် ဖြစ်လေသည်။ (၁၈၈၂)ခုနှစ်မှစပြီး၊ (၁၉၃၃)နှစ်အထိ နှစ်ပေါင်း (၅၁)နှစ်တိုင်တိုင် မိသားစုကို စွန့်၍ ဘဝတစ်လျှောက်လုံး သာသနာတော်အရေး လုပ်ဆောင်ခဲ့ပေသော သာသနာ့သူရဲကောင်းတစ်ပါးကား ခန္ဓာချုပ်ငြိမ်း ဘဝဇာတ်သိမ်းလေပြီ။

စိတ်ဆန္ဒပြင်းပြချင်း၊ လုံ့လဝိရိယရှိခြင်းတို့ကို ကိုင်စွဲလျက် "ခွဲသန်လျှင်-ကံမြောက်သည်" ဟူသော ပြောစမှတ်စကားအား သက်သေပြခဲ့သော ပုဂ္ဂိုလ်ဟု ဆိုပါရစေ။ မြတ်ဗုဒ္ဓသာသနာကို ကမ္ဘာချဉ်းအောင်ဆောင်နိုင်သူဟု ဆိုရသော ထိုစကားမလွန်ပါ။ တိုတောင်းသော လူ့သက်တမ်း၊ မတည်မြဲသော ခန္ဓာကိုယ်မှ အစွန့်ရှည်တည်မြဲစေမည့် လက်ရာကို ချန်ထားရစ်သော ဗုဒ္ဓဘာသာနယ်ပယ်တွင် ထာဝစဉ်သတိရနေထိုက်သော ပုဂ္ဂိုလ်ပင်တည်း။

◆ ◆ ◆

http://www.cherrythitsar.org

## ဓမ္မပါလထေရ်အရှင်ကို ဂုဏ်ပြုကြခြင်း

ကျွန်မတို့ လူသားများ၌ ဖြစ်လေ့ဖြစ်ထရှိသော အပြုအမူတစ်ရပ်ရှိ၏။ ပုဂ္ဂိုလ်တစ်ယောက်ရှိ၏။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လူသားတို့ကောင်းကျိုး ဖြစ်စေသော အလုပ်ကို လုပ်ဆောင်သည်။ သို့လုပ်ဆောင်ခြင်းကိုလည်း အသိအမှတ်ပြုကြပါ၏။ သို့တစေ ထိုပုဂ္ဂိုလ် ကွယ်လွန်ပြီးဆိုလျှင်မူ သူ့ဆိုင်ရာ ပတ်ဝန်းကျင်လောကမှ သောင်းသောင်းဖျဖျ အမှတ်တရ ဂုဏ်ပြုကြလေတော့သည်။ ဤစကားမှာ ယေဘုယျအားဖြင့် ဖြစ်တတ်သောသဘာဝကို ဆိုပါသည်။ မင်းစိုးရာဇာများနှင့်ကား မသက်ဆိုင်ပါ။ ချွင်းချက်ဟူသည် ရှိစမြဲပင်။

အရှင်ဓမ္မပါလသူတော်စင်အဖို့ကား ဤသို့မဟုတ်၊ သူ၏လုပ်ငန်းရပ်များနှင့်ပတ်သက်ပြီး အသက်ထင်ရှားရှိစဉ်ကာလကလည်း နာမည်သတင်းမွှေးသည်နှင့်အမျှ အထိုက်အလျောက် ဂုဏ်ပြုချီးကျူးခြင်းခံရသူဖြစ်၏။ ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက်တွင်မူကား အထူးဆိုဘွယ်ရာမရှိပြီ။

သာသနာတော်ပြန့်ပွားရေးအတွက် အရှင်ဓမ္မပါလသွားလာလှုပ်ရှားခဲ့လေသော ဒေသအရပ်ရပ်ရှိ ပြည်သူများကသော်လည်းကောင်း၊ သက်ဆိုင်ရာ အကြီးအကဲများအနေဖြင့်လည်းကောင်း အထူးတလည် နည်းမျိုးစုံဖြင့် ဂုဏ်ပြု



http://www.cherrythitsar.org

ကြလေသည်။ ပျံလွန်တော်မူကာလက အနိုင်နိုင်ငံရှိ ဗုဒ္ဓဘာသာအသိုင်းအဝန်းများအနေဖြင့် ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက် ပူဇော်ဆုတောင်းပွဲများ အကြီးအကျယ်ကျင်းပခဲ့ကြသည်။ ဤကား လတ်တလော ဂုဏ်ပြုကြခြင်းဖြစ်သည်။ ပျံလွန်ပြီးနောက် ကာလရှည်ကြာလာသောအခါ အစွန့်ရှည်ရှည် တည်တံ့ခိုင်မာစေရန် ကျောက်သားပေါ်၌ ထွင်းထုထားသော ကမ္ဗည်းကျောက်စာတိုင်များ၊ ပုံတူကြေးရုပ်တု ကိုယ်တစ်ပိုင်းပုံ၊ မတ်ရပ်ပုံ အမျိုးမျိုးကို ဒေသအနှံ့ စိုက်ထူထားရှိခြင်းများ လုပ်ဆောင်ကြသည်။

စာရေးသူ ကျွန်မကိုယ်တိုင် မိဂဒါဝုန် သမင်ပေါသည့် တောရဂုံရှိ မူလဂန္ဓကုဋိကျောင်းတော်၏ ညာဘက်ဘေးနားတွင် ဓမ္မပါလအထိမ်းအမှတ် ပြတိုက်သို့လည်း ကြည့်ခဲ့ကြရသေးသည်။ ပြထားသော ပစ္စည်းများမှာ ဓမ္မပါလ၏ မိဘနှစ်ပါးဓါတ်ပုံများ၊ အရှင်မြတ် အရွယ်သုံးပါးမှ ပုံများမှစ၍ သက်လတ်ပိုင်းအရွယ်က အသုံးပြုခဲ့သော စာရေးစက္ကူကတ်၊ မှတ်တမ်းစာအုပ်၊ ဖောင်တိန်စသည်များ ကြီးရင့်သက်ရွယ်တွင် သုံးခဲ့သော သပိတ်၊ စိတ်ပုတီး၊ လက်ကိုင်တုတ်၊ ဘီးတပ်ကုလားထိုင် စသည်များအပြင် ကျိန်းစက်ရာ ကုတင် ၂လုံးလည်းပါရှိပါသည်။ သစ်သားကုတင်နှင့် ကြိုးကုတင်ဖြစ်ပါသည်။ ယင်းကုတင်များမှာ ဘာမျှအထူးတလည် ပြုလုပ်ထားခြင်းမရှိချေ။ သာမန်အရပ်သားသုံးပစ္စည်းမျိုးသာဖြစ်ပါသည်။

မွေးရာဇာတိ သီဟိုဠ် ကိုလန်ဘိုမြို့တွင်လည်း အလားတူ ပြတိုက်တစ်ခုရှိသေးသည်ဆိုပါ၏။ ကိုလန်ဘိုကား မွေးရာဒေသဖြစ်သောကြောင့် အမှတ်တရ အဆောက်အဦးများကိုလည်း တည်ဆောက်ထားသည်မှာနေရာအတော်များများတွင် ရှိသည်ဟူ၏။

ကိုလန်ဘိုမြို့၊ မြို့တော်ခန်းမကြီးနှင့် မျက်နှာချင်းဆိုင် ဝိဟာရမဟာဒေဝီပန်းခြံတွက် စိုက်ထူထားသော ဓမ္မပါလပုံတူကြေးရုပ်ကြီးမှာ မတ်ရပ်ပုံစံဖြစ်၍ ထီးထီးမားမားခန့်ညားလှပါသည်။

**(Ven: Anagarika Dhamapala, Bronze Statue in Vihara Maha Devi Park, lolobo, Sithoutted against the Town Hall.)**

ကိုလန်ဘိုရှိ ဓမ္မပါလအထိမ်းအမှတ် အဆောက်အဦးများတွင် မွေးဖွား

ရာနေအိမ်နေရာတွင်လည်း အမှတ်တရ တိုက်တစ်ခုရှိသေးသည်။ ထိုအဆောက် အဦကို စတင်ဆောက်လုပ်စဉ် သီဟိုဠ်နိုင်ငံ၏ ဝန်ကြီးချုပ် ဘန်ဒရာနာယကေ **(Mr. S.W.R.D. Bandarnaike)** ကိုယ်တိုင် ကျောက်မြစ်ချပေးပါသည်။ ထိုအခမ်း အနားတွင် ဝန်ကြီးချုပ်က မိန့်ခွန်းစကားပြောကြားရာ၌ "ကမ္ဘာကြီးသို့ သီဟိုဠ် မှပေးတဲ့ ကျေးဇူးလက်ဆောင်တွေရှိရာမှာ သီရိဒေဝမေတ္တာ ဓမ္မပါလကိုယ်တော် သည် ရှေ့တန်းမှ ပါဝင်ပါသည်" ဟူ၍ ဂုဏ်ပြုပြောကြားသွားလေသည်။

ထို့ပြင် ဓမ္မပါလအထိမ်းအမှတ်နေ့ဟူ၍လည်း နေ့တစ်နေ့ သတ်မှတ် ကာ တစ်နှစ်လျှင် တစ်နေ့ ကျင်းပကြပါသေးသည်။

ဖော်ပြရန် တစ်ရပ် ကျန်ရှိသေးသည်မှာ၊ ဓမ္မပါလအရှင် နာမကျန်း ဖြစ်နေစဉ် သူ၏ညီနှင့်တူများ၊ မိတ်ဆွေရင်းများက ဆေးကုသရန် ကူညီကြ သော ရူပီးငွေအတော်များများ ရရှိလာသည်ကို "အသင်းအတွက်သာ သုံးစွဲကြ ပါ၊ သူ့အတွက်မလိုအပ်တော့ပါ" ဟု အမိန့်ရှိကြောင်း ရှေ့တစ်နေရာတွင် ဖော်ပြခဲ့ပါသည်။

ဓမ္မပါလအရှင် ပျံလွန်တော်မူပြီးနောက် ယင်းငွေများဖြင့် ဂယာမြို့တွင် ဓမ္မသာလာ တဆောင်ကိုလည်းကောင်း၊ ကာလကတ္တားမြို့တွင် ဓမ္မရာဇိက ဝိဟာရ ကျောင်းတော်ကို လည်းကောင်း၊ ကာလကတ္တားမြို့တွင်ပင် မဟာဗောဓိ စာကြည့်တိုက်ကြီးကိုလည်းကောင်း ကောင်းစွာ ဆောက်လုပ်လှူဒါန်းထားကြလေ သည်။

အသင်းအကြီးအကဲများက ဓမ္မပါလအရှင်၏ ဆန္ဒကို ပြည့်ဝအောင် ဖြည့်ဆည်းပေးကြခြင်း ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း အစိုးရအကြီးအကဲများမှ စ၍ ပြည်သူတစ်ရပ်လုံး က ဂုဏ်ပြုကြခြင်းအား ဖော်ပြပြီးနောက် နိဂုံးစကားအနေဖြင့် အရှင်မြတ်၏ မပြီးပြတ်ခဲ့လေသော လုပ်လက်စလုပ်ငန်းများ၏ အခြေအနေကို ဖော်ပြပါဦး မည်။

ဓမ္မပါလအရှင်ဘဝဖြင့်ရင်းပြီး သာသနာရေးဆောင်ရွက်ခဲ့ရာတွင် အပြင်းပြဆုံးဆန္ဒ အချက်ကြီးလေးရပ်ရှိသည်ကို တွေ့ရပါသည်။ ယင်းအချက် များမှာ မိဂဒါဝုန်ဒေသ၊ ဗုဒ္ဓမြတ်စွာ တရားဦးဟောရာအရပ်တွင် ထိုက်ထိုက်



[illegible] Dharmapala Vidyalaya, Colombo, Ceylon, where the Hon. Mrs. Sirimavo Bandaranaike, Prime Minister of Ceylon, laid the Foundation Stone of a hall costing Rs. 300,000 to commemorate the Birth Centenary

ကိုလန်ဘိုဝန်ကြီးချုပ် ဖွင့်လှစ်ပေးသော၊
ဓမ္မပါလအိမ်နေရာ ကျောက်တိုင်



http://www.cherrythitsar.org

တန်တန် ဘုရားကျောင်းတော်ကြီးကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က စောင့်ရှောက်ခွင့်ရအောင် လုပ်ဆောင်ပေးလိုခြင်း။

ဗြိတိသျှတို့ အုပ်စိုးမှုအောက်တွင် အောက်ကျနောက်ကျရှိလှသော သီဟိုဠ်နှင့် အိန္ဒိယပြည်သူလူထုအား ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးလိုခြင်း။

ဗုဒ္ဓသာသနာတော်ကို အနောက်ဥရောပတစ်ခွင်တိုင်အောင် ပေါက်မြောက်ထွန်းလင်းစေရန် လုပ်ဆောင်ပေးလိုခြင်းများ ဖြစ်ပါ၏။ ယင်း ပဓါန အချက်များအနက် ဘယ်နှစ်ချက်အောင်မြင်ပါသနည်း။ ဆန်းစစ်ကြည့်သော်-

မိဂဒါဝုန်ဒေသ၌ မူလဂန္ဓကုဋိကျောင်းတော် တည်ဆောက်လိုသည့် ဆန္ဒမှာကား ကောင်းစွာအောင်မြင်မှုရလေပြီ။

သီဟိုဠ်နှင့် အိန္ဒိယရှိ ပြည်သူများအဖို့ ပညာရေး၊ လူမှုရေးများတွင် သုတ၊ မုတနှင့်တကွ အမြင်ကျယ်စေရန် စိုက်ပျိုးရေးကျောင်းများ၊ စက်မှုအတတ်သင်ကျောင်းများ၊ အခမဲ့ဆေးရုံများကို ဒေသအချို့တွင် ဖွင့်လှစ်ပေးနိုင်ပါသည်။ တစ်နိုင်ငံလုံးအတွက် မလုံလောက်သေးဘူးဆိုသည့်တိုင် အထိုက်အလျောက်အားဖြင့် အကျိုးဖြစ်ထွန်းစေပါသည်။

အနောက်ဥရောပသို့ သာသနာပြန့်ပွားစေလိုခြင်း ဆန္ဒမှာလည်း အတန်အသင့်အောင်မြင်ပါသည်။ ဗုဒ္ဓဘာသာဆိုသည်မှာ ဘယ်လိုဘာသာမျိုးဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ လှည့်လည်ဟောပြောရာတွင် ဓမ္မပါလသည် ရှေးဦးအကျဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆရပါသည်။

မဟာဗောဓိစေတီတော်ကြီး မဟန့်တို့လက်ရှိ အုပ်စီးထားခြင်းမှ လွတ်မြောက်စေလိုသော ဆန္ဒမှာကား မပြည့်ခဲ့ရချေ။ သို့တစေ ဗုဒ္ဓဘာသာဝင်များ ဤဒေသတွင် နစ်နာနေရခြင်းကိုကား အနှံ့အပြား သိကြရလေအောင် မဟာဗောဓိဂျာနယ်အားဖြင့် ရေးသားဖော်ဆောင်နိုင်ပါသည်။ (၁၈၉၁)ခုနှစ်မှစပြီး (၁၉၁၀)ခုနှစ်အထိ နှစ်ပေါင်း (၂၀)နည်းပါး မဟန့်တို့၏ ကြိမ်းမောင်းရိုက်နှက်ခြင်းများအား အောင့်အည်းသည်းခံပြီး အတိုက်အခံပြုကာ ဆောင်ရွက်ပါသော်ငြား ယင်းဆန္ဒတစ်ရပ်မှာ အောင်မြင်မှုရမသွားချေ။ ရှေ့ပိုင်းတစ်နေရာတွင် ဆိုခဲ့ပြီးသော ဗြိတိသျှအစိုးရတို့၏ ကူညီထောက်ပံ့မှု မရခြင်းမှာလည်း

အကြောင်းရင်းတစ်ရပ် ဖြစ်သည်။ ဤတွင် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမာ၏ အမိန့်တစ်ရပ်ကို ဖော်ပြပါမည်။

"ဗြိတိသျှအစိုးရ၏ သံသယတစ်မျိုးရှိသည်။ ယင်းတို့ထင်မြင်ပုံမှာ ဗုဒ္ဓဘာသာဝင်လူမျိုးတို့သည် တစ်တိုင်းတစ်ပြည်တည်း၌သာ ရှိသည်မဟုတ်။ အရှေ့တိုက်နှင့်တကွ ဥရောပတိုက်ရှိ အချို့သောပြည်နယ်တို့၌လည်း အနှံ့ ရှိသေးသည်။ ထိုသို့နယ်ကျယ်သော ဘာသာကြီးဖြစ်သောကြောင့် မဟာဗောဓိ ဌာနသည် ဗုဒ္ဓဘာသာဝင်တို့လက်ထဲသို့ လုံးဝရောက်သွားမည်ဆိုက လူအမျိုး မျိုးတို့သည် ဗြိတိသျှ-အိန္ဒိယနိုင်ငံတွင်းသို့ ဘာသာရေးကို ဘမ်းပြလျက် အဝင် အထွက်များပြားလွယ်ကူလာပြီး နောင်အနာဂတ်ကာလ၌ နိုင်ငံရေး ရှုပ်ထွေး လာစရာအကြောင်း နိမိတ်ကို မြင်သောကြောင့် မဟာဗောဓိဘုရားကြီးကို ဗုဒ္ဓ ဘာသာများလက်သို့ ရောက်အောင် အစိုးရက မကြိုးစားပါ။

အထက်ပါ ဦးကိတ္တိမာဆရာတော်၏ အယူအဆမှာ များစွာဖြစ်နိုင် ချေရှိပါသည်။ ဓမ္မပါလအရှင် ပျံလွန်တော်မူပြီးနောက် သူ တီထွင်လျှောက်လှမ်း ခဲ့သော လမ်းပေါ်တွင် မြန်မာနိုင်ငံကလည်း တတ်အားသမျှ ဆက်လက်ကြိုး စားခဲ့ကြပါ၏။ (၁၉၃၅) ခုနှစ်တွင် ဝတ်လုံတော်ရ ဦးသိမ်းမောင် ဒေါက်တာသိမ်း မောင်၊ ဦးဘစီ၊ မော်လမြိုင် ဦးတုတ်ဘကီး စသူလူကြီးများသည် အိန္ဒိယ အောက်လွှတ်တော်၏ ဗုဒ္ဓဂယာဥပဒေကျမ်းတင်သွင်းရန် အားထုတ်ခဲ့ကြပါ၏။ အားထုတ်ကြပါသော်ငြား အခြေအနေအရပ်ရပ်ကြောင့် အရာမထင်ကြပါ။

မဟာတ္တမဂန္ဓီ၊ ပဏ္ဍစ်ဂျဝါဟာလာနေရူးစသော ထိပ်သီးခေါင်းဆောင် ကြီးများကလည်း ထိရောက်အောင် မကူညီနိုင်ပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာသော နေရူးလက်ထက်တွင်မူ "ဘီဟာ နယ် ဗုဒ္ဓဂယာအက်ဥပဒေ"ဟူ၍ ပြဋ္ဌာန်းနိုင်ကြပါသည်။ အတန်တိုးတက်မှုရ ပြီဟု ဆိုရပါမည်။ (၁၉၇၅) ခုနှစ်ခန့်တွင် "မဟာဗောဓိစောင့်ရှောက်ရေး" ဟူသော ကော်မတီတစ်ရပ်ဖွဲ့ခဲ့သည်။ ယင်းကော်မတီတွင် ဥက္ကဋ္ဌမှာ ဘီဟာနယ် အရေးပိုင် အတွင်းရေးမှူးမှာ အိန္ဒိယဆရာတော် ကိန်းဘရစ် တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရ ကိုယ်တော်က ဆောင်ရွက်သည်။ အဖွဲ့ဝင်ဟိန္ဒူငါးဦး၊ ဗုဒ္ဓ ဘာသာဝင် အိန္ဒိယသားငါးဦး ပေါင်း (၁၀)ဦး ပါဝင်ဖွဲ့စည်းထားသည်။

**သီဟရတနာစာပေ**

http://www.cherrythitsar.org



[illegible] in Vihara Maha Devi Park, Colombo, silhouetted against the Town Hall.

ကိုလံဘိုမြို့၊ မြို့တော်ခန်းမရှေ့ရှိ
ဓမ္မပါလ ကျေးရုပ်



http://www.cherrythitsar.org



Dharmapala Day Celebrations – Devotees before the Dharmapala statue

အခြေအနေအရပ်ရပ်မှာ မဟာန့်လက်ထဲမှ ဗုဒ္ဓဘာသာဝင်များလက်သို့ တဖြည်းဖြည်း ရောက်ရှိလာတော့မည့် မျှော်လင့်ချက်ရောင်ခြည်သမ်းလာပြီဟု ထင်ရပါ၏။ သီရိဒေဝမေတ္တာမမ္မပါလ ကိုယ်တော်ကား စင်စစ်ကြီးကျယ်သော စွန့်ဦး တီထွင်သူ တစ်ပါးပင်တည်း။

**ရွှေဘိုမိမိကြီး**

♦ ♦ ♦

## အကိုးအကား

၁။ မဟာဗောဓုပ္ပတ္တိကထာကျမ်း၊ မိဂဒါဝုန် ဦးကိတ္တိမာရေးသည်။


၂။ ၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ သူရိယမဂ္ဂဇင်းမှ မူလဂန္ဓကုဋ္ဋီကျောင်းတော်ကြီးဖွင့်ပွဲဓါတ်ပုံသတင်း။

၃။ မန္တလေးမြို့က မန္တလေးတောင်၊ လူထုဒေါ်အမာရေးသည်။

၄။ ၁၉၄၄ခုနှစ်မှ ၁၉၅၈ခုနှစ်အထိ၊ မဟာဗောဓိဂျာနယ်များ။

၅။ FLAME IN DARKNESS BY SANGHARAKSHITA

http://www.cherrythitsar.org


His last wish
Let me die soon;
Let me be born again;
I can no longer prolong my agony.
I would like to be reborn twentyfive times
to spread lord Buddha's Dharma.
Graphic Design: THIHA Group